# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# စတုတ္ထနေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၆ ရက်
## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)
## (တနင်္ဂနွေ)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီးအခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို စတင်မှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၁ ဦး ရှိတဲ့အနက် ၄၀၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၃.၇၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ။** ။ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်း အဝေး စတုတ္ထနေ့မှာ မတက်ရောက်နိုင်တဲ့အတွက် ခွင့်ပန်ကြားမည့် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်တဲ့ ကျွန်တော် တပ်ကုန်းမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးမှ ပန်ကြားမှာဖြစ်ပါတယ်။ ယနေ့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ဦးရေ ၄၃၁ ဦးအနက် ယခင်က ခွင့်ပန်ကြားထားသူ ၁၃ ဦး၊ ယနေ့ခွင့်ပန်ကြားထားသူ ၁၄ ဦး စုစုပေါင်း ၂၇ ဦး ခွင့်ပန်ကြားထားရှိပါတယ်။ ယနေ့ အသစ်ခွင့်ပန်ကြားထားသူ ၁၄ ဦးရဲ့ အမည်စာရင်းများကို တင်ပြမယ်ခင်ဗျား။ ယနေ့ ၉-၇-၂၀၁၂ ရက်နေ့ ခွင့်ပန်ကြားထားသူ ၁၄ ဦးမှာ တော့-

(၁) တပ်မတော်သားကိုယ်စားလှယ်ဖြစ်တဲ့ ဗိုလ်မှူးကြီးဌေးနိုင်ဟာ နေမကောင်းပါသဖြင့် ယနေ့ ၉-၇-၂၀၁၂ ရက် ခွင့် ၁ ရက်ကို လည်းကောင်း၊

(၂) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိမ်းသည် ပြည်ပသို့ သွားရောက်ဆေးကုရန်ရှိပါသဖြင့် ယနေ့မှ ၁၃-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၅ ရက်ကိုလည်းကောင်း၊

(၃) ဓနုဖြူမဲဆနယ်မှ ဦးကြည်တင့်သည် နေမကောင်းပါသဖြင့် ယနေ့၉-၇-၂၀၁၂ ရက်မှ ၁၁-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်ကို လည်းကောင်း၊

(၄) မြစ်ကြီးနားမဲဆန္ဒနယ်မှ ကိုယ်စားလှယ်ဖြစ်သူ ဦးသိန်းဇော်သည် နေမကောင်းပါသဖြင့် ယနေ့ ၁ ရက်အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း၊

(၅) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေးသည် နေမကောင်းပါသဖြင့် ယနေ့ ၉-၇-၂၀၁၂ မှ ၁၀-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်ကို လည်းကောင်း၊

(၆) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်းသည် မိခင်ကွယ်လွန်သွားပါသဖြင့် ယနေ့ ၉-၇-၂၀၁၂ ရက်နေ့မှ ၁၆-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၈ ရက်ကိုလည်းကောင်း

(၇) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်သည် ဆေးစစ်ရန်ရှိပါသဖြင့် ယနေ့ ၉-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း

(၈) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်းသည် နေမကောင်းပါသဖြင့် ယနေ့၉-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၉) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ယနေ့ ၉-၇-၂၀၁၂ ရက်နေ့မှ ၁၀-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်ကိုလည်းကောင်း

(၁၀) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့် ယနေ့ ၉-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း

(၁၁) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့်သည် နေမကောင်းပါသဖြင့် ယနေ့၉-၇-၂၀၁၂ ရက် နေ့မှ ၁၀-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ် လည်းကောင်း၊

(၁၂) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးတင်မောင်သည် မိခင်နေမကောင်း ပါသဖြင့် ၉-၇-၂၀၁၂ ရက်နေ့မှ ၁၃-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၅ ရက်ကို လည်းကောင်း

(၁၃) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့်သည် နေမကောင်းပါသဖြင့် ယနေ့ ၉-၇-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း

(၁၄) အင်ဂျန်းယန်းမဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူသည် ဆေးစစ်ရန်ရှိပါသဖြင့် ယနေ့ ၉-၇-၂၀၁၂ အား ခွင့် ၁ ရက်အဖြစ်လည်းကောင်း စုစုပေါင်း ၁၄ ဦးအား ကိုယ်စားလှယ်များ ကိုယ်စား ခွင့်ပန်ကြားအပ်ပါကြောင်း ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက် ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေထောင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်(ဩဘာသံများ)

# ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**လူမှုရေးအသင်းများအား လုပ်ငန်းသုံးယာဉ်များကို အခွန်ကင်းလွတ် တင်သွင်းပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုးအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်စိုး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးစိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ပထမ ဆုမွန်ကောင်းတောင်းအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ၂၃-၄-၂၀၁၂ နေ့ကတည်းက မေးမြန်းထားတဲ့မေးခွန်း ဖြစ်ပါတယ်ခင်ဗျား။ ယခုအခါမှာ မြန်မာနိုင်ငံတစ်ဝန်းမှာ လူမှုကူညီရေးအသင်းများ ပေါ်ပေါက်လာပြီးတော့ ပြည်သူလူထုရဲ့ နာရေးကိစ္စများကိုယာဉ်ကားများနဲ့ ကူညီဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးနှင့်ထိခိုက်မှုများရှိလို့ရှိရင် ယာဉ်ကားများနှင့် ကူညီဆောင်ရွက်ပေးခြင်းများ ရှိပါတယ်။ ဒီလိုကူညီဆောင်ရွက်ပေးတဲ့အတွက်ကြောင့်လည်း ပြည်သူလူထုက အားကိုးအားထား ပြုနေရတာရှိပါတယ်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ရှိတဲ့ လူမှုရေးအသင်းများအား အသင်းရဲ့လုပ်ငန်းအကြီးအသေး၊ အဆင့်မီလုပ်ငန်းသုံး၊ နာရေးယာဉ်၊ လူနာတင်ယာဉ်များကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုပါတယ်။ အခွန်ကင်းလွတ်ခွင့်ဆိုသည်မှာ ကညနတွင် ပေးဆောင်ရသည်များကိုလည်း ကင်းလွတ်ခွင့်ပေးဖို့ ဆိုလိုရင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်

ပြည့်စုံပါစေလို့ ရှေးဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ မန္တလေးတိုင်း ဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး မေးမြန်းထားခြင်း အပေါ် ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လူနာတင်ယာဉ်၊ နာရေးယာဉ်များ တင်သွင်းခွင့် ပြုသည့်အစီအစဉ်များကို ရှေးဦးစွာရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာအခြားဝန်ကြီးဌာန များ၏ လုပ်ငန်းလိုအပ်ချက်အရ တင်သွင်းသော လူနာတင် ယာဉ်၊ နာရေးယာဉ်၊ နိဗ္ဗာန်ယာဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တင်သွင်းခွင့်ပါမစ်များ၊ လိုင်စင်များ ထုတ်ပေးလျက် ရှိပါတယ်။ လူမှုရေးအသင်းအဖွဲ့ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်း၊ သာရေးနာရေးကူညီမှုအသင်းအဖွဲ့များ အနေနဲ့ တင်သွင်းလိုပါက ၎င်းအသင်းအဖွဲ့ ဆေးရုံ၊ ဆေးခန်းများသည် သက်ဆိုင်ရာဝန်ကြီးဌာနများ မှာ တရားဝင်မှတ်ပုံတင်ခွင့်ပြုထားသော အသင်းအဖွဲ့၊ ဆေးရုံ၊ ဆေးခန်းများ ဖြစ်ရန် လိုအပ်ပါတယ်။ လျှောက်ထားလာမှုများအပေါ် မော်တော်ယာဉ် တင်သွင်းမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက် ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တင်သွင်းခွင့် လိုင်စင်ပါမစ်များ ထုတ်ပေးမှာ ဖြစ်ပါတယ်။ ဆက်လက်၍ လူမှုရေးအသင်းအဖွဲ့ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်း၊ သာရေးနာရေးကူညီမှု အသင်းအဖွဲ့များမှ တင်သွင်းလာသော အဆိုပါ လူနာတင်ယာဉ်၊ နာရေးယာဉ်များအတွက် ပေးဆောင် ရမည့် အခွန်ကိစ္စ၊ ယာဉ်မှတ်ပုံတင်ခကိစ္စများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ညွှန်ကြားချက်များဖြင့် ပေါင်းစပ်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် လူနာတင်ယာဉ်များ ကို အကောက်ခွန် (Custom Duty) ၁ ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax) ၅ ရာခိုင်နှုန်း ကောက်ခံလျက်ရှိပါတယ်။ သို့သော် အဆိုပါအသင်းအဖွဲ့များအနေဖြင့် အခွန်ကင်းလွတ် သက်သာခွင့် လိုအပ်၍ လျှောက်ထားမည်ဆိုပါက အဆိုပါယာဉ်များသည် အသင်းအဖွဲ့၏ အမည် ပေါက်ရန် လိုအပ်ပြီး စီးပွားဖြစ်သုံးရန်မဟုတ်ဘဲ လူမှုရေးကိစ္စသက်သက်သာ အသုံးပြုရန်ဖြစ်ကြောင်း အကျိုးအကြောင်းဖော်ပြ၍ ကိစ္စတစ်ရပ်ချင်းအလိုက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ လျှောက် ထားရန် လိုအပ်ပါတယ်။ ဝန်ကြီးဌာနမှ ကိစ္စရပ်တစ်ခုချင်းစိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အတည်ပြုချက်ဖြင့် ကင်းလွတ်ခွင့် အမိန့်ကြော်ငြာစာ ဆောင်ရွက်ပေး နိုင်ပါတယ်။ နိဗ္ဗာန်ယာဉ်များ အား ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၁၀/၂၀၁၂ နှင့် ၃၁၂/၂၀၁၂ တို့အရ အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များအား

ကင်းလွတ်ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ရဲ့ ဖြေကြားချက်အရ လူနာတင်ယာဉ်များမှာ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများ အပိုဒ် ၂၂(ဂ) ၃ အရ မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ရှိသော်လည်း နိုင်ငံပိုင်ဌာနအဖွဲ့အစည်းများအနေဖြင့် မှတ်ပုံတင်ထားသည့် ပြည်သူ့ဆေးရုံ၊ ဆေးပေးခန်းများ၊ ကျန်းမာရေးဌာနများတွင် အများပြည်သူကျန်းမာရေးအတွက် အသုံးပြုသော လူနာတင်ယာဉ်များကိုသာ မှတ်ပုံတင်အခွန်အခ ကင်းလွတ်ခွင့် ပြုထားပါတယ်၊ ပုဂ္ဂလိက အဖွဲ့အစည်း ဆေးရုံအထူးကုဆေးခန်းများတွင် အသုံးပြုရန် တင်သွင်းသော လူနာယာဉ်များအတွက်ကို ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခအဖြစ်၁၀ ရာခိုင်နှုန်း ကောက်ခံမှာ ဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ဘာသာရေး အဖွဲ့အစည်းများ၊ လူမှုကူညီရေး အသင်းအဖွဲ့များ၏ နာရေးကူညီမှုအဖြစ် အသုံးပြုမည့် နိဗ္ဗာန်ယာဉ်များအား မှတ်ပုံတင်ပေးရာတွင် ပြည်ပမှ မူလစက်ရုံထုတ်ပုံစံ နိဗ္ဗာန်ယာဉ်များအပြင် ယာဉ်အမျိုးအစားအလိုက် ပြည်တွင်း၌ နိဗ္ဗာန်ယာဉ်အဖြစ် ပြုပြင်ထားသည့် ယာဉ်များကိုလည်း မှတ်ပုံတင်ပေးလျက် ရှိပါတယ်။ နာရေး ကူညီမှုအသင်းအဖွဲ့များအနေဖြင့် ပြည်ပမှတင်သွင်းလာသောယာဉ်ကို နိဗ္ဗာန်ယာဉ်အဖြစ် ပြည်ထဲရေး ဝန်ကြီးဌာန၏အသင်းအဖွဲ့ မှတ်ပုံတင်ခွင့်ပြုစာအရ မှတ်ပုံတင်ခွင့်လျှောက်ထားလာပါက မှတ်ပုံတင် ခွင့်ပြုပြီးတော့ မှတ်ပုံတင်သက်တမ်းတစ်လျှောက်မှာ နိဗ္ဗာန်ယာဉ်အဖြစ်သာ အသုံးပြုခွင့်ရှိ၍ နိဗ္ဗာန် ယာဉ်အမျိုးအစားမှ အခြားယာဉ်အမျိုးအစားသို့ ပြန်လည်ပြောင်းလဲခွင့်မပြု၊ ကန့်သတ်ချက်ဖြင့် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**သတ္တုတွင်းဥပဒေအရလက်လုပ်လက်စားလုပ်ကွက်များခွင့်ပြုပေးရန်နှင့် သတ္တုတွင်းဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်နှင့် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ပေးထားခြင်းရှိ၊ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးဆွေ၊ တနိုင်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်၊

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုတောင်း ရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဆွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သတ္တုတွင်းဥပဒေအရလက်လုပ်လက်စား လုပ်ကွက်များခွင့်ပြုပေးရန်နှင့် သတ္တုတွင်းဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်နှင့် လိုအပ်သော

အမိန့်၊ ညွှန်ကြားချက်များထုတ်ပြန်ပေးထားခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းများမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကချင်ပြည်နယ်မှာတိုင်းရင်းသားလူမျိုးများစွာနေထိုင်ကြပြီး ကျောက်မျက်ရတနာ၊ သတ္တု၊ စက်မှုကုန်ကြမ်းပစ္စည်းအစရှိသော ဓာတ်သတ္တု၊ တွင်းထွက်သယံဇာတအရင်းအမြစ်များပေါများကြွယ်ဝသော ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဒေသခံတိုင်းရင်းသားများဟာ ရှေးနှစ်ပေါင်းများစွာကလည်း မိမိ၏စားဝတ်နေရေးအတွက် လယ်ယာလုပ်ငန်းအပြီး ပွင့်လင်းရာသီကာလမှာ အပိုဝင်ငွေရရှိအောင်ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းကို လက်လုပ်လက်စား၊ တစ်ပိုင်တစ်နိုင်လုပ်ကိုင်လျက်ရှိကြပါတယ်။ ထိုသို့လုပ်ကိုင်ရာမှာ ရွှေသတ္တုထွက်ရှိနိုင်သည်ဟုယူဆသော နေရာများစွာ၌စမ်းသပ်ရှာဖွေလုပ်ကိုင်ကြရပါတယ်။ ကုန်ကျစရိတ်အဆုံးရှုံးခံ၍စမ်းသပ်ရှာဖွေကြရပါတယ်။ ဥပဒေအရ တရားဝင်လုပ်ကိုင်ခွင့်မရှိသဖြင့် ဒေသခံတိုင်းရင်းသားပြည်သူများဟာ အောက်ခြေအုပ်ချုပ်ရေးအာဏာပိုင်များ၏စာနာစွာခွင့်ပြုမှုအောက်တွင်သော်လည်းကောင်း၊ မိမိတို့အစီအစဉ်ဖြင့်သော်လည်းကောင်း ရွှေတူး ဖော်လုပ်ကိုင်လျက်ရှိကြရာမှာ ပြည်သူများမှာ ဥပဒေချိုးဖောက်မှန်းမသိ ချိုးဖောက်လုပ်ကိုင်စားသောက်လျက်ရှိကြပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁ မှာ နိုင်ငံတော်သည် ပြည်သူများအလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှကူညီဆောင်ရွက်ရမည်။ အခြေခံဥပဒေပုဒ်မ ၂၂ (ဂ) မှာ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်ဟုဖော်ပြထားပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးမှုနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် ရှစ်ရပ်အရ ပြည်သူတို့၏လိုအင်ဆန္ဒတွေကိုဖြည့်ဆည်းဆောင်ရွက်ပေးနေတာတွေ့ရပါတယ်။ ရွှေသတ္တုလက်လုပ်လက်စားလုပ်ကိုင်မှုကို ဥပဒေနှင့်အညီခွင့်ပြုဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံတိုင်းရင်းသားများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကိုတစ်နည်းတစ်လမ်းဖြင့် ကူညီရာရောက်မယ်လို့ထင်ပါတယ်။ မြန်မာ့သတ္တုတွင်းနည်းဥပဒေပုဒ်မ၄၃ မှာ ဝန်ကြီးဌာနအမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ဧရိယာလုပ်ကွက်များတွင် သတ္တု၊ စက်မှု၊ တွင်းထွက်ကုန်ကြမ်းပစ္စည်း သို့မဟုတ် ကျောက်များနှင့်စပ်လျဉ်းသည့် လက်လုပ်လက်စား လုပ်ကိုင်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့်ပုဂ္ဂိုလ်သည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာသတ္တုတွင်းလုပ်ငန်း သို့မဟုတ် ဝန်ကြီးဌာနကလုပ်ပိုင်ခွင့်အပ်နှင်းထားသည့်အရာရှိထံသို့ ပုံစံ ၅ ဖြင့်လျှောက်ထားရမည်ဟုဖော်ပြထားရှိပါတယ်။ ဥပဒေနှင့်အညီစနစ်တကျ ခွင့်ပြုဆောင်ရွက်စေပါက ပတ်ဝန်းကျင်ပျက်စီးမှု

ကိုလည်း ကာကွယ်ထိန်းသိမ်းစေနိုင်ပါတယ်။ သို့ဖြစ်ပါ၍ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေအရ ရွှေသတ္တုတူးဖော် ခြင်းနှင့်ပတ်သက်ပြီး အကြီးစားလုပ်ကွက်၊ အသေးစားဧက ၂၀ လုပ်ကွက်နှင့် လက်လုပ်လက်စား ၀.၅ ဧကလုပ်ကွက်များဟူ၍ ခွင့်ပြုလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ကချင်ပြည်နယ်အတွင်းတွင် ဒေသခံပြည်သူများသည် မိမိ၏စားဝတ်နေရေးအတွက် ရွှေတူးဖော်ခြင်းကို မိရိုးဖလာအစဉ်အဆက်တစ်ပိုင် တစ်နိုင်လုပ်ကိုင်လာခဲ့ရာ ထိုသို့လုပ်ကိုင်မှုကို ဥပဒေနှင့်အညီဖြစ်စေရန်အတွက် သတ္တုတွင်း ဝန်ကြီးဌာနမှ သတ္တုတွင်းဥပဒေအရ လက်လုပ်လက်စား ၅ ဧက လုပ်ကွက်များခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး မေးမြန်းလိုပါတယ်။ ကချင်ပြည်နယ်ဟာ ကျောက်စိမ်းကျောက်မျက်ရတနာထွက်ရှိရာ ဖားကန့်မြို့တည်ရှိတဲ့ပြည်နယ် ဖြစ်ပါတယ်။ ကချင်ပြည်နယ်သူ ပြည်နယ်သားများဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် ကျောက်စိမ်း၊ ရွှေ၊ သတ္တုအစရှိသည်များကိုတူးဖော်လျက်အသက်မွေး ဝမ်းကျောင်းလျက်ရှိကြပါတယ်။ သို့ဖြစ်ရာ ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်း များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၇ အရခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းကိုမှတ်ပုံတင်၍ ရတနာခွန်ထမ်းဆောင်ပြီးလျှင် ယင်းကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်၍ ကျောက်မျက်ရတနာပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့် ရှိသည်ဟုဖော်ပြထားတဲ့အတိုင်း လိုက်နာဆောင်ရွက်ကြရပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၈၈ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းနှင့် ဇယား ၄(ဂ)မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေကို ပြည်နယ်လွှတ်တော်က ဥပဒေပြုခွင့်ပြုထားပါတယ်။ သို့သော် ထိုသို့ဥပဒေပြုရာ၌ သတ္တုတွင်းဝန်ကြီးဌာန၏ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကိုအခြေခံ၍ ဥပဒေပြုရမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ကချင်ပြည်နယ်သူ ပြည်နယ်သားများဟာ ကျောက်မျက်ရတနာနှင့်ပတ်သက်သော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို ကျယ်ပြန့်စွာသိရှိနားလည် သဘောပေါက်မှုမရှိကြသည်ကိုလည်း ဝန်ခံရမည်ဖြစ်ပါတယ်။ ဥပဒေကိုကျေညက်စွာသိကျွမ်းမှုမရှိသဖြင့် ဥပဒေနှင့်မညီသော လုပ်ငန်းဆောင်ရွက်မှုတချို့ကိုလည်း တွေ့မြင်ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနောက်ဆက်တွဲဇယား၂ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှ ကျောက်မျက်ဖြတ်တောက်ခြင်း၊ သွေးခြင်းလုပ်ငန်းများ

လုပ်ကိုင်ခွင့်ပြုထားရာသတ္တုတွင်းဥပဒေနှင့်အညီ ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဖားကန့်မြို့နယ်များတွင် တရားဝင်လုပ်ကိုင်ခွင့်ရှိ၊ မရှိနှင့် သတ္တုတွင်းဝန်ကြီးဌာနမှ လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များ ပြည့်စုံစွာ ထုတ်ပြန်ပေးထားခြင်းရှိ၊ မရှိမေးခွန်းကို လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းထိုက်(ပြည်ထောင်စုဝန်ကြီး၊သတ္တုတွင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေရန်နှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေရန် ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်ဖြစ်ပါတယ်။ ကျွန်တော်သည် ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ မေးမြန်းတဲ့ ရွှေတူးဖော်ခြင်းဆိုင်ရာမေးခွန်းနှင့် ကချင်ပြည်နယ် မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဖားကန့်မြို့နယ်များမှာ ကျောက်စိမ်းကျောက်မျက်များ တရားဝင်လုပ်ကိုင်ခွင့်ရှိ၊ မရှိ။ ဒါနှင့် ပတ်သက်ပြီးတော့သတ္တုတွင်းဝန်ကြီးဌာနမှ လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ ညွှန်ကြားချက်များ ပြည့်စုံစွာထုတ်ပြန်ပေးထားခြင်းရှိ၊ မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေရဲ့ ရွှေတူးဖော်ခြင်းများကို ဥပဒေနှင့်အညီ ဖြစ်စေရန်အတွက် သတ္တုတွင်းဥပဒေအရ လက်လုပ်လက်စားများကို ၀.၅ ဧကလုပ်ကွက်များ ခွင့်ပြုပေးရန်နှင့် စပ်လျဉ်းတဲ့မေးခွန်းကို ဦးစွာဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနမှာ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းဟာ ရွှေသတ္တုနှင့်ပတ်သက်ပြီးတော့ တာဝန်ယူဆောင်ရွက်နေတဲ့ လုပ်ငန်းဌာန ဖြစ်ပါတယ်။ ရွှေသတ္တု ထုတ်လုပ်တာနှင့် ပတ်သက်ပြီးတော့မှ လက်လုပ်လက်စား သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းများကို ၂၀၀၉ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီးမှာ ၅၈ ကွက်၊ ပဲခူးတိုင်းဒေသကြီးမှာ ၁၁၈ ကွက်၊ မန္တလေးတိုင်းဒေသကြီးမှာ ၁၈၃၀ ကွက်နှင့် ရှမ်းပြည်နယ်မှာ ၅၈၅ ကွက်၊ စုစုပေါင်း ၂၅၉၁ ကွက် လုပ်ကိုင်ခွင့်များကို ယခင်အစိုးရက ခွင့်ပြုမိန့်များ ချထားပေးခဲ့ပါတယ်။ ဒီလိုချထားပေးခြင်းသည် ယခင်က ရွှေသတ္တုလက်လုပ်လက်စားလုပ်ကိုင်ခွင့်များ

ခွင့်ပြုချထားပေးရခြင်း အကြောင်းရင်းကတော့ တရားမဝင်ရွှေသတ္တုတူးဖော်မှုများ ပပျောက်စေရန်၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် စားဝတ်နေရေးပြေလည်စေရန်ဆိုတဲ့စတဲ့ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ဒေသအလိုက် ရွှေသတ္တုများ လက်လုပ်လက်စားပြုလုပ်တဲ့နေရာမှာ မြန်မာ့သတ္တုတွင်းဥပဒေပါအတိုင်း သာမန် လက်သုံးကရိယာများကိုသာအသုံးပြုပြီးတော့မှ တူးဖော်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့သော်လည်း အမှန်တကယ်လေ့လာကြည့်တဲ့အခါမှာ မြေပြင်မှာ ဒီလိုသတ္တုတွင်းဥပဒေအတိုင်း သာမန်လက်သုံး ကရိယာများကို အသုံးပြုထုတ်လုပ်ခြင်းမဟုတ်ဘဲ အသေးစားရွှေသတ္တုတူးဖော်မှုလုပ်ငန်းကို ဥပဒေ အရပေးသကဲ့သို့ စက်ကိရိယာများကိုအသုံးပြုလုပ်ကိုင်တူးဖော် လာတာကိုတွေ့ရပါတယ်။ ဒီလို လက်လုပ်လက်စားတွေ စက်ကိရိယာကို အသုံးပြုလုပ်ကိုင်တဲ့အတွက် လုပ်ကိုင်ခွင့်ရတဲ့နယ်မြေတွေမှာ အငြင်းပွားမှုတွေမကြာခဏဖြစ်ပွားတာကိုတွေ့ရပါတယ်။ ဒါ့အပြင် အသေးစားလုပ်ငန်း၊ သာမန် လက်လုပ်လက်စားလုပ်ငန်းတွေဖြစ်တဲ့အတွက် အသေးစားလုပ်ငန်းများကဲ့သို့ စာချုပ်စာတမ်းများ၊ ဥပဒေ၊ စည်းကမ်းများနှင့် ထိန်းချုပ်နိုင်မှုအားနည်းတဲ့အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အပိုင်းမှာအားနည်းပြီးတော့ မလိုလားအပ်သော သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများဖြစ်ပေါ် လျက်ရှိကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် ဒီလုက်လုပ်လက်စားလုပ်ငန်းတွေက ရွှေသတ္တုတွေထုတ်ခြင်းသည် ကျွန်တော်တို့အနေနဲ့ ရွှေသတ္တုထုတ်လုပ်တဲ့စာရင်း၊ ဘယ်လောက် ထုတ်လုပ်နိုင်တယ်၊ ဘယ်လောက်ရတယ်ဆိုတာ စာရင်းဇယားကောက်ယူရရှိခြင်း မရှိတာကို တွေ့ရ ပါတယ်။ ဒါကြောင့် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနှင့် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ရွှေသတ္တုတူးဖော်ထုတ်လုပ်တဲ့နေရာမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး၊ မြစ်ချောင်းများ၊ မြေများမထိခိုက်မပျက်စီးနိုင်ရေး၊ ရွှေသတ္တုထုတ်လုပ်တဲ့စာရင်းဇယားများကို စနစ်တကျကောက်ယူ ရရှိနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ကုန်ဆုံးတဲ့အချိန်ကစပြီးတော့ လက်လုပ်လက်စား လုပ်ကိုင်ခွင့်ခွင့်ပြုခြင်း မရှိတော့ပါဘူး။ ယခင်ခွင့်ပြုပြီးသားများကိုလည်း သက်တမ်းကုန်သွားတဲ့ အခါမှာ ထပ်မံချပေးခြင်းမရှိတော့ပါဘူး။ ဒီလိုမချပေးတော့ဘဲနဲ့ လက်လုပ်လက်စားလုပ်ကိုင်တဲ့သူ များဟာ အနည်းဆုံးစုပေါင်းပြီးတော့မှ ရွှေသတ္တုအသေးစားကိုတရားဝင်ထုတ်လုပ်ခွင့်လုပ်မယ်ဆိုရင် လုပ်နိုင်အောင် ခွင့်ပြုမိန့်များ ထုတ်ပေးလျက်ရှိပါတယ်။ ရွှေသတ္တုအသေးစားထုတ်လုပ်ရေးကို သက်ဆိုင်ရာဒေသခံပြည်သူများမှ တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့ဖြင့်ဖြစ်စေ၊ အများပိုင်ကုမ္ပဏီများ ထူထောင်၍ဖြစ်စေ ဆောင်ရွက်နိုင်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ရွှေသတ္တုအသေးစား

ထုတ်လုပ်ရေးလုပ်ငန်းလုပ်ချင်တဲ့နေရာများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိတဲ့ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ အထွေထွေမန်နေဂျာရုံးများမှာ သွားရောက်ဆက်သွယ်လျှောက်ထားပြီး သတ်မှတ်ထားတဲ့ အချက်အလက်စည်းမျဉ်းစည်းကမ်းများနှင့်ပြည့်စုံပါက လွယ်ကူလျင်မြန်စွာ လုပ်ကိုင်ခွင့်များရရှိနိုင်အောင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၀၉ ခုနှစ်ကစပြီးတော့ ၂၀၁၁ ခုနှစ် အထိ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းကို ကချင်ပြည်နယ်မှ ရွှေသတ္တုလက်လုပ်လက်စားထုတ်လုပ်လို တဲ့အတွက် လုပ်ပါရစေလို့လျှောက်ထားတဲ့သူများမခဲ့ရှိကြောင်းစိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့် ကချင်ပြည်နယ်မှာ လက်လုပ်လက်စား ၀.၅ ဧကလုပ်ကွက်ဖြင့် ရွှေသတ္တုတူးဖော်တဲ့လုပ်ငန်းဟာလည်း အလိုလျောက်တိမ်ကောပပျောက်လျက်ရှိကြောင်းသိရပါတယ်။ ဒေသခံပြည်သူတွေဟာ တစ်ဦးချင်း ဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ၊ အများပိုင်ကုမ္ပဏီများ ထူထောင်ပြီးတော့မှ ရွှေသတ္တုအသေးစားတူးဖော် ထုတ်လုပ်တဲ့စနစ်ကိုပဲ လက်ရှိကျင့်သုံးနေတာဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့မဝေးတဲ့ အနာဂတ် ကာလမှာလည်း ဒီကုမ္ပဏီတွေဟာ တစ်ခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းပြီးတော့မှ အများပိုင် ပုဂ္ဂလိက ကုမ္ပဏီကြီးများအဖြစ် တိုးမြှင့်ထူထောင်သွားမယ့် အစီအစဉ်တွေ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ပူးပေါင်းပြီးတော့ ရွှေသတ္တုအကြီးစားထုတ်လုပ်မှုကို စနစ်တကျပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေရဲ့ ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများသည် မိမိတို့၏ စားဝတ်နေရေးအတွက် ရွှေသတ္တုတူးဖော်ခြင်းကို မိရိုးဖလာအစဉ် အဆက်တစ်ပိုင်တစ်နိုင်လုပ်ကိုင်မှုအဖြစ် ဥပဒေနှင့်အညီ ဖြစ်စေရန် လက်လုပ်လက်စား ၀.၅ ဧက လုပ်ကွက်များခွင့်ပြုရေးရန်အစီအစဉ်ရှိ၊ မရှိမေးမြန်းချက်နှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေး၊ မြစ်ချောင်းများနှင့် မြေများမထိခိုက်မပျက်စီးနိုင်ရေး နိုင်ငံတော်မှာ ရွှေသတ္တုထုတ်လုပ်မှုစာရင်းဇယားကို မှန်ကန်စွာ ရရှိနိုင်ရေးအပြင် လက်ရှိကျွန်တော်တို့ ကြုံတွေ့နေရတဲ့ဖြစ်ပေါ်နေတဲ့နယ်မြေ တည်ငြိမ်အေးချမ်းမှု မရှိသေးတဲ့အခြေအနေများကြောင့် လက်လုပ်လက်စားရွှေသတ္တုတူးဖော်လုပ်ကိုင်ခွင့်ကို ခွင့်ပြု ဆောင်ရွက်ပေးနိုင်ခြင်းမရှိကြောင်း ဖြေကြားအပ်ပါတယ်။ ရွှေသတ္တုတူးဖော်လိုသော ပုဂ္ဂိုလ်များ၊ အများပိုင်ကုမ္ပဏီများသည် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း များနှင့်အညီ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင် ကြောင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ကျောက်မျက်၊ ကျောက်စိမ်းများဖြတ်တောက်ခြင်း၊ သွေးခြင်းများကို ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်မြို့နယ်တွေမှာ တရားဝင်လုပ်ကိုင်ခွင့်

ရှိ၊ မရှိနှင့်ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ သတ္တုတွင်းဝန်ကြီးဌာနက လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များပြည့်စုံစွာထုတ်ပြန်ပေးထားခြင်းရှိ၊ မရှိနှင့်ပတ်သက်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနသည် ၁၉၉၅ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)ပါအရ ကျောက်မျက်ရတနာစီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်းသတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့်နယ်မြေကိုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ်အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည်ဟုပါရှိပါတယ်။ ဒါကြောင့် ကချင်ပြည်နယ်၊ လုံးခင်း၊ ဖားကန့်ဒေသကို သတ္တုတွင်းဝန်ကြီးဌာနရဲ့ ၁၈-၁၀-၂၀၀၁ ရက်စွဲဖြင့် လုံးခင်း၊ ဖားကန့်ဒေသကို ရတနာနယ်မြေဖြစ်ကြောင်း၊ မိုးညှင်းဒေသကိုလည်း မော်လူးမော်ဟန်ရတနာနယ်မြေဖြစ်ကြောင်း သတ်မှတ်ခဲ့ပါတယ်။ အဆိုပါသတ်မှတ်ထားတဲ့ ရတနာနယ်မြေတွေမှာ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဟာ ကျောက်မျက်တူးဖော်ခွင့်၊ ထုတ်လုပ်ခွင့်ရရှိတဲ့ နိုင်ငံသားများပိုင်ကုမ္ပဏီ၊ သမအသင်းများ၊ ပုဂ္ဂလိကအသင်းများကို ကျောက်မျက်ရတနာအရိုင်း တူးဖော်ထုတ်လုပ်ခွင့်ကိုတည်ဆဲ မြန်မာ့ကျောက်မျက်ရတနာဥပဒေနည်းဥပဒေများနှင့်အညီ တူးဖော်ရောင်းချနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီနှင့် ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားရေး၊ စစ်ဆေးရေး၊ ကြီးကြပ်ရေးလုပ်ငန်းကော်မတီများရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ လုပ်ကိုင်ခွင့်ပြုမိန့်များ ချထားပေးလျက်ရှိပါတယ်။ အလားတူ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း၌ သတ္တုကဏ္ဍနှင့်ပတ်သက်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းပြုလုပ်နိုင်တယ်လို့ ထည့်သွင်းဖော်ပြ ထားပြီးဖြစ်ပါတယ်။ ဒါ့အပြင် သတ္တုတွင်းဝန်ကြီးဌာနဟာ ၁၉၉၅ ခုနှစ် မြန်မာ့ကျောက်မျက် ရတနာဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)တို့မှာပါရှိတဲ့ အောက်ပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါတယ်။ အဲ့ဒီအချက်များကတော့ (က) မြန်မာနိုင်ငံမှာထွက်ရှိတဲ့ ကျောက်မျက်ရတနာနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့်လက်ဝတ်ရတနာ ဈေးကွက်ရာနှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်။ (ခ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများကို ကုမ္ပဏီနှင့်သမဝါယမအသင်းများအား လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုရန်။ (ဂ) ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာများကို အချိန်အခါ

မရွေးလွတ်လပ်စွာရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ကျောက်မျက်ရတနာဈေးများ ဖွင့်လှစ်ထားရှိရန်၊ (ဃ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌တရားမဝင်ထုတ်လုပ်ခြင်းများ ပပျောက်စေပြီး ပြည်ပသို့တရားမဝင်သယ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီး နှိမ်နှင်းရန်တို့ ဖြစ်ပါတယ်။ အဲ့ဒီတော့ သတ္တုတွင်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အတွင်းကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် ရာနှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် ကျောက်မျက်ရတနာများပြည်တွင်းမှာတရားမဝင်ထုတ်လုပ်ခြင်းများပပျောက်စေပြီး ပြည်ပသို့တရားမဝင်ထုတ်ဆောင်ခြင်း၊ သယ်ဆောင်ခြင်းနှင့် ရောင်းချခြင်းများကိုကာကွယ်တားဆီးရန် အောက်ဖော်ပြပါ နယ်စပ်ဒေသ ၁၉ ခုမှာ ရတနာခွန်ဆောင်ပြီးဖြစ်စေကာမူ ကျောက်မျက်ရတနာအရိုင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရရှိဘဲ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုရန်၊ ခွင့်ပြုချက်မရရှိဘဲ လက်ဝယ်ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုပါက မြန်မာ့ကျောက်မျက်ရတနာဥပဒေအရအရေးယူခံရမည်ဖြစ်ကြောင်း သတ္တုတွင်းဝန်ကြီးဌာနရဲ့ ၄-၁၂-၁၉၉၇ ခုနှစ်ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၁/၁၉၉၇ ဖြင့်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီနယ်စပ်ဒေသများကတော့ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လွယ်ဂျယ်ဒေသ၊ ဝိုင်းမော်မြို့နယ် ကန်ပတ်ကြီးကျေးရွာ၊ ချီဖွေမြို့နယ် ပန်းဝါ ခေါ် ချန်ယေးကြီးကျေးရွာ၊ ချီဖွေမြို့နယ် လွိုင်ကန်ကျေးရွာ၊ ကရင်ပြည်နယ် မြဝတီမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့နယ်၊ ချင်းပြည်နယ် တီတိန်မြို့နယ် ကျီခါးကျေးရွာအုပ်စု စစ်ကိုင်းတိုင်း တမူးမြို့နယ်၊ နန်းယွန်းမြို့နယ် ပန်ဆောင်ကျေးရွာ၊ တန ် သာရီတိုင်း ကော့သောင်းမြို့နယ်၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်၊ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်၊ ကျိုင်းတုံမြို့နယ် မိုင်းလားကျေးရွာအုပ်စု၊ တန့်ယန်းမြို့နယ် ပန်ဆန်းကျေးရွာ၊ ဟိုပန်မြို့နယ် နမ့်တစ်ကျေးရွာ၊ တာချီလိတ်မြို့နယ်၊ မိုင်းတုံမြို့နယ် ပုံပါကျင်ကျေးရွာအုပ်စုဆိုပြီးတော့ တရားဝင်အမိန့်ထုတ်ပြန်သတ်မှတ်ထားတာဖြစ်ပါတယ်။ သို့သော်လည်း ဤကဲ့သို့ဥပဒေထုတ်ပြန်ပြီး ဆောင်ရွက်ခဲ့သော်လည်း လုံးခင်း၊ ဖားကန့်ရတနာနယ်မြေမှထွက်ရှိသော ကျောက်စိမ်းအရိုင်းများကို မြစ်ကြီးနားမြို့မှတစ်ဆင့် ပြည်ပသို့တရားမဝင် သယ်ဆောင်ရောင်းချခြင်းများရှိနေကြောင်း သိရှိရပါသဖြင့် ကျောက်မျက်ရတနာ၊ ကျောက်စိမ်းရတနာပစ္စည်းအမျိုးမျိုးတို့ကို ပြည်ပသို့တရားမဝင်သယ်ဆောင်ရောင်းချခြင်းများကို ထိရောက်စွာတားဆီးနိုင်အောင် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ၅-၃-၂၀၀၀ ရက်စွဲပါဒေသန္တရအမိန့်စာအမှတ် ၂၀၀၀/၁ ဖြင့် ကျောက်စိမ်း

အရိုင်းနှင့် အချောထည်များအပါအဝင် ကျောက်မျက်ပစ္စည်းအမျိုးမျိုးတို့ကို ကိုယ်ပိုင်သုံးစွဲဝတ်ဆင်ထားခြင်းမှအပ အခြားတစ်နည်းနည်းဖြင့် အသုံးပြုရန်အတွက် သယ်ဆောင်ရာမှာ မြစ်ကြီးနားခရိုင်အတွင်း မြစ်ကြီးနားမြို့နယ်နိမိတ်မှကျော်လွန်၍ မေခမြစ်၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းဧရိယာများသို့လည်းကောင်း၊ ဗန်းမော်ခရိုင်မှ ပြည်ပသို့သွားနိုင်တဲ့လမ်းပေါက်ဖြစ်တဲ့ ဗန်းမော်မှ မိုးမောက်၊ ဗန်းမော်မှ မံစီဒေသတွေမှာ ဗန်းမော်မြို့နယ်နိမိတ်ကိုကျော်လွန်၍လည်းကောင်း သယ်ယူခြင်းမပြုရဟု အမိန့်ထုတ်ပြန်ကြေညာထားခဲ့ပြီးဖြစ်ပါတယ်။ ဒီအမိန့်တွေဟာ ဒီနေ့အထိတည်ဆဲဖြစ်ပါတယ်။ ဖားကန့်မြို့နယ်မှာ ရတနာခွန်ပေးဆောင်ပြီးသော ကျောက်စိမ်းအရိုင်းတုံးများနှင့် ဖြတ်တောက်ပြီးသော ကျောက်စိမ်းအရိုင်းတုံးများကို သတ္တုတွင်းဝန်ကြီးဌာန၏ ၇-၁၀-၂၀၀၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ ၁၄၄/၂၀၀၇ ဖြင့် လုံးခင်း-ဖားကန့်မှ မိုးကောင်း၊ မိုးကောင်းမှ ရန်ကုန်သို့သာ သယ်ယူခွင့်ပြုထားပါတယ်။ ဒီနောက် ၂၂-၅-၂၀၁၂ ရက်စွဲပါ သတ္တုတွင်းဝန်ကြီးဌာန၏အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၂ ဖြင့် လုံးခင်း-ဖားကန့်မှ မိုးကောင်း၊ မိုးကောင်းမှ နေပြည်တော်၊ မိုးကောင်းမှ ရန်ကုန်သို့လည်းကောင်း၊ မိုးညှင်းမှ နေပြည်တော် မိုးညှင်းမှ ရန်ကုန်သို့လည်းကောင်း သယ်ယူခွင့်ပြုထားပါတယ်။ ကျောက်စိမ်းလုပ်ငန်းရှင်များအနေဖြင့် သူတို့တူးဖော်ထုတ်လုပ်ထားတဲ့ ကျောက်စိမ်းအရိုင်းအားလုံးနီးပါးကိုလည်း နေပြည်တော်မှာကျင်းပလျက်ရှိတဲ့ ကျောက်မျက်ရတနာပြပွဲကိုတင်ပြရောင်းချနိုင်ရေးအတွက် နေပြည်တော်နှင့် ရန်ကုန်ကိုသာ သယ်ယူပြီးတော့မှရောင်းချခြင်းများဆောင်ရွက်လျက်ရှိပါတယ်။ များသောအားဖြင့် ဖားကန့်မှ ရန်ကုန်၊ ဖားကန့်မှ နေပြည်တော်အထိသာသယ်ယူပြီး အများဆုံးဖြတ်တောက်ခြင်း၊ အရောင်တင်ခြင်းများပြုလုပ်လျက်ရှိပါတယ်။ ရတနာပြပွဲမှာ တင်ပြပြီးမရောင်းချရသောကျောက်စိမ်းအတွဲများကိုလည်း နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတို့မှာ ထပ်မံဖြတ်တောက်ခြင်း၊ လက်ကောက်၊ ပုတီးစသည့် အချောထည်များပြုလုပ်ခြင်များကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်းသိရှိရပါတယ်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ္တုကဏ္ဍနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းကိုထည့်သွင်းဖော်ပြထားသဖြင့် မိုးကောင်း၊ မိုးညှင်း၊ ဖားကန့်မြို့နယ်များမှာ ကျောက်စိမ်းများ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ ရုပ်ထုရုပ်ထွင်း၊ လက်ကောက်၊ ပုတီးပြုလုပ်ခြင်း၊ ရောင်းချခြင်းတို့ကို သတ္တုတွင်းဝန်ကြီးဌာနကထုတ်ပြန်ထားတဲ့ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာ အရိုင်းများ ဖြတ်တောက်ခြင်း၊

သွေးခြင်းလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့ကျောက်မျက် ရတနာဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဃ)ဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်ရန်တင်ပြထားတဲ့ ဥပဒေမှာလည်း ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းများကို ဖြတ်တောက်ခြင်း၊သွေးခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရထံလျှောက်ထားရမည်ဟု ဖြည့်စွက်ပြင်ဆင်ထားရှိပြီးတော့မှ အတည်ပြုနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**လေယာဉ်ကွင်း တည်ဆောက်ပေးရန်နှင့် လေယာဉ်ပြေးဆွဲပေးရန် နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများရှင့်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ချင်းပြည်နယ်သည် ပြည်နယ်နှင့် တိုင်း ၁၄ ခုထဲမှာ ပြည်နယ်တခုဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ကျွန်မတို့ ချင်းပြည်နယ်သည် အခြားပြည်နယ်နှင့် တိုင်းကဲ့သို့ တန်းတူဖြစ်အောင် လေယာဉ်ကွင်းကို ယခုအစိုးရသစ်မှာ တည်ဆောက်ပေးသင့်ပါတယ်ရှင်။ ကျွန်မတို့ ချင်းတိုင်းရင်းသားများသည် အခြားပြည်နယ်နှင့်တိုင်းကဲ့သို့ အချိန်တိုတိုအတွင်း သွားလာမှုလွယ်ကူစေရန် လမ်းမှာ ၂ ရက်၊ ၃ ရက်ကြာ အိပ်မရ၊ စားမရဖြင့် သွားလာနေသော ချင်းတိုင်းရင်းသားများကို ကိုယ်ချင်းစာနာစိတ်ဖြင့် တစ်ပတ်မှာ အနည်းဆုံး ၂ ကြိမ် ပြေးဆွဲပေးပြီး လေယာဉ်ကွင်းကို ချင်းပြည်နယ်မြို့တော် ဟားခါးမြို့နှင့်အနီးစပ်ဆုံးနေရာတွင် တည်ဆောက်ပေးပါရန် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းတဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ စောစောပိုင်းက

ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့အတိုင်းပဲ ချင်းပြည်နယ်ဟာဆိုရင် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ အစွန်အဖျားမှာရှိပါတယ်။ ရေမြေအားဖြင့်ဆိုရင်လည်း တောတောင်များ ထူထပ်ပြီးတော့ မြေပြန့်မရှိပါဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့နိုင်ငံတော်အနေနဲ့ အဆက်ဆက်က နေပြီးတော့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေကြောင်းပို့ဆောင်ရေးနဲ့ ပတ်သက်ပြီးတော့ အမြဲတမ်းထည့်သွင်းစဉ်းစားပြီးတော့ ကြိုးစားပမ်းစားလုပ်ခဲ့တာလေးကို ကျွန်တော်တင်ပြမှာ ဖြစ်ပါ တယ်။ ပထဦးဆုံး ချင်းပြည်နယ်မှာ ပလက်ဝလေယာဉ်ကွင်း ချင်းပြည်နယ် ဟားခါးမြို့နယ်ရဲ့ အနောက်တောင်ဘက် မိုင် ၁၁၀ ခန့်အကွာ မြောက်လတ္တီကျူ ၂၁ ဒီဂရီ ၁၇ မိနစ် အရှေ့ လောင်တီတွက် ၉၂ ဒီဂရီ ၅၅ မိနစ်နဲ့ ပင်လယ်ရေပြင်ထက် ၂၅၀ ပေမှာ ရှိပါတယ်။ ချင်းပြည်နယ်ရဲ့ တောင်ဖျားမှာရှိပါတယ်။ အဆိုပါလေယာဉ်ကွင်းဟာ ဒုတိယကမ္ဘာစစ်တုန်းက မဟာမိတ်လေယာဉ်တပ် များ အသုံးပြုခဲ့တဲ့အလျား ၁၆၀၀ ပေ အကျယ်ပေ ၁၀၀ ရှိတဲ့ လေယာဉ်ကွင်းဟောင်းဖြစ်ပြီးတော့ ဒီလေယာဉ်ကွင်းဟာဆိုလို့ရှိရင် ကျွန်တော်တို့ ချင်းပြည်နယ်အတွက် လေကြောင်းပို့ဆောင်ရေးအနေနဲ့ လေယာဉ်ကွင်းတစ်ခု ဖြစ်နိုင်ကောင်းရယ်လို့ ယူဆပြီးတော့ ၁၉၇၇ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှာ လေယာဉ်ပြေးလမ်းကို ပေ ၂၀၀ တိုးချဲ့ပြီးတော့ ပြုပြင်ခဲ့တာ ကြောင့်မို့လို့ အလျားပေ ၁၈၀၀ နောက်တစ်ခါ အရှိန်သတ်စွန်း ပေ ၁၀၀ ရရှိခဲ့ပါတယ်။ ပြေးလမ်း အမျိုးအစားမှာ စားကျက်မြေနဲ့ လယ်မြေတို့ကို ခုတ်ထွင်ဖောက်လုပ်ထားတဲ့ မြေသားကွင်းဖြစ်ပါ တယ်။ အဲဒီကွင်းကို ပြုပြင်ပြီးတော့ ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှာ အဲဒီခေတ်က အသုံးပြုခဲ့တဲ့ တွင်အော်တာ လေယာဉ်နဲ့ တက်လေယာဉ်နဲ့ စမ်းသပ်ပြီးတော့ လုပ်ခဲ့ပါတယ်။ တက်လေယာဉ်နဲ့ စမ်းသပ်လုပ်တဲ့အခါမှာ ပြေးလမ်းရဲ့မြောက်ဘက် စိမ့်စမ်းချောင်းအနီးမှာ ပေ ၅၀၀ ကျော်မြင့်တဲ့ တောင်တစ်ခုနဲ့တောင်ဘက် မှာ ပေ ၁၀၀ ခန့်မြင့်တဲ့တောင်တစ်ခုရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ လေယာဉ်ပျံတွေနဲ့ ဂရုတစိုက်ဆင်းသက်ရတဲ့အတွက်ကြောင့်မို့လို့ ပြေးလမ်းအလျားကို အဲဒီနှစ်မှာပဲ မတ်လ ၂၂ မှာ အလျားပေ ၂၀၀၀ အကျယ်ပေအထိ ချဲ့ခဲ့ပါတယ်။ ချဲ့ခဲ့ပြီးတော့ ကျွန်တော်တို့ ဒီလေယာဉ်ပျံကို တွင်အော်တာလေယာဉ်များကို ချင်းပြည်နယ် ပလက်ဝလေယာဉ်ကွင်းမှာ အထူးသဖြင့် မန္တလေးက နေပြီးတော့ မန္တလေးချမ်းမြသာစည်ကနေပြီးတော့ ၅ နှစ်တာတိတိ လေယာဉ်ပျံပြေးဆွဲခွင့်ပြုလုပ်ခဲ့ ပါတယ်။ ဒီလိုနဲ့ ၁၉၈၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့မှာ မြန်မာ့လေကြောင်းက တွင်အော်တာ လေယာဉ်ပျံတစ်စီးဟာ မန္တလေးကတက်သွားပြီးတော့ ပလက်ဝအသွားမှာ ရာသီဥတုဆိုးရွားတဲ့အတွက် ကြောင့်မို့လို့ မင်းတပ်မြို့အနီးမှာ ပျက်ကျခဲ့ပါတယ်။ အဲဒီတုန်းက တပ်မတော်လေမှ လေယာဉ်ပျံနဲ့

ဝိုင်းဝန်းပြီးရှာခဲ့ပါတယ်။ ချက်ချင်းမရခဲ့ပါဘူး။ ကျွန်တော်ဆိုလိုတာကတော့ ဒီလေယာဉ်ကွင်းမှာ တောင်မှ ပင်လယ်ရေပြင်အထက် ပေ ၅၀၀ သာမြင့်သော်လည်းပဲ သဘာဝအနေအထားအရ တောတောင်တိမ်ထူထပ်ပြီးတော့ ရာသီဥတုဆိုးရွားတဲ့အနေအထား ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ၁၉၈၃ ခုနှစ်မှာ မြန်မာတစ်နိုင်ငံလုံးမှာ တွင်ထွင်အော်တာလေယာဉ်များ ရပ်ဆိုင်းတဲ့အချိန်မှာ ဒီလေယာဉ်ပျံကွင်းလည်း အသုံးမပြုဘဲနဲ့ ရပ်ဆိုင်းထားခဲ့တာဖြစ်ပါတယ်။ ယခုအချိန်မှာတော့ အဲဒီ လေယာဉ်ပျံကွင်းဟာ အသုံးပြုခြင်းမရှိဘဲနဲ့ လူနေအိမ်ခြေမလပ်ရှိပြီးတော့ ဆင်းသက်အသုံးပြုနိုင် မယ့် အခြေအနေမရှိပါ။ ချင်းပြည်နယ်နဲ့ပတ်သက်ပြီးတော့၊ လေကြောင်းပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး တော့မှ ၁၉၇၆ ခုနှစ်မှာလည်း ဟားခါးမြို့ပတ်ဝန်းကျင်မှာလည်း လေယာဉ်ကွင်းတစ်ခု တည်ဆောက်ဖို့ ဆိုပြီးတော့ အဖြစ်နိုင်ဆုံးရှိတဲ့နေရာတစ်ခုကိုရှာဖွေခဲ့ပါတယ်။ လက်တွေ့ကွင်းဆင်းတိုင်းတာမှုများအရ အဖြစ်နိုင်ခြေအရှိဆုံးဟုယူဆတဲ့ ဟားခါးမြို့ အနောက်တောင်ဘက် ၂ မိုင်ခန့် အကွာ မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၂၇.၅ မိနစ်၊ အရှေ့လောင်တ္တီတွဒ် ၉၃ ဒီဂရီ ၃၆ မိနစ် ပြေးလမ်း ဦးတည်ရာအရပ် ၃၆၀ ဒီဂရီ/ ၁၈၀ ဒီဂရီ ပြေးလမ်းကို ရှာဖွေခဲ့ပါတယ်။ သို့သော်လည်းပဲ လက်တွေ့ကွင်းဆင်းတိုင်းတာတဲ့ မြေပုံပေါ်က **အင်တာပကေးရှင်း** က သင့်လျော်သည်ဟု ယူဆသော်လည်းပဲ လက်တွေ့တိုင်းတာချက် များအရ လေယာဉ်ပြေးလမ်း (Landing Strip) ပေ ၄၀၀၀ နဲ့ အကျယ်ပေ ၅၀၀ ရရှိဖို့အတွက် အကျယ်အဝန်းလုံလောက်မှုမရှိတာတွေ့ရပါတယ်။ ၎င်းအပြင် လက်ရှိမြေနေရာ ဟာဆိုလို့ရှိရင် တောင်ကုန်းနဲ့လျှိုမြောင်၊ ချိုင့်ဝှမ်းများကို မြောက်မြားစွာ ဖို့ပြီးတော့မှ ပြုပြင်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အခက်အခဲများစွာကြုံခဲ့ပါတယ်။ နောက်တစ်ခါ ပတ်ဝန်းကျင် ၁ မိုင်အတွင်းမှာ လည်း ပေ ၅၀၀၀ နှင့်အထက် တောင်များဝန်းရံနေတဲ့အတွက်ကြောင့်မို့လို့ ရာသီဥတုဆိုးရွာလို့ရှိရင် ဆင်းသက်ရန်အတွက် အင်မတန်အခက်အခဲများစွာဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် မြေပြင်တိုင်းထွာမှု များကိုပြုလုပ်ပြီးတော့မှ တည်ဆောက်ရန်မသင့်ကြောင်းဆုံးဖြတ်ပြီးတော့မှ ရပ်ဆိုင်းခဲ့တာဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ စာတမ်းမှာပါတဲ့ အချက်အလက်များဟာဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီးအဆိုပြုထားတဲ့နေရာဆိုရင် ကျွန်တော်တို့ တစ်ချိန်က တိုင်းထွာ ခဲ့တဲ့နေရာမှာ သိပ်မဝေးတဲ့နေရာမှာဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းမေး သလို ကျွန်တော်တို့ဆီတင်တဲ့စာမှာ သူအဆိုပြုထားတဲ့နေရာတစ်ခုလည်းပါပါတယ်။ အဲဒီနေရာကို ကျွန်တော်တို့ မြေပုံမှာတိုင်းကြည့်တဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးကတော့ အပြည့်ပြည့် ဆိုင်ရာလေဆိပ် တည်ဆောက်ဖို့တင်ပြတာဖြစ်ပါတယ်။ နေရာကတော့မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၄၅

မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ်နဲ့ ဟားခါးမြို့ရဲ့ အနောက်မြောက်ဘက်၇ မိုင်အကွာမှာ ရှိပါပြီးတော့ နှိုာရ်လောန်၊ ဟရန်ဟရိန်နှင့် ရင်းပီးရွာတို့ရဲ့မြောက်ဘက် ချွန်ကျုံရွာဟားခါး-ဖလမ်း ကားလမ်းကြား အရှေ့အနောက်တန်းလျက် အနေအထားရှိပါတယ်။ ယခင်ပို့ဆောင်ရေးဝန်ကြီးဌာနက ရွာဖွေတိုင်းတာခဲ့တဲ့နေရာရဲ့ မြောက်ဘက် ၁၇.၅ မိုင်၊ အနောက်ဘက် ၁ မိုင်အကွာမှာ ရှိတဲ့နေရာဖြစ်ပါတယ်။ ဒီနေရာဟာ အရင်တုန်းက မြေပုံဖတ်ခဲ့ပြီးသားဖြစ်ပါတယ်။ အဲဒီတော့ ဒီနေရာဟာဆိုလို့ရှိရင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့နေရာဆိုလို့ရှိရင် ယခင်က ကျွန်တော်တို့ တိုင်းတာခဲ့တဲ့နေရာနဲ့ အနီးအနားမှာရှိတဲ့နေရာဖြစ်ပါတယ်။ ယေဘုယျအားဖြင့် တင်ပြရရင် ကိုယ်စားလှယ်ကြီးတင်ပြတဲ့ နေရာဟာဆိုရင် လေယာဉ်ကွင်းတည်ဆောက်ဖို့အတွက် ဖြစ်နိုင်ခြေနည်းပါးတဲ့ အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်း ကိုယ်စားလှယ်တော်ကြီးရဲ့ အကြံပြုချက်ကို လေးစားသောအားဖြင့် အဲဒီနေရာကို အချိန်ရတဲ့ အခါကျတော့ မြေပြင်မှာသွားတိုင်းပြီးတော့ ကျွန်တော်တို့ ဖြစ်နိုင်ခြေရှိတဲ့ Report ကို လွှတ်တော်ရုံးကို တင်ပြပြီးတော့ မှတ်တမ်းတင်ထားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးဦးစီးဌာနနဲ့ ဆောင်ရွက်နိုင်တဲ့အခြေအနေ အနည်းငယ်တင်ပြမှာဖြစ်ပါတယ်။ ကျွန်တော် ခုနက အစည်းအဝေးမထိုင်ခင်မှာ ချင်းပြည်နယ် ကိုယ်စားလှယ်တစ်ယောက်ကနေပြီတော့ ကျောက်ထုလေယာဉ်ပျံကွင်းဟာ သေချာဖောက်ထားပြီး ဖြစ်ပါတယ်၊ ဒီလေယာဉ်ပျံကွင်းဟာ ကျွန်တော်တို့ လေယာဉ်ပျံလေးတွေနဲ့ ဆင်းသက်ပေးလို့ရပါတယ်။ တကယ်လို့များ အခြေအနေကို လေ့လာပြီးတော့ ဆင်းလို့ရမယ်ဆိုရင် ကျောက်ထုလေယာဉ်ပျံကွင်းကို မန္တလေးကနေ ဆင်းပေးပါတယ်။ လောလောဆယ် မိုးတွင်းကာလမှာ ခုနက ကိုယ်စားလှယ်တော်ကြီး အကြံပြုတဲ့ မိုးတွင်းမှာ မဆင်းနိုင်တာတောင်မှ မိုးကုန်သွားရင် ဆင်းပေးဖို့ ကျွန်တော်တို့ကို အကြံပြုပါတယ်။ ကျွန်တော့်မှာလည်း လေယာဉ်ပျံ ၂ စင်း ဝယ်ထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျောက်ထု-မန္တလေးကို ဆင်းပေးဖို့ ဆောင်ရွက်နိုင်ကြောင်း တင်ပြချင်ပါတယ်။ နောက်တစ်ဆက်တည်း ကျွန်တော်တို့ရဲ့ အမြင်တင်ပြရရင် ချင်းပြည်နယ်ရဲ့ ထွက်ပေါက်ဟာဆိုလို့ရှိရင် ကလေးမြို့ဖြစ်ပါတယ်။ အဲဒီတော့ ကလေးမြို့မှာ လေယာဉ်ပျံပြေးလမ်းဟာ ၅၅၀၀ ပေ ရှိတဲ့ လေယာဉ်ပျံကွင်း တည်ဆောက်ပြီးဖြစ်ပါတယ်။ ရေရှည်မှာ ချင်းပြည်နယ်အတွက်ပါ အသုံးပြုနိုင်ဖို့အတွက် ကလေးမြို့ လေယာဉ်ပြေးလမ်းကို ပေ ၇၀၀၀ ရတဲ့အထိရအောင် ပေ ၁၅၀၀ ချဲ့နေပါတယ်။ မိုးကုန်တာနဲ့ ဒီလေယာဉ်ပျံကွင်းကို ပေ ၁၅၀၀ ချဲ့ပြီးရင် ပေ ၇၀၀၀ ရမယ်ဆိုရင် ကလေးမြို့အတွက်ရော၊

ချင်းပြည်နယ်အတွက်ရော၊ မြစ်သာမြစ်ဝှမ်းအတွက်ရော လေယာဉ်ပျံကြီးများ ဆင်းသက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလေယာဉ်ပျံကွင်းကို အသုံးပြုပြီးတော့ ချင်းပြည်နယ်ကို အဲဒီကတစ်ဆင့် သွားလာရေး ဆက်လက်ဆောင်ရွက်မယ်ဆိုရင် ပိုမိုပြီးတော့ လက်တွေ့ဆန်ကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ်အပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဆည်(စံပြ) ကျေးရွာတွင် ချောင်းရေတိုက်စားမှု ကာကွယ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကြိုင်(ညောင်ဦးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပုဂံညောင်ဦးမြို့နယ် ငါ့သရောက်မြို့နယ်ခွဲရှိ ဆည်(စံပြ) ကျေးရွာ၌ မိုးရာသီတွင် ရွာ၏အရှေ့ဘက်နံဘေးရှိ ဥယျာဉ်ချောင်းကြီးဟာ ရေစီးအားသန်သဖြင့် ယမန် နှစ်က လူနေအိမ်ခြေ ၅၀ သဲပုတ်သွားခြင်း၊ ဥယျာဉ်မြေ ၃ ခု သဲပုတ်သွားခြင်း၊ စိုက်ပျိုးမြေ ၁၅ ဧက သဲဖုံးလွှမ်းသွားခြင်း၊ ဘုန်းကြီးကျောင်းတံတိုင်း ၅ ကန့် ပျက်စီးသွားခြင်း၊ မူလတန်းလွန်ကျောင်း အခန်း ၃၀ ပျက်စီးသွားခဲ့ပါတယ်။ ရပ်ရွာအနေနဲ့လူအင်အား၊ နွားလှည်းအင်အားဖြင့် ဆည်ဖို့ကာကွယ်ခြင်း၊ မြေတွန်းစက်ကြီးများဖြင့် ရေလွှဲမြောင်းပြုလုပ်ပေးခြင်း၊ သစ်ပင်များစိုက်၍ ကာကွယ်ခြင်း၊ ထန်းလုံး၊ အုန်းလုံးများ၊ ဆူးလုံးများဖြင့် ကာကွယ်ခြင်း၊ သဲအိတ်များဖြင့် ကာကွယ်ခြင်းစတဲ့ ၄ ကြိမ် ကြိုးစားပြု လုပ်ခဲ့ပါသော်လည်း ရေစီးအားသန်သဖြင့်၄ ကြိမ်ကြိုးစားလုပ်ထားသမျှအားလုံး မျောပါပျက်စီးသွားခဲ့၍ အချည်းအနှီးဖြစ်သွားခဲ့ရပါသည်။ ယခုနှစ် ဇွန်လ ၉ ရက်နေ့မှာ မိုးသည်းထန်စွာရွာသွန်းတဲ့အတွက် မိုးကုတ်ဝိပဿနာ အဆောက်အဦတံတိုင်း ပါသွားခဲ့ပါတယ်။ သို့ပါ၍ နည်းပညာဖြင့် ကာကွယ်ထိန်းသိမ်းမှုရမည်ဖြစ်ပါတယ်။ အချိန်မီကာကွယ် ထိန်းသိမ်းမှုမပြုလုပ်ပါက နောက်ထပ် အိမ်ခြေ ၇၀၀ ခန့် တိုက်စားသွားနိုင်ပါသည်။ သို့ဖြစ်ပါ၍ ရေရှည်တည်တံ့ခိုင်မြဲအောင် မည်ကဲ့သို့လုပ်ပေးနိုင်မည်။ မည်သည့်အချိန်တွင် လုပ်ပေးနိုင်မည်ကို သိရှိလိုပါ၍ ဆည်(စံပြ)ကျေးရွာနေ ပြည်သူများကိုယ်စား ကျွန်တော်က လေးစားစွာမေးမြန်း အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဉာဏ်ထွန်းအောင်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင်ရဲ့မေးခွန်းကို ကျွန်တော်မှပဲ ဖြေကြားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသမှာ ရှိတဲ့ ပုပ္ပားတောင်ကို အခြေပြုပြီးတော့ ပုပ္ပားတောင်ရဲ့ အနောက်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက်၊ တောင်ဘက် ပတ်ပတ် လည်မှာ ချောင်းတွေဖြစ်ပေါ်ပြီးတော့ တချို့လည်း ဧရာဝတီမြစ်ထဲကို စီးဆင်းပါတယ်။ တချို့လည်း သက်ဆိုင်ရာမြို့နယ်ကို စီးဆင်းတာတွေ့ရမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး ဦးအောင်ကြိုင် မေးထား တဲ့မေးခွန်းကတော့ ပုပ္ပားတောင်ခြေကို အခြေပြုပြီးတော့ အနောက်မြောက်ဘက် ရာဟုထောင့်ကို စီးဆင်းတဲ့ချောင်းနှင့်ပတ်သက်ပြီးတော့ မေးထားတာဖြစ်ပါတယ်။ ဒီချောင်းဟာဆိုလို့ရှိရင် ငါ့သရောက် မြို့နယ်ခွဲမှာ တည်ရှိပြီးတော့ ငါ့သရောက်ဆည်ထဲကို စီးဆင်းတာ ဖြစ်ပါတယ်။ ငါ့သရောက်ဆည်ထဲကို တစ်ခြားချောင်းလည်း စီးဆင်းပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မေးခွန်းရပြီးတော့ တိုင်းတာစစ်ဆေးခဲ့ပါတယ်။ စစ်ဆေးချက်များအရ ဥယျာဉ်တော်ချောင်း ဟာဆိုလို့ရှိရင် ကံတိမ်ကျေးရွာအနီးမှာ စီးဆင်းပြီးတော့ ဆည်(စံပြ)ကျေးရွာအနီးမှာ ချောင်းမကြီး ချောင်းနှင့်ပေါင်းပြီးတော့ ငါ့သရောက်ဆည်ထဲကိုစီးဆင်းတာ ဖြစ်ပါတယ်။ အဲဒီတော့ ချောင်းကြမ်း ပြင်တွေဟာ ချောင်းကမ်းပါးတန်းနီးပါး မြင့်တက်လာခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းတဲ့အခါမှာ ကမ်းပါးနိမ့်ကျတဲ့နေရာနားမှာ ချောင်းရေများ ရေလျှံပြီးတော့ စိုက်ပျိုးမြေများနှင့် ကိုယ်စားလှယ်တော် ကြီးတင်ပြတဲ့ ရွာကို ရေလွှမ်းမိုးမှု ဖြစ်တာတွေ့ရပါတယ်။ ယခင်က ဆည်(စံပြ)ကျေးရွာအား ချောင်းရေ တိုက်စားမှုမှ ကာကွယ်ဖို့အတွက် ဆည်မြောင်းဦးစီးဌာနမှ အလျား ပေ ၂၀၀၀၊ အမြင့် ၈ ပေနဲ့၊ တာပေါင် ၃၂ပေ ရှိတဲ့ ဆည်ကို တည်ဆောက်ခဲ့ကြောင်းလည်း မှတ်တမ်းများအရ သိရှိရပါတယ်။ အဆိုပါ မြေသားတာဘောင်ဟာ ယခင်က ရွာကလှည်းတွေဖြတ်သန်းသွားရင်းနဲ့ တာဘောင်များ နိမ့်ကျ လာပြီးတော့ ပုပ္ပားတောင်ခြေကတော့ ၂၀၁၀ ခုနှစ်မှစပြီးတော့ ပုပ္ပားတောင်ခြေက အလုံးအရင်းနှင့် ရွာတဲ့မိုးရေဟာဆိုလို့ရှိရင် ဆည်မြောင်းကလုပ်ထားတဲ့ တာဘောင်စားသွားတာဖြစ်ပါတယ်။ တာဘောင်စားသွားပြီးတော့ စုစုပေါင်း အလျားပေ ၂၀၀၀ ရှိတဲ့ တာဘောင်ကြီးက ၃၅၀ ပေပဲ ကျန်ပါ တော့တယ်။ ၃၅၀ ပေကျန်တဲ့ တာဘောင်ဟာဆိုလို့ရှိရင် ပြုပြင်မှုမရှိဘဲ ဒီတစ်ခါမိုးရွာတဲ့အခါကျတော့ ဒီတာဘောင်ကို ထပ်မံစားတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ တာဘောင်ကို ပြုပြင်ဖို့အတွက် ရေလမ်းကြောင်းပြောင်းလဲသွားဖို့အတွက် စံပြကျေးရွာရဲ့အထက်ဖက်မှာ သုံးလမ်းသွားမျှောတိုင်တန်း

ကျောက်ဖြစ်ရေကာတာ ပေ ၁၀၀၊ အလျား ၃ ပေကို ပေ ၁၅၀ ခြားပြီးတော့ တည်ဆောက်ထားဖို့ အကြံပြုထားပါတယ်။ ၎င်းအပြင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထားတဲ့ တာဘောင်လည်း ပြန်လည်ပြုပြင်ဖို့ တည်ဆောက်ထားပါတယ်။ အညာဒေသမှာ ယခုကဲ့သို့ ချောင်းများမှာ မိုးသည်းထန်စွာရွာလို့ရှိရင် ချောင်းများကို စားပြီးတော့ ရွာတွေကမ်းပြိုတာဆိုလို့ရှိရင် အညာဒေသမှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်ရပ်တစ်ခုဖြစ်ပါတယ်။ အဲဒီလိုဖြစ်ခဲ့လို့ရှိရင်လည်း ကျွန်တော်တို့ရွာတွေမှာလည်း ဒေသခံရွာတွေပဲ စုစည်းပြီးတော့ ကိုယ်အားကိုယ်ကိုးပြီးတော့ ပြုပြင်မွမ်းမံရမှာ ဖြစ်ပါတယ်။ တင်ပြချက်ဟာ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ဆိုလို့ရှိရင် အမြဲတမ်းသဘာ ဘာများ သွားလာနေတဲ့ ချောင်းမြောင်းများ၊ မြစ်များကိုသာလျှင် ဂရုတစိုက်ပြုပြင်ထိန်းသိမ်းတာရှိပါတယ်။ တစ်ပြည်လုံးမှာရှိတဲ့ ဤကဲ့သို့သဲချောင်းများကို ထိန်းသိမ်းဖို့အတွက် များစွာအခက်အခဲရှိကြောင်း တင်ပြချင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဒီချောင်းဟာဆိုလို့ရှိရင် ငါ့သရောက်ဆည်ထဲမှာစီးဆင်းတဲ့ ချောင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဦးစီးဌာနကနေပြီးတော့ တာဝန်ယူပြီးတော့ ဒီနှစ်မှာလည်း အလျားပေ ၂၀၀၀၊ အမြင့် ၈ပေ၊ အောက်ခြေအကျယ် ၃၂ ပေ၊ ထိပ်ဝ ၁၂ ပေရှိတဲ့ မြေသားတာဘောင်နှင့် ခုနက အကြံပြုခဲ့တဲ့ ရေလွှဲရေကာတာနှစ်ခုတည်ဆောက်ဖို့ စီစဉ်ထားပြီးတော့ လက်ရှိတိုင်းတာဆဲဖြစ်ကြောင်း ဒီနှစ်အပြီးဆောက်မှာဖြစ်ကြောင်း ဖြေကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနကတော့ လိုအပ်တဲ့နည်းပညာအကူအညီ ပေးသွားမှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ချင်းပြည်နယ်ရှိ မြို့နယ်များတွင် အလေ့ကျပေါက်နေသော ထင်းရှူးဆီ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အဝယ်ဒိုင်များ ဖွင့်လှစ်ပေးနိုင်ရေးနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တက်ရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများခင်ဗျား။ ကျွန်တော် အခုမေးမယ့်မေးခွန်းကတော့ ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် တစ်ဖက်တစ်လမ်းကနေပြီးတော့ အထောက်အကူဖြစ်လိုဖြစ်ညား နောက်ပြီးတော့ ဖြစ်နိုင်အောင်လည်း ရည်ရွယ်ပြီးမှ မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ ချင်းပြည်နယ်မှာ သဘာဝအလေ့ကျပေါက်ရောက်နေတဲ့ ထင်းရှူးဆီ၊ ထင်းရှူးပင်ဆိုတာရှိပါတယ်။ မြင်ဘူးသူရှိကြသလို၊ မမြင်ဘူးတဲ့ပုဂ္ဂိုလ်တွေလည်း ရှိကောင်း ရှိနိုင်ပါတယ်။ ထင်းရှူးပင်ကနေပြီးတော့ ရာဘာပင်လိုပဲ ထင်းရှူးဆီများကို ထုတ်လုပ်လို့ရပါတယ်။ ထင်ရှူးဆီထုတ်လုပ်ရေးလုပ်ငန်းများကို ကျွန်တော်တို့ယခင် မဆလအစိုးရလက်ထက်မှာ

ဖလမ်းမြို့နယ် စီစံမောရွာမှာ စက်ရုံတစ်ရုံ၊ ဟားခါးမြို့နယ် လောက်လုံကျေးရွာမှာ စက်ရုံတရုံ၊ မင်းတပ်မြို့နယ် ဝန်းသိုမှာ စက်ရုံတစ်ရုံ တည်ထောင်ပြီးတော့ ထင်းရှူးဆီခဲများကို ချက်လုပ်ပါတယ်။ ထင်းရှူးဆီခဲကနေပြီးတော့ တာပင်တိုင်ဆီဆိုပြီးတော့ အဲဒီအဆင့်အထိ ထုတ်လုပ်ခဲ့ပါတယ်။ တာပင်တိုင်ဆီဟာ ဆိုလိုရှိရင် အနည်းဆုံး၊ အနိမ့်ဆုံးအနေနဲ့ ကိုယ်လက်ကိုက်ခဲခြင်း၊ အရိုးအဆစ်နာခြင်း၊ ရောင်ခြင်း အမျိုးမျိုးမှာလည်း လိမ်းဆေးအဖြစ်နဲ့ အင်မတန်မှ အသုံးဝင်တဲ့ဆီ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အချိန်ကာလကြာလာတဲ့အခါမှာ ဟိုတစ်ချိန်တုန်းကလို ထင်းရှူးဆီ ကောက်ယူရေးလုပ်ငန်းခွင်မှာ လုပ်ကိုင်နေကြတဲ့လုပ်သားများဟာ ယခင်က ရာရှင်ဆိုတဲ့ဆန်ခွဲတမ်းရရှိကြသော်လည်းပဲ နောက်ပိုင်းမှာ ဆန်ခွဲတမ်းမရရှိနိုင်တော့တဲ့အခါမှာ ထင်းရှူးဆီ ကောက်ယူရေးလုပ်ငန်းဟာလည်း ပျက်စီးသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ တောင်ယာအလုပ်နဲ့ အသက်မွေးနေရတဲ့ ချင်းပြည်နယ်မှာရှိတဲ့ လုပ်သားများဟာ သူတို့ရဲ့ ရိက္ခာအတွက် အစိုးရကနေပြီးတော့ ထောက်ပံ့တဲ့ဆန် ၈ ပြည် လစဉ်မှန်မှန်ရတဲ့အခါမှာ ထင်းရှူးဆီကောက်ယူရေးလုပ်ငန်းကို အချိန်ပေးလုပ်နိုင်ပါတယ်။ သို့သော် လည်းပဲ အဲဒီခွဲတမ်းများဟာ ဖြတ်တောက်သွားတဲ့အခါမှာ သူတို့အနေနဲ့ မိမိရဲ့ဝမ်းစာအတွက် တောင်ယာလုပ်ငန်းခွင်ထဲ ပြန်ဝင်ရတာ ဖြစ်တဲ့အတွက်ကြောင့် ထင်းရှူးဆီအရိုင်းများ ကောက်ယူခြင်းကို လုပ်ကိုင်ဖို့ရာအခြေအနေမရှိတော့တဲ့အတွက်ကြောင့်။ နောက်ပြီးတော့ အစိုးရအနေနဲ့လည်း စက်ရုံအနေနဲ့ အရှုံးပေါ်လိုလားတော့ သေချာမသိပါဘူး။ စက်ရုံများကိုလည်း ပြန်လည်ပြီးတော့ ရုပ်သိမ်းသွားတာဖြစ်ပါတယ်။ အခုတင်ပြလိုတာကတော့ စက်ရုံများတည်ဆောက်ဖို့ အဆာအခဲရှိလို့ရှိရင် ဒီထင်းရှူးဆီအရိုင်းများကို ကောက်ယူပြီး တစ်ပိုင်တစ်နိုင်နဲ့ မိမိနယ်မြေမှာရှိတဲ့ အပင်များကနေပြီးတော့ ရာဘာစေးခြစ်သလိုပဲ ကောက်ယူပြီးတော့ အဝယ်ဒိုင်တွေ ဖွင့်ပေးမယ်ဆိုလို့ရှိရင် သင့်တင့်လျောက်ပတ်တဲ့ဈေးနှုန်းနဲ့ ဝယ်ယူပေးမယ်ဆိုလို့ရှိရင် တောင်သူများ အလုပ်အားချိန်မှာသော်လည်းကောင်း၊ မိမိတို့ရရှိတဲ့အချိန်ပိုလေးထဲမှာ အဲဒီဆီရိုင်းတွေကို ကောက်ယူသိမ်းဆည်းပြီးတော့ အဝယ်ဒိုင်တွေမှာ ပေးသွင်းမယ်ဆိုလို့ရှိရင် သူတို့အတွက် အခြားအပိုဝင်ငွေများ ရရှိနိုင်ဖို့ရာ အလားအလာရှိနိုင်ပါတယ်ဆိုတဲ့အချက်ပဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် အားလုံးသိတဲ့အတိုင်းပဲ အားနာနာနဲ့ပြောရမယ်ဆိုရင် ချင်းပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှုဟာ စာဖွဲ့လို့တောင်မရနိုင်လောက်အောင်ကို ဖြစ်နေတဲ့အခြေအနေမှာ ရှိနေပါတယ်။ အားလုံးဖိတ်ခေါ်ပါတယ်။ လာကြည့်ကြပါ။ တကယ်ပဲ မျက်စိနဲ့မြင်မှပဲ ယုံကြမယ်ထင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီလိုနေရာမျိုးမှာ သဘာဝကပေးထားတဲ့ ဒီအပင်ကနေပြီးတော့ ကုန်ကျစရိတ်မရှိဘဲ မိမိရဲ့လုပ်အားကို အသုံးပြုပြီးတော့ ရယူနိုင်မယ့် ထင်းရှူးဆီထဲကို ခြစ်ပြီး

တော့ရသော်လည်းပဲ ဆက်လက်ပြီးတော့ ဘာလုပ်ရမှန်းမသိ ဖြစ်နေပါတယ်။ အဲဒါကြောင့်မို့လို့ အဆီစက် အဆီခဲကို အသုံးပြုလို့ရအောင် ဆက်လက်ပြီးတော့ သင့်တော်တဲ့နေရာမှာ ပို့ဆောင်နိုင်ဖို့ ရာအတွက် ဒီအဆီခဲကောက်ယူခြင်းလုပ်ငန်းကို ပြန်လည်ပြီးတော့ ထောင်ပေးဖို့ရာအတွက် တင်ပြနေခြင်း ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ ထင်းရှူးပင်ဆိုတာကလည်း ချင်းပြည်နယ်ရဲ့မြို့နယ် အများစုမှာ ပေါက်ရောက်နေပါတယ်။ ဥပမာ ကန်ပက်လက်မြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်၊ ဟားခါးမြို့နယ်၊ ထန်တလန်မြို့နယ်၊ ဖလမ်းမြို့နယ်၊ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ် ဒီလိုမြို့နယ်တွေမှာ အငှေလကျပေါက်နေတဲ့ အပင် ဖြစ်ပါတယ်။ ဒီအပင်တွေဟာ လူတွေက ခုတ်လှဲ၍ သော်လည်းကောင်း၊ အဆီအခဲထုတ်ချင်လို့ တဖြည်းဖြည်းနဲ့ ဈေးဖက်မှာ ရောင်းတဲ့ မီးမွှေးတဲ့ ထင်းရှူးဆီ။ အဲဒါလေးတွေ ကို ရရှိဖို့ရန်အတွက် ခုတ်ရင်းခုတ်ရင်းနဲ့ အပင်ကြီးတစ်ခုလုံးလှိုက်စားပြီးတော့၊ ပြိုလဲပြီးတော့ ဒီအတိုင်းပဲ ဆွေးမြေ့သွားတာတွေအများအပြား ဖြစ်ပါတယ်။ ဒီဟာတွေကိုလည်း ပြန်လည်ပြီးတော့အစိုးရအနေနဲ့ ထင်းရှူးပင်ရဲ့ အဖိုးတန်ပုံကို သေချာသုတေသနလုပ်ပြီးတော့ ပြည်နယ်မှာ အလေ့ကျပေါက်ရောက်နေတဲ့ အပင်များကို အဘက်ဘက်ကနေပြီးတော့ ပြည်နယ်ရဲ့ ဆင်းရဲနွမ်းပါးမှု လျော့ပါးရေးအတွက် အသုံးပြုမယ်ဆိုရင် တစ်ဖက်တစ်လမ်းအားဖြင့်၊ တစ်နည်းတစ်လမ်းအားဖြင့် လုပ်ငန်းတစ်ခုဟာလည်း တန်ဖိုးရှိတဲ့လုပ်ငန်းဖြစ်နိုင်လိမ့်မယ်လို့ ယူဆလို့တင်ပြခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ဒီထင်းရှူးဆီခဲများကို အဝယ်ဒိုင်များ ဖွင့်လှစ်ပေးပြီးတော့ သင့်တော်တဲ့ ဈေးနှုန်းနဲ့ တောင်သူများကို ပေးသွင်းစေဖို့ရန် အစီအစဉ် ရှိ၊ မရှိ။ အစီအစဉ် မရှိရင်လည်းပဲ ရှိအောင် လုပ်လို့ရ၊ မရ။ ထင်းရှူးဆီခဲများ ထုတ်လုပ်နိုင်ခြင်းမရှိပါက ထင်းရှူးပင်များကို ဘယ်လိုအသုံးပြုမလဲ၊ ဘယ်လိုတန်ဖိုးရှိအောင်လုပ်ကြမလဲဆိုတဲ့ အစီအစဉ်မျိုးရှိ၊ မရှိကို ကျွန်တော်နှင့်တကွ ချင်းပြည်နယ်ရှိ ပြည်သူပြည်သားများကနေပြီး သိရှိလိုကြတဲ့အတွက်ကြောင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်း

မေးသွားသော မေးခွန်းအား ကျွန်တော်မှ ပြန်လည် ဖြေကြားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်းမှာ သဘာဝအတိုင်းပေါက်ရောက်နေတဲ့ ထင်းရှူးတောများမှ ချင်းပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာစေရန် သဘာဝအတိုင်းပေါက်နေတဲ့ ထင်းရှူးပင်များမှ ထင်းရှူးဆီ စုဆောင်းပြီးတော့ အဝယ်ဒိုင်များ ဖွင့်လှစ်လိုတဲ့အကြောင်း တင်ပြတဲ့မေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ သစ်တောဥပဒေအရ တင်ပြရမယ်ဆိုရင်တော့ ထင်းရှူးပင်ဟာ တားမြစ်ထားတဲ့သစ်ပင်အမျိုးအစားထဲမှာ ပါဝင်ပါတယ်။ ချင်းပြည်နယ်အတွင်းမှာလည်း ဒီအပင်များကို ထိခိုက်ပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် တတ်နိုင်သမျှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။ ဌာန၏ သစ်တောသယံဇာတစာရင်းကောက်ယူမှုအရ တည်ထောင်ထားတဲ့စိုက်ခင်းတွေနဲ့ သဘာဝတောများအားလုံးစုစုပေါင်း ချင်းပြည်နယ်အတွင်းမှာ လုံးပတ် ၂ပေနှင့်အထက် အပင်ရေ သိန်း ၆ဝ လောက်ရှိတယ်လို့ ခန့်မှန်းရရှိပါတယ်။ သစ်တောဦးစီးဌာနဟာ ချင်းပြည်နယ်အတွင်းမှာ ၁၉၈၁-၁၉၈၂ ဘဏ္ဍာနှစ်မှ စပြီးတော့ ၂ဝ၁၁-၂ဝ၁၂ ဘဏ္ဍာနှစ်အထိ ထင်းရှူးစိုက်ခင်းဧက ၉၁ဝဝ ကို တည်ထောင်ပေးနိုင်ခဲ့ပါတယ်။ ထင်းရှူးဆီချက်လုပ်ခြင်းလုပ်ငန်းကိုတော့ဖြင့် ပေါက်ရောက်နေတဲ့ အပင်များ သေကြေပျက်စီးမှုမရှိစေရန် ဌာနကနေပြီးတော့ သုတေသနပြုလုပ်ထားချက်အရ လုံးပတ် ၅ ပေနှင့်အထက် အရွယ်အစားရှိတဲ့အပင်တွေကနေပြီးတော့ UBARI-K ဆိုတဲ့ နည်းလမ်းနှင့် ထုတ်မယ်ဆိုလို့ရှိရင်တော့ အပင်များသေကြေမှု မရှိဘဲနဲ့ ထင်းရှူးဆီများကို ထုတ်လုပ်နိုင်တဲ့ဆိုတဲ့ တွေ့ရှိချက်ကို တွေ့ရှိရပါတယ်။ ဒီ UBARI-K ဆိုတဲ့နည်းလမ်းကလည်း အထူးအထွေမဟုတ်ပါဘူး။ ရာဘာအစေးများ ခြစ်ယူတဲ့နည်းလမ်းကဲ့သို့ပဲ V ပုံသဏ္ဍာန် စနစ်တကျ အခေါက်များကို လှီးဖြတ်ပြီးတော့ ခြစ်ယူတဲ့စနစ်ပဲဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့၂ဝဝ၇ ခုနှစ်ကနေပြီးတော့ ၂ဝ၁၁ ခုနှစ်ထိ အမှတ်(၁)စက်မှုဝန်ကြီးဌာနကို ထင်းရှူးဆီပိဿာ ၁၅ဝဝဝဝ ထုတ်လုပ် ခွင့်ပြုခဲ့ပါတယ်။ ဖော်ပြပါနှစ်အတွင်းများမှာ စက်မှုဝန်ကြီးဌာနအနေနဲ့ စုစုပေါင်းထင်းရှူးဆီ ပိဿာချိန် တစ်သိန်း ထုတ်လုပ်ခဲ့ပါတယ်။ ထင်းရှူးဆီထုတ်လုပ်တယ်ဆိုတာလည်း စနစ်မကျလို့ရှိရင် အပင်များကို ထိခိုက်ပြီးတော့ သေစေနိုင်တဲ့အတွက်ကြောင့်မို့လို့ စည်းကမ်းတကျမလုပ်နိုင်ပါက သေကြေပျက်စီးမည်ဖြစ်ခြင်းကြောင့် ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်း ထင်းရှူးဆီကို ဒေသခံပြည်သူများ ကိုယ့်သဘောနှင့်ကိုယ် ထုတ်လုပ်ခဲ့ပြီးတော့ အဝယ်ဒိုင်များဖွင့်လှစ်ပြီးတော့ လက်ခံမယ်ဆိုလို့ရှိရင် ခုနလို စနစ်တကျလုပ်ကိုင်တယ်၊ မလုပ်ကိုင်ဘူးဆိုတာ စိစစ်ဖို့အတွက်ကို အခက်အခဲရှိနိုင်သလို အပင်များရဲ့ရပ်တည်နိုင်ဖို့အတွက် သေကြေပျက်စီးရန်လည်းနည်းလမ်းများရှိတဲ့အတွက်

ကြောင့်မို့လို့ လောလောဆယ်အားဖြင့်တော့ ထင်းရှူးဆီ အဝယ်ဒိုင်များ ဖွင့်လှစ်ခြင်းကတော့ဖြင့် သင့်လျော်တယ်လို့ ဝန်ကြီးဌာနအနေနဲ့ မယူဆပါဘူး။ သို့ရာတွင် အပင်များကို ထိခိုက်မှုမရှိစေဘဲနဲ့ ခေတ်မီနည်းပညာများ အသုံးပြုပြီးတော့ ဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဝင်ငွေများတိုးမြှင့်ရရှိစေနိုင်တဲ့အပြင် နိုင်ငံတော်အတွက်လည်း အကျိုးကျေးဇူး များ ရရှိစေနိုင်တာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ပြည်တွင်းကပဲဖြစ်ဖြစ်၊ ပြည်ပကပဲဖြစ်ဖြစ်၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မယ့်ကုမ္ပဏီများဖြစ်ဖြစ်၊ ဒေသခံပြည်သူများ စုဖွဲ့ပြီးတော့ပဲ အများပိုင် အဖွဲ့အစည်း ကုန်ထုတ်လုပ်မှုသမဝါယမအသင်းများပဲ ဖွဲ့လို့ပဲဖြစ်ဖြစ် ဒီလိုလုပ်ငန်းမျိုးကို စနစ်တကျ လုပ်မယ်ဆိုလို့ရှိရင် ဝန်ကြီးဌာနအနေနဲ့ အားပေးဖို့ အဆင်သင့်ဖြစ်ပါတယ်။ ကမ္ဘာမှာ ကြည့်မယ် ဆိုလို့ရှိရင်လည်း ထင်းရှူးဆီထုတ်လုပ်မှုပမာဏဟာ တစ်နှစ်တစ်နှစ်ကို တန်ချိန် ၁.၂ သန်းလောက် ထုတ်နိုင်တာဖြစ်ပြီးတော့ အထူးသဖြင့် တရုတ်ပြည်၊ အင်ဒိုနီးရှား၊ ဘရာဇီးနိုင်ငံများမှာ တွင်ကျယ်စွာ ဒီလုပ်ငန်းများကို ဆောင်ရွက်နေကြတာ လေ့လာတွေ့ရှိရပါတယ်။ ထင်းရှူးဆီထုတ်လုပ်မှုကို ခေတ်မီ နည်းပညာများ အသုံးပြုပြီးတော့ စီးပွားရေးအရ တွက်ခြေကိုက်မှုနှင့် ရေရှည်ထုတ်လုပ်နိုင်ရေး အတွက် ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်း စဉ်းစားပေးသင့်ပါတယ်။ ရေရှည်လုပ်ငန်း တစ်ရပ်အနေနဲ့ ရပ်တည်ဆောင်ရွက်နိုင်အောင် တစ်ဖက်တစ်လမ်းမှ သဘာဝအပင်များမှ ထုတ်တာလည်း ထုတ်၊ နောက်ပြီးတော့ လူတွေပြုစုပျိုးထောင်တဲ့ ထင်းရှူးစိုက်ခင်းများလည်း တည်ထောင်သွားသင့်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စက်မှုဇုန်ရှိ အရက်ချက်၊ သကြားစက်ရုံနှင့် အခြားစက်ရုံပေါင်းစုံမှ ညစ်ညမ်းစွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မနှင့်အညီဆောင်ရွက်ရန် နှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမရပူရမဲဆန္ဒနယ် ပြည်သူများ ခံစား နေရတဲ့ ညစ်ညမ်းစွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်သည့် မေးခွန်းအား မေးမြန်းတင်ပြသွားမှာ ဖြစ်ပါ တယ်။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုံရှိ အရက်ချက်စက်ရုံ၊

သကြားစက်ရုံနှင့် အခြားစက်ရုံပေါင်းစုံမှ ညစ်ညမ်းစွန့်ပစ်ပစ္စည်းများသည် အမရပူရမြို့နယ်အတွင်းရှိ နတ်ရေကန် ကျေးရွာအုပ်စု၊ စောက်တောဝကျေးရွာအုပ်စုနှင့် ဆာဒိုးမြို့ပြင်ကြီးကျေးရွာအုပ်စုအနီးတို့မှ ဖြတ်သန်း၍ ဒုဋ္ဌဝတီမြစ်အတွင်းသို့ စွန့်ပစ်လျက်ရှိကြပါတယ်။ ညစ်ညမ်းစွန့်ပစ်ပစ္စည်းများကြောင့် အမရပူရ မြို့နယ် တောင်အင်းနှင့် မြောက်အင်းများ၌ ဂေဟစနစ်ပျက်စီးလျက်ရှိပြီး ဒုဋ္ဌဝတီမြစ်ရေ ညစ်ညမ်းခြင်း၊ နတ်ရေကန်ကျေးရွာအုပ်စုမှ စည်ပင်၊ ဝဝ၊ ချောက်ဆိပ်ကုန်း၊ စောက်တောဝကျေးရွာ အုပ်စုမှ မင်းရွာမြေ၊ ဆာဒိုးမြို့ပြင်ကြီးကျေးရွာအုပ်စုမှ ဆာဒိုးရွာ၊ မြို့ပြင်ကြီးရွာတို့ရှိ ကျေးရွာနေ ပြည်သူများကနေ ဖြတ်သန်းသွားလာနေသော ရဟန်းရှင်လူပြည်သူများ အနံ့ဆိုးရှူရှိုက်နေရသော ကြောင့် ကျန်းမာရေး ဆိုးကျိုးများ ခံစားနေကြရသည်မှာ ၁၀ နှစ်ကျော်ရှိပြီ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုံရှိ အရက်ချက်စက်ရုံ၊ သကြားစက်ရုံနှင့် အခြားစက်ရုံပေါင်းစုံမှ ညစ်ညမ်းစွန့်ပစ်ပစ္စည်းများအား အမရပူရမြို့နယ်အတွင်း စွန့်ပစ်နေမှုနှင့်ပတ်သက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(စ)၊ ပုဒ်မ ၇ ပုဒ်မခွဲ (ဆ)၊ ပုဒ်မခွဲ(ဈ)၊ ပုဒ်မခွဲ(ည)အရလည်းကောင်း၊ ပုဒ်မ ၁၀ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅ အပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိနှင့် ဆောင်ရွက်ရန် အစီအစဉ် ရှိလျှင် မည်သည့်အချိန်ကာလ၌ အကောင်အထည်ဖော်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းထွန်း(ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန)**

။ ။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဆက်လက် ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဖြေကြားတဲ့နေရာမှာ ဒီကိစ္စရပ်နှင့်သက်ဆိုင်သော စက်မှု ဝန်ကြီးဌာန၊ နောက်တစ်ခုကတော့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့ရဲ့ ကိုယ်စား လည်း စုစည်းပြီးတော့ တင်ပြဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ သက်ဆိုင်တဲ့အခန်းအနေနဲ့ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ အတိုင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ အခန်း(၇)မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်

အောက်မှာရှိတဲ့ ပုဒ်မ ၁၅ အရ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ညစ်ညမ်းမှုကိုစတင်ဖြစ်ပေါ်စေသည့် လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခုခုရဲ့ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများအတွက် လုပ်ငန်းခွင် အထောက်အကူပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေးပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းမပြုနိုင်ပါက စွန့်ပစ် ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသောနည်းလမ်းနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက် ရမည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ သို့ဖြစ်ရာ အဆိုပါစက်မှုဇုန်တွင် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သလို စီစဉ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ဆ)အရ စက်မှုလုပ်ငန်းများဆောင်ရွက်ရာ တွင် ဓာတုပစ္စည်း သို့မဟုတ် အခြားဘေးအန္တရာယ်ရှိသည့် ပစ္စည်းများ ထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိ လာနိုင်သော စွန့်ပစ်သည့် ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစားနှင့် အတန်းအစားများ သတ်မှတ်ခြင်း၊ ပုဒ်မ ၇ ပုဒ်မခွဲ(ည)တွင် စက်မှုနယ်မြေများနှင့် အခြားလိုအပ်သောနေရာ၊ အဆောက်အအုံများတွင် စွန့်ပစ်ရေး၊ သန့်စင်မှုဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်ခြင်း၊ စက်ယာဉ်ယန္တရားများအား ထုတ်လုပ် မှုဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(ဆ) အရ စွန့်ထုတ်အရည်စံချိန်စံညွှန်းများကို သတ်မှတ်ခြင်း၊ ပုဒ်မ ၁၃ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဃ)တို့ အရ စက်မှုလုပ်ငန်းများနှင့် ညစ်ညမ်းဘေးအန္တရာယ်ရှိပစ္စည်းများ စွန့်ပစ်ခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ အညစ်အကြေးစွန့်ပစ်ရေးနှင့် သန့်စင်ခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်းနှင့်ပတ်သက်၍လည်း ကောင်း၊ မိမိတို့ ဝန်ကြီးဌာနကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ် ညှိနှိုင်း၍ဖြစ်စေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဘက်စုံဒေါင့်စုံကြီးကြပ်စစ်ဆေးရေးဇုန် ထားရှိ ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟု ဖော်ပြထားခြင်း၊ ဥပဒေအခန်း(၇) ပုဒ်မ ၁၄ တွင် ညစ်ညမ်းမှုကို ဖြစ်စေသည့်ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေး၊ စံချိန် စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်း များ ပြုလုပ်ရမည်ဟု ဖော်ပြထားခြင်းများ ပါဝင်ပါတယ်။ သို့ပါ၍ တင်ပြခဲ့သည့် စက်မှုဇုန်များမှ ထွက် ရှိလာသည့် စွန့်ပစ်ပစ္စည်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေအရ အရေးယူဆောင် ရွက်သွားနိုင်ရေးအတွက်ကို မိမိတို့ဝန်ကြီးဌာနမှ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများ ရေးဆွဲနေပြီဖြစ်ပါတယ်။ အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းနိုင်အောင် ဆောင်ရွက်ပြီးပါက ဥပဒေ နှင့်အညီ ဆက်လက်ပြီးတော့ ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ သူတို့ရဲ့တင်ပြချက်အရတော့ဖြင့် ရေပေးရေးနှင့် အညစ်အကြေး၊ သန့်ရှင်းရေးဆိုင်ရာ ဥပဒေအခန်း(၈) အပိုဒ် ၅၆ အပိုဒ်ခွဲ (ဆ)တွင် စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသော ရေဆိုးများ၊ ရေနုတ်မြောင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင် သို့မဟုတ် ကန်အတွင်းသို့ သတ်မှတ်ထားသော စံချိန်စံညွှန်းအထိ သန့်စင်ခြင်းမပြုဘဲ တိုက်ရိုက်စွန့်ထုတ်ခြင်းမပြုရန်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေအခန်း(၇) အပိုဒ် ၄၇ အပိုဒ်ခွဲ (င)တွင် မိလ္လာအရည်များ၊ စက်ရုံ၊ အလုပ်ရုံနှင့် စီးပွားရေးလုပ်ငန်းတစ်ရပ်မှ စွန့်ပစ်ပစ္စည်းများကို ကော်မတီမှ သတ်မှတ်ထားသော စံချိန် စံညွှန်းများနှင့်အညီ သန့်စင်စေရန် ဆောင်ရွက်ခြင်းမပြုဘဲ၊ ရေမြောင်းများ၊ ရေကန်များနှင့် မြစ်ချောင်းများအတွင်းသို့ စွန့်ထုတ်ခြင်း၊ စီးဆင်းခြင်းမပြုလုပ်ရန် ဖော်ပြထားပြီး နည်းဥပဒေများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥပဒေပုဒ်မ ၂၄၊ ၂၅၊ ၂၆ နှင့် ၂၇ တို့အရ တရားစွဲဆိုအရေးယူနိုင်သည်ဟု သတ်မှတ်ထားရှိပြီးတော့ ဒီဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တင်ပြထားပါတယ်။ စက်မှုဝန်ကြီးဌာနအနေနဲ့လည်း မန္တလေးစက်မှုဇုန်ဟာ ပြည်ကြီးတံခွန် မြို့နယ်တွင် တည်ရှိပြီး မြေနေရာဧကာ ၂၄၉.၃၃ ဧကရှိမြေကွက်ပေါ်တွင် မြေကွက်ပေါင်း ၁၁၄၀ ကွက် တည်ထားတယ်ဆိုတဲ့အကြောင်းနှင့် ဒီစက်မှုဇုန်ကိုတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းထားသော မန္တလေးစက်မှုဇုန်ကြီးကြပ်ရေးကော်မတီက ဦးစီးဆောင်ရွက်လျက်ရှိကြောင်း တင်ပြထားပါတယ်။ မန္တလေးခရိုင်တွင် မှတ်ပုံတင်ထားရှိသော ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ ၄၁၃၉ ခု ရှိ ပြီးတော့ ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ပုဂ္ဂလိကစက်မှုလုပ်ငန်း၏ စွန့်ပစ်ပစ္စည်း၊ စွန့်ပစ်အရည်များနှင့် ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပြီးတော့ စွန့်ပစ်ပစ္စည်းအမှိုက်များကို မန္တလေးမြို့ရှိ စည်ပင်သာယာရေးအဖွဲ့များမှ သိမ်းယူလျက်ရှိကြောင်း စက်ရုံ၊ အလုပ်ရုံများမှ စွန့်ပစ်ပစ္စည်းများသည် အက်စစ်ဓာတ်လွန်ကဲခြင်း၊ အယ်လ်ကာလီဓာတ်လွန်ကဲခြင်း၊ အပူချိန်မြင့်မားခြင်း၊ အဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများပါဝင်နေခြင်း၊ ဥပမာအားဖြင့် ဆိုင်ယနိုဒ်၊ အာဆီနစ်၊ ပြဒါး၊ ကက်ဒမီယမ်၊ ခဲ၊ ခရိုမီယမ်၊ ပီစီဘီများစသည့်အခြေအနေများတွင် မြစ်ချောင်းအင်းအိုင်များအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခြင်းမပြုလုပ်ရန် ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၂၃-၉-၂၀၁၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၁ ဖြင့်ဖွဲ့စည်းထားရှိသော စက်ရုံအလုပ်ရုံ များမှ

ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကို စနစ်တကျစွန့်ပစ်ရေး၊ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ ဖွဲ့စည်းထားပြီးဖြစ်ရာ ယင်းအဖွဲ့သည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းပြီးတော့ စွန့်ပစ်ပစ္စည်းအညစ်အကြေးများကို ပြန်လည်သန့်စင်ခြင်း ဆောင်ရွက်ထားမှုရှိ၊ မရှိကို ကွင်းဆင်းစစ်ဆေးပြီးတော့ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းကို ပြုလုပ်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် မန္တလေးစက်မှုဇုန်၏ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်အန္တရာယ်ထိခိုက်မှု ကျရောက်မှုများ ရှိ၊ မရှိ နှစ်စဉ်စစ်ဆေး၍ သက်ဆိုင်ရာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီများသို့ အကြံပြုဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာစက်မှုဇုန်နှင့် စည်ပင်သာယာရေးလုပ်ငန်းများမှလည်း နည်းပညာ၊ အရင်းအနှီး၊ မြေအခြေအနေပေါ်မှာ မူတည်ပြီးတော့ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီစဉ်ထားလျက်ရှိကြောင်းလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ စက်မှုဇုန်များအပါအဝင် စက်ရုံအမျိုးမျိုးမှ ထွက်ရှိသည့် ညစ်ညမ်းစွန့်ပစ်ပစ္စည်းများကို ထိန်းချုပ်ကြပ်မတ်ရန်လည်းကောင်း၊ စက်ရုံအနီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ရန်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖွဲ့စည်းထားတဲ့ စက်မှုစီမံကိန်းများ၊ စက်ရုံကြီးများ၊ မြို့ပြရပ်ရွာဆိုင်ရာ အထူးလုပ်ငန်းအဖွဲ့ကနေပြီးတော့ သက်ဆိုင်ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနတို့နှင့် ပူးပေါင်းပြီးတော့ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

## ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်၊ သ ၆ ယန်းကျွန်းမဲဆန္ဒနယ်မှ မေးမြန်းပါတယ်။

**ဦးသိန်းညွန့်(သ ၆ ယန်းကျွန်းမဲဆန္ဒနယ်** ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ကျွန်တော်မေးမြန်းမယ့် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးနဲ့ပတ်သက်ပြီးတော့ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးထံသို့ မေတ္တာရပ်ခံတင်ပြခဲ့ပါတယ်။ အဲဒီနောက်မှာတော့ ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေအရပေးအပ်ထားတဲ့ လုပ်ပိုင်ခွင့်အတိုင်း လွှတ်တော်ကို ကျွန်တော် မေးခွန်းမေးခဲ့ပါတယ်။ ကလေးအကျဉ်းထောင်၊ အကျဉ်းသား ၁၈၄၀ စီ မောင်အေးအောင်သည် ၎င်း၏အမှုတွဲတွင် ပါဝင်သော အကျဉ်းသား ၆၈ ဦးနှင့် ၅၃ ဦးသည် ၁၂-၁၀-၂၀၁၁ ရက်နေ့မတိုင်မီ အကျဉ်းထောင်မှလွတ်ခဲ့ပြီး ကျန်အမှုတွဲပါ

အကျဉ်းသားများသည်လည်း ၁၃-၁-၂၀၁၂ ရက်နေ့တွင် သက်ဆိုင်ရာ အကျဉ်းထောင်မှ လွတ်မြောက်ခဲ့ပြီး ယခုအခါ သင်္ဃန်းကျွန်းမြို့နယ်(ယာ) ရပ်ကွက်တွင် နေထိုင်သော ဦးသောင်းစိန်၏သား မောင်အေးအောင်မှာ ကလေးအကျဉ်းထောင်၌ တစ်ဦးတည်းကျန်ခဲ့သည်ကို နိုင်ငံတော်အစိုးရအနေနဲ့ သိပါသလား။ (ခ) အကျဉ်းထောင်၌ ၁၃ နှစ်ကျော် ကျခံခဲ့သော မောင်အေးအောင်၏အမှုမှာ နိုင်ငံရေးနှင့် ဆက်နွယ်နေသည့် အမှုဖြစ်သည့်အတွက် မောင်အေးအောင်အား ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်ပေးပါရန် နိုင်ငံတော်အစိုးရအနေဖြင့် ဆောင်ရွက်ပေးရန်ရှိပါသလား။ (ဂ) ဆောင်ရွက်ပေးရန်ရှိပါက ၂၀၁၂ ခုနှစ်တွင် မောင်အေးအောင်အား နိုင်ငံတော်သမ္မတက ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်နည်း။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းနဲ့ပတ်သက်ပြီး ဇူလိုင် ၃ ရက်နေ့မှာပဲ ရလာဒ်ကောင်းရတဲ့အတွက် နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ကြောင်း ပြောကြားရင်းနဲ့ အားလုံးကို လေးစားပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ အခု ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၏ ကလေးအကျဉ်းထောင်ရှိ အကျဉ်းသား မောင်အေးအောင် (ဘ) ဦးသောင်းစိန်အား နိုင်ငံတော် အစိုးရအနေဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်မှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးအကျဉ်းထောင်မှာ ပြစ်ဒဏ်ကျခံလျက်ရှိတဲ့ အကျဉ်းသား မောင်အေးအောင်(ဘ) ဦးသောင်းစိန်ဟာ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ အင်းစိန်မြို့နယ် တရားရုံးမှာ အရေးပေါ် စီမံမှုအက်ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ည)၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူ မှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ ၁၇၊ ၂၀ နဲ့ မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁) တို့နှင့် စုစုပေါင်း ထောင်ဒဏ် ၅၉ နှစ် ကျခံစေဖို့ အမိန့်ချမှတ်ခြင်းခံခဲ့ရသူဖြစ်ပါတယ်။

အကျဉ်းသား မောင်အေးအောင် (ဘ) ဦးသောင်းစိန်အား နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၁ ခုနှစ်၊ မေလ ၁၆ ရက် ရက်စွဲပါ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ်(၂၈/၂၀၁၁) အရ လျှော့ပေါ့ရက် ၁ နှစ်ကိုလည်း ခံစားခွင့်ရရှိပြီးဖြစ်သလို နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် ရက်စွဲပါ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်အမှတ်(၁/၂၀၁၂) နှင့် ပြစ်ဒဏ် ၃၀ နှစ်ကိုပဲ လျှော့ပေါ့ပြောင်းလဲ ခံစားခွင့် ရရှိထားသူလည်း ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ ပြစ်ဒဏ်ကာလ၁၅ နှစ် ၅ လကျခံဖို့ ကျန်ရှိသူ တစ်ဦးလည်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတက နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက်လည်းကောင်း၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များမှ အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်ရဲ့မေတ္တာ၊ စေတနာကို နားလည်ကြပြီး နိုင်ငံတော်တည်ဆောက်ရေးမှာ တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေတဲ့ နိုင်ငံသားများအဖြစ် ပြုပြင်ပြောင်းလဲစေဖို့အတွက်လည်းကောင်းရည်ရွယ်ပြီး ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(က)နှင့်အညီ အကျဉ်းထောင်အသီးသီးက နိုင်ငံသားအကျဉ်းသား ၃၇ ဦး၊ နိုင်ငံသားအကျဉ်းသူ ၉ ဦး စုစုပေါင်း ၄၆ ဦးနဲ့ နှစ်နိုင်ငံချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးတို့ကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူမှုရေးအရငဲ့ညာသောအားဖြင့်လည်းကောင်း နိုင်ငံခြားသားအကျဉ်းသား ၃၄ ဦး၊ စုစုပေါင်း ၈၀ ဦး တို့ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ အရ ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့ရာမှာ ကလေးအကျဉ်းထောင်က အကျဉ်းသားမောင်အေးအောင် (အဖ) ဦးသောင်းစိန်ဟာလည်း ပါဝင်ခဲ့ပြီးဖြစ် ကြောင်းပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ညဘာသံများ)

**ကျူးကျော်သူများအား ဘဝရပ်တည်မှု အာမခံချက်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံအတွင်းမှာနေထိုင်ကြတဲ့ ကျူးကျော်သူများနဲ့ပတ်သက်ပြီးတော့ သူတို့ရဲ့အကျိုးအတွက် မေးခွန်းမေး

မြန်းသွားမှာဖြစ်ပါတယ်။ လူ့ဘဝမှာအရေးကြီးဆုံးက စားဝတ်နေရေးဖြစ်ပါတယ်။ ဒီထဲမှာ နေရေး၊ ထိုင်ရေးဟာ မရှိမဖြစ် အရေးကြီးတဲ့အခန်းကဏ္ဍမှာပါဝင်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်းမှာလည်း အလားတူ နေထိုင်ရေးအခက်အခဲများစွာနဲ့ တွေ့ကြုံနေရတဲ့ ကာလအားဖြင့် ကြာမြင့်ပြီဖြစ်တဲ့ ကျူးကျော်သူမြောက်မြားစွာရှိပါတယ်။ ဒီလိုအခြေအနေမျိုးရောက်နေသူများကို ကျူးကျော်သူများလို့ ပတ်ဝန်းကျင်က သုံးနှုန်းကြတာဖြစ်ပါတယ်။ ကျူးကျော်သူများကို လေ့လာရင် မိမိဒေသအတွင်းမှာ အိမ်ထောင်ခွဲထွက်ပြီးတော့ မိမိကျေးရွာရပ်ကွက်မှာပဲ ပြန်လည်နေထိုင်ကြတဲ့ ကျူးကျော်သူများနဲ့ နာဂစ်ဖြစ်တဲ့ကာလတုန်းကလို မြစ်ဝကျွန်းပေါ်ဒေသကနေ ရန်ကုန်တိုင်းအတွင်း ပြောင်းရွှေ့လာတဲ့ မိမိရဲ့ဘဝရပ်တည်ဖို့အတွက် ရေကြည်ရာမြက်နုရာရှာဖွေရေး၊ လုပ်ကိုင်စားသောက်ရေးနှင့် ရောက်ရှိလာတဲ့ ကျူးကျော်ဆိုပြီးတော့ ၂ မျိုးတွေ့ရမှာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်တော့ နိုင်ငံအတွင်းမှာ သွားလာလုပ်ကိုင်နေတဲ့ ဒေသတွင်းကျူးကျော်တွေလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီနှစ်မျိုးဟာ ကျွန်တော်တို့နိုင်ငံအတွင်းမှာ များစွာရှိပါတယ်။ ကျွန်တော်တို့ မဲဆန္ဒနယ်ဖြစ်တဲ့ ရွှေပြည်သာ မြို့နယ်မှာသာ ၂၀၀၀၀ နီးပါးခန့်ရှိပါတယ်။ ဒီလို ကျူးကျော်လို့ခေါ်တဲ့ လုပ်သားပြည်သူများဟာ နိုင်ငံသားများသာဖြစ်ပြီးတော့ စားဝတ်နေရေးမပြေလည်ကြသလို ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာလည်း အခက်အခဲများစွာကို ကျော်လွှားပြီးတော့ ဘဝရပ်တည်နေရသူတွေလည်း ဖြစ်ပါတယ်။ ယနေ့ ရပ်ကွက်များအတွင်းမှာ ပလပ်နေတဲ့မြေတွေ၊ ပိုင်ရှင်ရှိပြီးတော့ ပိုင်ရှင်လာရောက်နေထိုင် ခြင်းမရှိတဲ့ကွက်လပ်တွေ စက်မှုဇုန်လို့ သတ်မှတ်ထားတဲ့ကွက်လပ်တွေမှာ ရပ်ကွက်က တာဝန်ရှိသူများကို ညှိနှိုင်းပြီးတော့ ငွေကြေးအကုန်ကျခံပြီးတော့ နေထိုင်နေကြတာ ဖြစ်ပါတယ်။ ကျူးကျော်ဘဝကို ကြီးရင့်လာရင် အခြေအနေမဲ့ဘဝကို ရောက်ရှိလာမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီကျင့်သားရနေပြီလို့ပြောတဲ့ တချို့နိုင်ငံကြီးတွေမှာတောင် လမ်းမကြီးတွေရဲ့ဘေးမှာ ဥပဒေမဲ့နေထိုင်ကြတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ သို့သော် ကျွန်တော်တို့ နိုင်ငံအနေနဲ့တော့ မြေသယံဇာတ ကြွယ်ဝသလို ဖန်တီးနိုင်စွမ်းလည်းရှိတာမို့ နိုင်ငံတော်အပိုင်းကလည်း ကျူးကျော်လုပ်သားပြည်သူများအတွက် စာရင်းကောက် ယူတာတွေ၊ ဥပဒေပြုတာတွေ၊ နေရာထိုင်ခင်းစီစဉ်ပေးတာတွေ အစီအမံတွေကို အလေးအနက်ထားဆောင်ရွက်ဖို့ လိုပြီဖြစ်သလို ဥပဒေနှင့်ဆောင်ရွက်မယ့်ကိစ္စတွေကို မလုပ်ခဲ့ရင် ဥပဒေမယ့်ဆောင်ရွက်မှုတွေ ဥပဒေမယ့်အားပေးကူညီမှုတွေ ဆက်ပြီးတော့ရှိလာမှာ ဖြစ်ပါတယ်။ ကျူးကျော်နေထိုင်ရေးဟာလည်း ဒီမိုကရေစီနိုင်ငံ လျှောက်လှမ်းနေတဲ့အချိန်မှာ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံကို စနစ်တကျနဲ့ Reform လုပ်ပေးနေတာတွေ အလေးအနက်ထားပြီး

စီမံပေးနေတာတွေ တစ်နှစ်ကျော်ကာလသာရှိသေးတဲ့ လွှတ်တော်ကြီးရဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့ စည်းကမ်းစနစ်တကျ ပြည်သူ့အသံနားထောင်ပြီး ပြောဆိုဆွေးနွေးဆွေးနွေးနေကြတာတွေကို သူတို့အနေနဲ့ အတတ်ပညာအားနည်းပေမယ့်၊ အသိပညာပြည့်ဝစွာနဲ့ အားကိုးတကြီး စောင့်မျှော်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကျူးကျော်သူများနဲ့ပတ်သက်လို့ မေးလိုတဲ့မေးခွန်းကတော့ -

(၁) နိုင်ငံပေါင်းမှာရှိတဲ့ ကျူးကျော်သူများစာရင်း ကောက်ယူထားခြင်းရှိမရှိ။ မရှိခဲ့ရင် ကောက်ယူဖို့ အစီအစဉ်ရှိမရှိ။

(၂) ၎င်းကျူးကျော်သူများကို သူတို့ရဲ့ ဘဝရပ်တည်ဖို့အတွက် ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး အာမခံချက်ပေးနိုင်တဲ့အထိ နိုင်ငံတော်အနေနဲ့ စီစဉ်ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိမရှိ။

(၃) အစီအစဉ်မရှိခဲ့ရင် များစွာသောကျူးကျော်သူများနှင့် ထပ်မံတိုးပွားလာမယ့် ကျူးကျော်သူများကို ဘယ်လိုဆောင်ရွက်ပေးမလဲဆိုတဲ့ အစီအမံများကို သိလို၍ မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာသူအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးရဲ့ နိုင်ငံတစ်ဝန်းမှာရှိတဲ့ ကျူးကျော်သူများနဲ့ပတ်သက်တဲ့ မေးခွန်းနဲ့စပ်လျဉ်း၍ ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျူးကျော်သူများဆိုသည်မှာ စီမံခန့်ခွဲပိုင်ခွင့်မရှိသော အိမ်ယာမြေ၊ လုပ်ပိုင်ခွင့်ရလယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ သစ်တောမြေ၊ ဌာနဆိုင်ရာမြေနှင့် သာသနာ့မြေ၊ မြေလွတ်မြေရိုင်းများပေါ်မှာ ခွင့်ပြုချက်မရရှိဘဲ ဝင်ရောက်နေထိုင်လုပ်ကိုင်ခြင်းပြုနေသူများပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အစိုးရအဖွဲ့သစ်စတင်တာဝန်ယူချိန်မှစပြီး မြေယာစီမံခန့်ခွဲရေးကိစ္စရပ်များကို စနစ်တကျဖြစ်စေဖို့ ညွှန်ကြားဆောင်ရွက်လျက်ရှိပါတယ်။ ကျူးကျော်သူများဟာ မြန်မာနိုင်ငံရဲ့ မြို့ကြီးများမှာသာ နေထိုင်ကြသူများဖြစ်ပြီး အထူးသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး

ကော်မတီမှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့မြေများ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ မြေများ၊ စက်မှုဇုန်များ၊ စိုက်ပျိုးရေးအထူးဇုန်များနဲ့ မွေးမြူရေးအထူးဇုန်များပေါ်မှာ ကျူးကျော်ဝင်ရောက်နေထိုင်လျက်ရှိနေသည့် အမည်စာရင်းများကို ကောက်ယူရာတွင် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကျူးကျော်အဆောက်အဦးပေါင်း ၄၄၉၆ ခု၊ ဌာနဆိုင်ရာမြေပေါ်မှာ ကျူးကျော်အဆောက်အဦးပေါင်း ၁၀၃၅၀ ခု၊ စက်မှုဇုန်မြေပေါ်မှာ ကျူးကျော်အဆောက်အဦးပေါင်း ၃၄၁၄ ခုရှိကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေတိုးတက်များပြားမှုအပေါ် အခြေခံပြီးတော့ နယ်ပယ်အသီးသီးက လက်လုပ်လက်စားကျပန်းလုပ်သားအချို့အနေနဲ့ စက်မှုဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင် အခွင့်အလမ်းပိုမိုအားသာချက်ရှိတဲ့ မြို့ကြီးများကို ယခင်ကတည်းက ရွှေ့ပြောင်းလုပ်ကိုင်ခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအစိုးရလက်ထက်မှာ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း မြို့ကိုမြို့နဲ့တူအောင် တည်ဆောက်ပြုပြင်ခြင်း၊ မြို့ကွက်များတိုးချဲ့ခြင်း၊ ရပ်ကွက်သစ်များတိုးချဲ့တည်ဆောက်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ ရွှေပြည်သာမြို့သစ်၊ ဒဂုံမြို့သစ်၊ လှိုင်သာယာမြို့သစ်၊ ရွှေပေါက်ကံမြို့သစ်စတဲ့ မြို့သစ်များကို တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနအနေနဲ့ ကျူးကျော်နယ်မြေမှာနေထိုင်သူများဟာ ဥပဒေနှင့်အညီ နေထိုင်ခြင်းမဟုတ်တဲ့အတွက် လိပ်စာပါနေရာမှာ မည်သည့်အခြေအနေနဲ့ နေထိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက်၊ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများရဲ့ ထောက်ခံချက်တင်ပြနိုင်ခြင်းမရှိလို့ အိမ်ထောင်စုလူဦးရေးစာရင်း ထုတ်ပေးနိုင်ခြင်းမရှိကြောင်း သိရှိရပါတယ်။ ကျူးကျော်နယ်မြေမှာ နေထိုင်သူများကို သူတို့ရဲ့ မူရင်းဒေသက ပြောင်းရွှေ့ပုံစံ ၁၀ ထုတ်ယူခဲ့ခြင်းမရှိဘဲ လက်ရှိနေထိုင်ဖို့ ဒေသရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရဲ့ ထောက်ခံချက်မပါရှိဘဲ အိမ်ထောင်စုလူဦးရေးစာရင်းများကို ထုတ်ပေးခဲ့ပါက တစ်ဆက်တည်း နိုင်ငံသား စိစစ်ရေးကတ်ပြားများရရှိစေနိုင်ပြီး အကျိုးဆက်အဖြစ် မြို့နယ်၂ ခုမှာ လူဦးရေးစာရင်းထပ်သွားလို့ လူဦးရေး ဖောင်းပွမှုတွေဖြစ်ပေါ်လာခြင်း၊ ကိုယ်ရေးအချက်အလက်တွေကို မမှန်မကန်ဖော်ပြပြီး မူလကိုယ်ရေးအချက်အလက်များကို ဖုံးကွယ်မှုတွေနဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တစ်ခုထက်ပိုမိုကိုင်ဆောင်ခြင်းများရှိလာနိုင်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးတွေမှာ မလိုလားအပ်တဲ့ဖြစ်စဉ်တွေ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ကျူးကျော်နေသူများကို တရားဝင်အိမ်ထောင်စုလူဦးရေစာရင်း

ထုတ်ပေးနိုင်ခြင်းမရှိကြောင်း သိရှိရပါတယ်။ သို့ပေမယ့်လည်း ကျူးကျော်သူများထဲမှာ အခြားဒေသက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ထုတ်ပေးထားတဲ့ အိမ်ထောင်စု လူဦးရေစာရင်း (ပုံစံ ၆၆/၆) ရရှိပြီးသူများ၊ ဥပဒေနှင့်အညီထုတ်ပေးထားတဲ့ ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်ထားသူများလည်း ပါရှိလာနိုင်ပါတယ်။ အိမ်ထောင်စုလူဦးရေစာရင်း ဘယ်နေရာမှ မရှိသေး သူများရှိလို့ရှိရင်လည်း သူတို့နေထိုင်တဲ့နေရာက တရားဝင်နေထိုင်ခွင့်ပြုတဲ့ နေရာဖြစ်လာရင် ဒါမှ မဟုတ် သူတို့အနေနဲ့ တရားဝင်နေထိုင်ခွင့်ရှိတဲ့နေရာက ပြောင်းရွှေ့ရောက်ရှိခဲ့ရင် အိမ်ထောင်စု လူဦးရေစာရင်းကို သတ်မှတ်ချက်နှင့် ကိုက်ညီပါက အမြန်ဆုံးဆောင်ရွက်ပေးနိုင်ကြောင်း သိရှိရပါ တယ်။

အဲဒီလို မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်နည်းပါးစေဖို့ နိုင်ငံတော်အနေနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် များကို လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၈၈-၁၉၈၉ မှ ၂၀၁၁- ၂၀၁၂ ခုနှစ်အထိ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကို ကဏ္ဍ ၈ ရပ်ချမှတ်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်များအတွင်းမှာရှိတဲ့ မြို့နယ်ပေါင်း ၃၃၀၊ မြို့နယ်ခွဲ ၈၂ ခုတို့မှာ လုပ်ငန်းပေါင်း ၈၁၈၂ ခုကို ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်းပေါင်း ၄၅၈၂.၀၁ ခွဲဝေချထားဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်များကို ကျေးလက်ဒေသဖွံ့ဖြိုးရေးထောက်ပံ့ငွေ စုစုပေါင်းကျပ်သန်း ၃၂၉.၅ ခွဲဝေချထားပေးခဲ့ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းအတွက် စုစုပေါင်း ကျပ်သန်း ၁၄၀၀၀ ခွဲဝေချထားပေးခဲ့ပါတယ်။ ဒါ့အပြင် ကျောင်းနေအရွယ်ကလေးများ အားလုံးကျောင်းအပ်နိုင်ရေးကို နိုင်ငံတော်တစ်ဝန်းလုံး စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာမှာ အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြှင့်မားရေး နှစ် ၃၀ နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်အရ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် အခြေခံပညာမူလတန်း အဆင့်ကျောင်းနေနှုန်းတိုးတက်မြင့်မားရေး၊ အတန်းစဉ်အလိုက် ကူးပြောင်းသင်ယူနှုန်းမြှင့်မားရေး၊ ကျောင်းနေအရွယ် ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးလုပ်ငန်းများကို လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ မသင်မနေရ မူလတန်းပညာရေးစနစ်ကိုဦးတည်ပြီး နိုင်ငံတော်က ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာ မူလတန်းအဆင့် ကျောင်းသားကျောင်းသူအားလုံး အတွက် ကျောင်းသုံးစာအုပ်အပြည့်အစုံနဲ့ လေ့ကျင့်ခန်းစာအုပ်တွေကို အခမဲ့ထောက်ပံ့ပေးခဲ့ပါတယ်။ ပညာရေးအဆင့်အတန်းမြင့်မားရေးအတွက် အခြေခံပညာကျောင်းပေါင်း ၄၀၈၇၆ ကျောင်း၊ အဆင့်

မြင့်ပညာမြှင့်တင်မှု တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ် ၆၄ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ ကျန်းမာရေးအနေနဲ့ နိုင်ငံသားတိုင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လက်လှမ်းမီရေးအတွက်ကို ကျန်းမာရေးအသုံးစရိတ်များ စနစ်တကျ ခွဲဝေသုံးစွဲရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုကို အရည်အသွေးပြည့်ဝပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေလွှမ်းခြုံမြှင့်တင်စေရေးအတွက် ပြည်တွင်း၊ ပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူများအားလုံး လူတန်းစားမရွေး ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိစေမှသာ ကျေးလက်မြို့ပြ ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်တွေ လျှော့ချနိုင်မှာဖြစ်တဲ့အတွက် ဆေးရုံ ၈၉၈ ရုံနှင့် ကျန်းမာရေးလုပ်ငန်းဌာန ၂၀၂၂ ခု တို့ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒေသနေပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် နိုင်ငံတော်အနေနဲ့ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု၊ စက်မှုဇုန် ၁၈ ခု၊ ပုဂ္ဂလိကစက်ရုံ ၄၃၄၀၈ ရုံ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ၁၁၇၄၃ ခုနဲ့ နိုင်ငံပိုင် စက်ရုံအလုပ်ရုံများ ၇၁၅ ရုံဖြင့် စီးပွားရေးဇုန် များအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတဲ့အတွက်ကြောင့် မြို့ပြနှင့်ကျေးလက် စီပွားဖွံ့ဖြိုး တိုးတက်မှု ကွာဟချက်များကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန အနေနဲ့လည်း လူမှုဘဝချို့တဲ့စွာနဲ့ နေထိုင်ရပြီး ကာကွယ်စောင့်ဖို့လိုအပ်တဲ့အတွက် ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် သူတို့ရဲ့မိသားစုများ ကျူးကျော်သူများ အပါအဝင် ကျောင်းပြင်ပ ပညာသင်ကြားပေးခြင်း၊ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းများ သင်ကြားပေးခြင်းလုပ်ငန်းများကို ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ဖအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၁၉-၆-၂၀၁၂ ရက်နေ့ မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲ ဆောရွက်သွားမယ့် လုပ်ငန်းစဉ်များနဲ့စပ်လျဉ်းပြီး နိုင်ငံတော်သမ္မတက နှစ်တိုနှစ်ရှည် စက်မှုကုန်ကြမ်းနဲ့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်နိုင်ရန်မိမိတို့၏ ပြည်သူများကို သစ်တောမြေနှင့် မြေလွတ်၊ မြေရိုင်းများ၌ တရားမဝင် ကျူးကျော်နေထိုင်လုပ်ကိုင်စားသောက်ခြင်း အစား မြို့ကွက်၊ ရွာကွက်များစနစ်တကျ ထူထောင်နေရာ ချထားပေးခြင်း၊ လုပ်ကိုင်စားသောက်ရန် လယ်ယာမြေများ ချထားစီမံပေးခြင်းတို့ကို စုစည်းပြုလုပ်ပေးလျက် သစ်တော၊ သစ်ပင်နှင့် နှစ်ရှည်ပင်များ ရင်နှီးမြှုပ်နှံမှု စီးပွားရေးစိုက်ခင်းကြီးများ ပြောင်းလဲထူထောင်ပေးနိုင်ရန် လမ်းညွှန်

ထားရှိခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျူးကျော်သူများအတွက် မြို့သစ်၊ ရွာသစ်များထူထောင်ပေးခြင်း၊ မြို့ပြစီမံကိန်းများတိုးချဲ့ခြင်းလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ ဇယား(၂) အပိုဒ် ၈ ပါစီမံခန့်ခွဲရေးကဏ္ဍ အပိုဒ်ခွဲ(ခ)အရ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အခြေအနေပေါ် မူတည်ပြီးဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက်မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။အစည်းအဝေးကို မိနစ်၃၀ ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အစည်းအဝေးကို ၁၂း၀၅ နာရီမှာပြန်လည်ကျင်းပမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် (၃၀)ခန့်ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးထိုင် နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကိစ္စနဲ့ ပတ်သက်လို့ တင်ပြစရာကိစ္စရှိပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းကို ပထမဦးဆုံးတစ်နာရီသတ်မှတ်ထားပါတယ်။ ဒီနေ့ မေးတဲ့နေရာမှာ ရှည်လျားမှုများရှိတဲ့အတွက် အချိန်တစ်နာရီကျော်သွားပါတယ်။ လွှတ်တော်ကို မေးခွန်းပေါင်း ၄၀၀ ကျော်ရောက်ရှိပြီး ဖြစ်ပါတယ်။ ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များအတွက်လည်း အခွင့်အရေးပေးဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့ မေးမြန်းတဲ့မေးခွန်းတွေဟာ တိုတောင်းဖို့နဲ့ တိကျဖို့လိုပါတယ်။ လိုအပ်မယ်ဆိုရင် တိကျအောင်စာရေးသားပြီးတော့ ဖတ်ကြားမေးမြန်းနိုင်ကြောင်း တင်ပြလိုပါတယ်။

# ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၅-၇-၂၀၁၂ ရက် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းခဲ့တဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာနဲ့စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ဒဂုံမြို့သစ်မြောက်ပိုင်း မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်နွယ်ဦးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ Standing Committee ဖြစ်တဲ့ ပြည်သူ့ငွေစာရင်း ကော်မတီမှာလည်း ကျွန်မက အဖွဲ့ဝင်ဖြစ်ပြီး စီမံကိန်းများနဲ့ ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီမှာ လည်း အဖွဲ့ဝင်တစ်ဦးဖြစ်ကြောင်း တစ်ပါတည်း တင်ပြအပ်ပါတယ်။ ကျွန်မအနေနဲ့ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးဒုတိယနေ့က ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော် တင်သွင်းခဲ့တဲ့ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ ဆောင်ရွက်ချက် အစီရင်ခံစာ စာမျက်နှာ ၆ အပိုဒ် ၁၈ ကို အနည်းငယ်ဖြည့်စွက် ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ အပိုဒ် ၁၈ မှာ ဖော်ပြထားတဲ့ ဗြိတိသျှနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက် ရေးဌာနDFID ကလာရောက်တွေ့ဆုံရေးကိစ္စအား ကျွန်မအနေနဲ့ တတိယအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးနားတဲ့အချိန်မှာ တောက်လျှောက်ဆောင်ရွက် ခဲ့ရခြင်း ဖြစ်ပါတယ်။ ဗြိတိသျှသံရုံးက ဒုတိယ အတွင်းဝန်နဲ့ ရုံးအုပ်တို့နဲ့ ကျွန်မနဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် အစည်းအဝေး ဆိုင်ရာကိစ္စတွေ အထပ်ထပ်အခါခါ ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီတော့ လွှတ်တော်ဆိုင်ရာ လုပ်ကိုင်ပုံနည်းစနစ်တွေ၊ ကျွန်မတို့လွှတ်တော်ရဲ့ Standing Committee လေးခုရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်တွေ၊ နောက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် တို့မှာရှိတဲ့ ရေးရာကော်မတီတွေ၊ နောက် Joint Committee တွေအားလုံးက Check and Balance ဖြစ်အောင် ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာကို အတန်တန်အဘက်ဘက် ရှင်းလင်း ဆွေးနွေးခဲ့ရတာဖြစ်ပါတယ်။ အထူးအားဖြင့်ကတော့ ကျွန်မတို့ရဲ့ ဘတ်ဂျက်ကို စိစစ်ပြီးတော့ ဖြတ်တောက်တာကို အလွန်အံ့ဩပြီးတော့ ကျွန်မတို့ PAC မှာ Powerful ဖြစ်သွားတာကို သူတို့သိသွားပါတယ်။ အဲဒီတော့ ကျွန်မတို့အနေနဲ့ DFID က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်ကို သူတို့က

ခေါ်ပေးမယ်ဆိုတဲ့အခါမှာ ကျွန်မတို့က လွှတ်တော်နားတဲ့အချိန်မှာ PAC Member က အစုံကလည်းမရှိဘူး။ အကြောင်းကြောင့်နဲ့ ဆက်သွယ်အမျိုးမျိုး ထပ်မံဆက်သွယ်ပြီး တော့ ထပ်ပြီးတွေ့ဆုံခဲ့ရပါတယ်။ လွှတ်တော်နားတဲ့အချိန်မှာပဲ ကျွန်မက အဲဒီ DFID က M.S Joy Hutcheon ကို လွှတ်တော်နဲ့ပတ်သက်တာ မြန်မာ့နိုင်ငံရေးနဲ့ ပတ်သက်တာ နောက်တစ်ခါ မြန်မာပြည်က အုပ်ချုပ်ရေးယန္တယားအဆင့်ဆင့်နဲ့ပတ်သက်တာ ဘယ်ကနေ စခဲ့တာလည်းဆိုလို့ ရှိရင် လွတ်လပ်ရေးရပြီးတဲ့ ၁၉၄၈ ခုနှစ်ကနေပြီးတော့ ယနေ့အချိန်အထိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးစနစ်အမျိုးမျိုးတွေ အစိုးရရဲ့ အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့် စီးပွားရေး စနစ်အမျိုးမျိုးတွေ၊ အဖန်ဖန်အထပ်ထပ် ရှင်းလင်းပြောကြားခဲ့ရပါတယ်။ နိုင်ငံရေးစနစ်နဲ့ ပတ်သက်လို့လည်း ဘယ်အထိအောင်မေးတာလဲ၊ ဘယ်ကစမေးလဲဆိုရင် ၁၉၅၈ ခုနှစ် Care Taker Government အိမ်စောင့်အစိုးရလက်ထက် ဘာဖြစ်လို့ ခြောက်လအတွင်း ရွေးကောက်ပွဲမကျင်းပ တာလဲ။ ဘာလို့ ၁၈ လကြာမှ သန့်ရှင်းအစိုးရ၊ တည်မြဲအစိုးရက ရွေးကောက်ပွဲကျင်းပရတာလည်း မေးခဲ့ပါတယ်။ ထို့အပြင် အစိုးရရဲ့အုပ်ချုပ်ရေးနစ်နဲ့ ပတ်သက်လို့ပဲ ၁၉၃၉ ခုနှစ်က စတင်ခဲ့တဲ့ ဗျူရိုကရေစီအုပ်ချုပ်ရေးယန္တရားများကစပြီးတော့ မြန်မာ့ဆိုရှယ်လစ်စနစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး စနစ် လက်ထက်နှင့် ယနေ့အုပ်ချုပ်ရေးစနစ်တွေကို ကျွန်မက ရှင်းလင်းပြောကြားခဲ့ရပါတယ်။ နောက်တစ်ခါ စီမံကိန်းနဲ့ ပတ်သက်ပြီးတော့ ဘယ်ကစမေးသလဲဆိုလို့ရှိရင် ရှစ်နှစ်ပြည်တော်သာ စီမံကိန်း၊ KTA Enginneering Support အဲဒီမှ မြန်မာကျပ်ငွေ ကုဋေ ၇၅၀၀ ကစပြီး သန့်ရှင်းဖဆပလ အစိုးရလက်ထက်ရေးဆွဲခဲ့တဲ့ စီမံကိန်းတွေကိုလည်းပဲ ရှင်းလင်းခဲ့ရပါတယ်။ အထူးအားဖြင့် ၁၉၆၁-၆၂ ကနေပြီးတော့ ၁၉၆၄-၆၅ ဒုတိယလေးနှစ်စီမံကိန်းကို ဘာကြောင့် အကောင်အထည်မဖော်နိုင်တာလဲဆိုတာကို ဒီကကြွရောက်လာတဲ့ လူကြီးမင်းများအားလုံး သိကြပြီးဖြစ်တယ်။ အဲဒါကိုလည်း ထပ်ပြီးရှင်းလင်းခဲ့ ပြီးဖြစ်ပါတယ်။ အဲဒီတော့ လောလောဆယ်ဆယ် ကျွန်မတို့ လွှတ်တော်ထဲမှာ Political Check and Balance Processing ရဲ့ အကြောင်း၊ နောက်တစ်ခါ လွှတ်တော်သည် Transparence ရှိတဲ့အကြောင်း ကျေနပ်တဲ့အခါမှာမှ DFID က ကိုယ်စားလှယ်နဲ့ ကျွန်မတို့ PAC နဲ့ ခက်ခက်ခဲခဲတွေ့ဆုံဆွေးနွေးပြီးတော့ အောင်မြင်သွားခဲ့ပါတယ်။ အဲဒီတော့ ကျွန်မက ပြောချင်တာကတော့ ရလဒ်ကောင်းအဖြစ်နဲ့ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ကို ဘာတွေလိုသလဲ လိုတာရှိရင်ပြောပါ။ ကျွန်မတို့ကတော့ လိုအပ်တာရှိရင် ရှိတာရှိသလောက်တော့ ပြောပြခဲ့ပါတယ်။ အဲဒီတော့မှ နောက်ဆုံးမှာတော့ အကူအညီပေးမယ့်

အကြောင်း ရလဒ်ကောင်းရရှိခဲ့ပါတယ်။ တစ်နည်းအားဖြင့်ဆိုလျှင် ပိတ်ဆို့မှုအလွန် ရလဒ်ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဝင်းမြင့်၊ လှိုင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းခြင်းဖြင့် နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူ့ လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အဖွဲ့ဝင်ဒေါက်တာဝင်းမြင့် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တင်ပြဆွေးနွေးမယ့် အကြောင်းအရာကတော့ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ ၂-၅-၂၀၁၂ မှ ၃-၇-၂၀၁၂ နေ့အထိကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာများအပေါ်တွင် ဆွေးနွေးခြင်းဖြစ်ပါတယ်။ ကော်မတီ၏အစီရင်ခံစာအပိုဒ် ၂၊ ၃ တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲမှု သုံးစွဲရေးဥပဒေကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင်မှ တင်ပြခဲ့ခြင်းနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိပါ၍ နောက်နောင် နောက်ထပ်ဘဏ္ဍာငွေသုံးစွဲမှုများကို နှစ်စဉ်အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသင့်ကြောင်း ဖော်ပြထားချက်သည် ကျိုးကြောင်းဆီလျော်ပြီး ဥပဒေပြုအဖွဲ့အစည်းတစ်ခုအနေဖြင့် တည်ဆဲဥပဒေများ သက်ဝင်စေရေးအတွက် ဆောင်ရွက်မှုတစ်ခု ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အစီရင်ခံစာအပိုဒ် ၄၊ ၅ တို့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့်ပတ်သက်၍ တင်ပြထားသည်ကို တွေ့ရှိရပါသည်။ အမျိုးသားစီမံကိန်းများသည် ပြည်သူများအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်း ရှိ၊ မရှိ။ ပြည်သူ့ငွေများသုံးစွဲ၍ စီမံကိန်းများဖော်ဆောင်ရာတွင် သုံးစွဲနိုင်သောငွေပေါ်တွင် မူတည်၍ ဦးစားပေးအဆင့်သတ်မှတ်ရန်လိုအပ်ခြင်း၊ စီမံကိန်းတန်ဖိုးများ စိစစ်ရန်လိုအပ်ခြင်းတို့ကြောင့် ဘတ်ဂျက်လွှတ်တော်မတိုင်မီ ဘဏ္ဍာရေးနှစ်ခြောက်လကျော်ပြီးသော နှစ်စဉ်အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် တင်သွင်းသင့်ကြောင်း တင်ပြထားယေည်။ စီမံကိန်းနှင့်ဘတ်ဂျက်များကို စနစ်တကျ ဆက်စပ်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်ပင်ဖြစ်ကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။ အစီရင်ခံစာ၏အပိုဒ် ၆၊ ၇၊ ၈၊ ၉၊ ၁၀ တွင် ၂၀၁၂ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံး

ဆိုင်ရာဥပဒေအရ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို တင်ပြထားသည်ကို တွေ့ရှိရပါသည်။ ၎င်းတင်ပြချက်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့်သာ ဆောင်ရွက်ကြရမည်ဖြစ်ပြီး လိုအပ်သည့်ငွေကို ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်ရန်နှင့် ၎င်းလိုအပ်ငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ရန် ဖော်ပြထားပြီး ထုတ်ချေးငွေများ အတည်ပြုရယူထားခြင်း မရှိသေးသည်ကို တွေ့ရှိခဲ့ကြောင်း ဖော်ပြထား၍ နိုင်ငံပိုင်လုပ်ငန်းများ အနေဖြင့် မလိုအပ်၍ မတောင်းခံထားတာပါဟုလည်း စဉ်းစားရန် ရှိပါသည်၊ နိုင်ငံတော်တွင် ပြည်သူ့ငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် လွန်စွာများပြားသည်ကို သိရှိရပါသည်။ လုပ်ငန်းတော်တော်များများသည်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် ပြန်လည်ရရှိမှု အချိုးမကောင်းမွန်ကြောင်း ကြားသိနေရပါသည်။ သို့သော်လည်း ယနေ့အချိန်အထိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ စာရင်းစစ်ချုပ်အစီရင်ခံစာတစ်စုံတစ်ရာမျှ ရရှိခဲ့ခြင်းမရှိသေးပါ။ ၎င်းလုပ်ငန်းများ၏ စာရင်းစစ်အစီရင်ခံစာများ ရရှိသင့်ပါကြောင်းလည်း တင်ပြဆွေးနွေးအပ်ပါသည်။ မိမိတို့ ကော်မတီအနေဖြင့်လည်း သက်ဆိုင်ရာလုပ်ငန်းများသို့ သွားရောက်လေ့လာစိစစ်မှုတစ်စုံတစ်ရာ ပြုလုပ်ခဲ့ခြင်းမရှိသေးကြောင်းနှင့် ဆောင်ရွက်သင့်ပါကြောင်း တင်ပြဆွေးနွေးအပ်ပါသည်။ သို့မှသာပြည်သူ့ငွေများဖြင့် ကြီးမားလှစွာသော ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသည်မှ အရှုံးပေါ်နေသည်များကို ထိန်းသိမ်းနိုင်ခြင်း၊ ဝင်ငွေရှိတော့ရှိပါရဲ့ သို့သော် ရင်းနှီးမြှုပ်နှံထားသလောက် မရရှိတာတွေကို လိုအပ်သလိုပြုပြင်ဖို့ သက်ဆိုင်ရာလွှတ်တော်တွေမှာ တင်ပြပြီး လိုအပ်သလို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အစီရင်ခံစာ အပိုဒ် ၁၁၊ ၁၂၊ ၁၃ တွင် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိ သူများနှင့်လည်းကောင်း၊ အပိုဒ် ၁၄၊ ၁၅၊ ၁၆၊ ၁၇ တွင် IMF မှ တာဝန်ရှိသူများနှင့် လည်းကောင်း၊ အပိုဒ် ၁၈၊ ၁၉၊ ၂၀၊ ၂၁ တွင် DFID မှ တာဝန်ရှိသူများနှင့် လည်းကောင်း တွေ့ဆုံး ဆွေးနွေးချက်များ တင်ပြထားသည်ကို တွေ့ရှိရပြီး တင်ပြချက်များအရ မိမိတို့ဒီမိုကရေစီနိုင်ငံတော်သစ်ကို အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အထူးစိတ်ဝင်စားမှုထားရှိပြီး အကူအညီများ အကြံဉာဏ်များ ပေးလျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။ အကြံပြုချက် များတွင် ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် မည်ကဲ့သို့ ပြည်သူ့ငွေများကို ထိန်းသိမ်းလျက်ရှိ ပါသလဲဟုလည်း မေးမြန်းထားသည်ကို တွေ့ရှိရပါသည်။ မိမိတို့ပေးရသော အခွန်များကို အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မည်ကဲ့သို့သုံးစွဲနေသည်ကို

ပြည်သူများအား အသိပေးသင့်ပါကြောင်းလည်း အကြံပြုထားသည်မှာ အထူးတလည်လက်ခံဆောင်ရွက်သင့် သောအချက်ဖြစ်ပါကြောင်း တွေ့ရှိရပါသည်။ အစီရင်ခံစာ၏ အပိုဒ် ၂၃၊ ၂၄၊ ၂၅ တွင် မြန်မာ နိုင်ငံစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်ရန်အဆိုပြုချက်များ ထည့်သွင်းထားသည်ကို တွေ့ရှိရပါသည်။ ပြည်သူ့ငွေစာရင်းကော်မတီအနေဖြင့် ပြည်သူ့ကိုယ်စားပြည်သူ့ငွေများကိုရရှိမှု၊ သုံးစွဲမှုများအား ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် မရှိမဖြစ် လိုအပ်ချက်ပင် ဖြစ်ပါ ကြောင်း ဆွေးနွေးတင်ပြအပ်ပါသည်။ ဖော်ပြပါ အစီရင်ခံတင်ပြချက်များအရ မိမိတို့ပြည်သူ့ငွေစာရင်း ကော်မတီသည် ပြီးခဲ့သောကာလများအတွင်း စာရင်းစစ်ချုပ်အစီရင်ခံစာများ ပြည့်စုံလုံလောက်စွာ ရရှိခြင်း မရှိသောကြောင့် မိမိတို့၏ တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင် ခြင်း မရှိသေးသည်ဟု သိရှိခံစားရပါသည်။ နိဂုံးချုပ်အနေဖြင့် ဆွေးနွေးလိုသည်မှာ ကော်မတီ၏အစီရင်ခံချက်တွင် ဖော်ပြချက်အရသိရှိရသည်မှာ ကော်မတီသည် စာရင်းစစ်ချုပ်၏ အစီရင်ခံစာပေါ်တွင်သာ တည်မှီ၍ လုပ်ငန်းဆောင်ရွက်နေသည်ဟု တွေ့ရှိရပါသည်။ ပြီးခဲ့သော ကာလများ၏ အတွေ့အကြုံအရ စာရင်းစစ်ချုပ်သည် စာရင်းစစ်ချုပ်အစီရင်ခံစာကို နိုင်ငံတော်သမ္မတသို့သာ ပေးပို့ခွင့်ရှိခြင်းနှင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ရန် မဖြစ်နိုင်ခြင်း၊ နိုင်ငံတော်သမ္မတသို့ တင်ပြရာတွင်လည်း ထူးခြားသော ကိစ္စရပ်များကိုသာ တင်ပြခြင်းတို့ကြောင့် ထူးခြားသည်ဟု ယူဆရသော စာရင်းများဖြစ်သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ စာရင်းစစ်ချုပ်အစီရင်ခံစာသည် ယနေ့အထိ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့ငွေစာရင်းကော်မတီသို့ ရောက်ရှိခြင်း မရှိသေးဘဲ ပြည်သူ့ငွေစာရင်း ကော်မတီအနေဖြင့်လည်း သက်ဆိုင်ရာဌာနများသို့ သွားရောက်စစ်ဆေးခြင်း ပြုလုပ်နိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။ ကော်မတီတာဝန်အနေဖြင့် အပိုဒ် ခ တွင် ဖော်ပြချက်အရ ကော်မတီသည် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုထားသောငွေများကို ထိရောက်မှန်ကန်စွာ သုံးစွဲခဲ့ခြင်း ရှိ၊ မရှိ စိစစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းဌာနများသို့ သွားရောက်စစ်ဆေးနိုင်သည်ဟု ဖော်ပြပါရှိပါသည်။ ယနေ့အချိန်အထိ ကော်မတီအနေဖြင့် ၎င်းအပိုဒ်ပါ ဖော်ပြချက်တွင် ဖော်ပြပါရှိသည့် တာဝန်ယူဆောင်ရွက်ခြင်းဖော်ပြချက် မပါရှိပါ၍ ပြည်သူများက ပေးအပ်ထားသောတာဝန်ကို ကျေပွန်စွာထမ်းဆောင်သော ပြည်သူ့ကိုယ်စားလှယ်ဖြစ်စေရေးအတွက် ၎င်းအပိုဒ်ပါတာဝန်ကို ထမ်းဆောင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်းလည်း ဆွေးနွေးတင်ပြအပ်ပါသည်။ ပြည်သူ့ငွေများကို စိစစ်ရာတွင် သုံးစွဲမှုကိုသာမက ရငွေအပိုင်းများကိုလည်း စိစစ်ရန် လိုအပ်ပါကြောင်း တင်ပြလိုပါ သည်။ ၎င်းရငွေတွင် နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်အခများကို

ရသင့်သည့်အတိုင်း ရရှိရေးအတွက် ဆောင်ရွက်ရန် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုများဖြစ်၍ ၎င်းလုပ်ငန်းများမှ နိုင်ငံတော်နှင့် ပြည်သူများထံမှ ရင်းနှီးမြှုပ်နှံမှုအလိုက် ထိုက်သင့်သောဝင်ငွေများ ရရှိမှု ရှိ၊ မရှိ စိစစ်ရန်လိုအပ်ပါကြောင်း၊ အရှုံးမပေါ်ရုံ၊ ထောက်ပံ့ရန် လိုအပ်ရုံဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ လည်ပတ်နေမှုအား ကျေနပ်မထားသင့်ကြောင်း တင်ပြဆွေးနွေးလိုပါသည်။ အချို့သော စက်ရုံများသည် စက်ရုံတည်နေရာလွဲမှား၍ အမြဲတမ်း အရှုံးပေါ်နေမည့် စက်ရုံများဖြစ်ပါသည်။ ဥပမာအားဖြင့် မကွေးနှင့်မြင်းခြံရှိ သံမဏိစက်ရုံများသည် ကုန်ကြမ်းကို ပြည်ပမှတင်သွင်းပြီး ရန်ကုန်မှတစ်ဆင့် ၎င်းဒေသများသို့ ပို့ဆောင်၍ ကုန်ချောများကိုလည်း ရန်ကုန်သို့ ပြန်လည်သယ်ဆောင်နေရသော အခြေအနေရှိပါသည်။ အချို့သော စက်ရုံများသည် မိမိထွက်ကုန်များကို ဈေးကွက်ပေါက်ဈေးဖြင့် မဟုတ်ဘဲလျှော့၍ ရောင်းချပေးနေခြင်း၊ အချို့သည် ပစ္စည်းတစ်မျိုးတည်းကို ရောင်းဈေးနှစ်မျိုးဖြင့် ရောင်းပေးနေခြင်းရှိနေခြင်းများကိုလည်း စိစစ်ရန် လိုအပ်ကြောင်းတင်ပြလိုပါသည်။ ကော်မတီ၏ တာဝန်ဖော်ပြချက်တွင် ရငွေဆိုင်ရာ စိစစ်ခြင်းနှင့်ပတ်သက်၍ အပိုင်း(င)တွင် ဖော်ပြချက်အရ နိုင်ငံတော်သမ္မတ၏အမိန့်အရ ရငွေတစ်ရပ်ရပ်ကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုလည်းကောင်း၊ သိုလှောင်သိမ်းဆည်းထားသော ကုန်ပစ္စည်းများနှင့် စပ်လျဉ်း သည့်စာရင်းများ၊ ကုန်ပစ္စည်းများကို စစ်ဆေးသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာကိုသော်လည်းကောင်း စိစစ်ရမည်ဟု ဖော်ပြထားချက်အား သုံးငွေဆိုင်ရာစိစစ်ရန်အတွက် အပိုဒ်(ခ)တွင် ဖော်ပြထားသည့်အတိုင်း ပိုမိုကျယ်ပြန့်စွာနှင့် ပြည်သူ့အကျိုးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ငွေစာရင်းအတွက် ရရန်ရှိငွေများကို စိစစ်နိုင်ရန် တာဝန်သတ်မှတ်ပေးသင့်ပါကြောင်း နိဂုံးချုပ်အနေဖြင့် တင်ပြဆွေးနွေးရင်း နိဂုံးချုပ် အပ်ပါသည်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၇ မသွားမီ ဦးဝင်းမြင့် တင်ပြချက်နှင့်ပတ်သက်ပြီး စာမျက်နှာစ စာပိုဒ် ၂၅ စာပိုဒ်ခွဲ(က)၊ (ခ)။ ဒီနေရာမှာ စာရင်းစစ်ချုပ်ရဲ့ တည်ဆဲဥပဒေအရ ဆောင်ရွက်မယ်ဆိုရင် ပြည်သူ့ငွေစာရင်းကော်မတီအနေနဲ့ မိမိတို့ရဲ့လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်မှာ မဟုတ်ဘူး။ ဒါကြောင့်မို့လို့ ပြင်ဆင်ရန်ရှိသည်များကို ပြင်ဆင်ဖို့ တင်ပြခြင်းဖြစ်တယ်လို့ ယူဆပါတယ်။ ဒါကြောင့် ဒီလိုတင်ပြတယ်ဆိုလို့ရှိရင် သက်ဆိုင်ရာတာဝန်ရှိတဲ့ ကော်မတီကရော၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကရော ပြင်ဆင်သင့်တဲ့ဥပဒေများကို ပြင်ဆင်ရန် ဆက်လက်

ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒီကိစ္စကိုလည်း လွှတ်တော်ကိုယ်စားလှယ်များအလေးထားပြီးတော့ ဆောင်ရွက်ဖို့ ဖြစ်တယ်လို့ မိမိယူဆပါတယ်။

## ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြု ချက်ရယူခြင်း

အစီအစဉ် ၇ ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၅၂ နည်းဥပဒေခွဲ(က)အရ ပြည်သူ့ငွေစာရင်း ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆို တင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်ရန်ဖြစ်ပါတယ်။ အဆိုတင်သွင်းရန် သက်ဆိုင်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးသူရိန်ဇော်(ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ ၅-၇-၂၀၁၂ ရက်နေ့က ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သော ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာအမှတ်၊ ၄/၂၀၁၂ အား သဘောတူအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုပေးနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာအား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို နေ့လည်စာ စားသုံးနိုင်ရန်အတွက် (၁)နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို (၁)နာရီခန့် ရပ်နားပါသည်။]

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၅-၇-၂၀၁၂ ရက် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့တွင်တင်သွင်းခဲ့တဲ့ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ၂ ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီက တင်သွင်းသွားခဲ့တဲ့ အစီရင်ခံစာအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာမှာ ဖော်ပြထားတဲ့အကြောင်းအချက်တွေထဲက အရေးအကြီးဆုံးအချက်ဖြစ်တယ်လို့ ယူဆမိတဲ့ စာမျက်နှာ ၃ နံပါတ် ၈ ပါအကြောင်းအရာကို အဓိကထားပြီး ဆွေးနွေးအကြံပြုသွားလိုပါတယ်။ ဒီနေရာမှာ ရှင်းရှင်းလင်းလင်း ဖြစ်စေရန်အတွက် အဲဒီစာပိုဒ်အမှတ် ၈ ကိုပြန်ကောက်ပြီး ပြောလိုပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းရေးဆွဲရာတွင် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်များသည် ပြည်ထောင်စုအဆင့်ဖြစ်သည်ဟု ထည့်သွင်းရေးဆွဲထားပါသည်။ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက လွှတ်တော်များမှ ဖွဲ့စည်းထားသော ကော်မတီ၊ ကော်မရှင်များကို ပြည်ထောင်စုအဆင့်ဟု သတ်မှတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း မရှိဟုဆုံးဖြတ်ထားပါသည်။ ထိုသို့ ဆုံးဖြတ်ချက်ကြောင့် ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းရေးကိစ္စတွင် ဥပဒေဆိုင်ရာအကြပ်အတည်းများ ဖြစ်ပေါ်လျက်ရှိကြောင်း တင်ပြအပ်ပါသည်။ အဆိုပါ အကြပ်အတည်းကို ကျော်လွှားရန် မည်သို့ဆောင်ရွက်သင့်သည်ကို လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အတွင်း ဆွေးနွေးအဖြေရှာသင့်ပါကြောင်း လွှတ်တော်အခွင့်အရေးကော်မတီအနေဖြင့် အကြံပြုတင်ပြအပ်ပါသည်လို့ ဆိုထားတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဒီလိုဆုံးဖြတ်ခဲ့တာနဲ့ပတ်သက်ပြီး ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့အစီအစဉ်မှာ ကျွန်တော်အပါအဝင် လွှတ်တော်ကိုယ်စားလှယ် ၁၀ ယောက်က ဆွေးနွေးသွားခဲ့ကြရာမှာလည်း ခုံရုံးရဲ့ဆုံးဖြတ်ချက်ဟာ မှားယွင်းကြောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီရဲ့ယူဆချက်ကို ထောက်ခံကြောင်း သဘောထား ဖော်ပြခဲ့ကြပြီး ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဒီလိုဆုံးဖြတ်ခဲ့တာကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ အရ ဒီဆုံးဖြတ်ချက်ဟာ အပြီးအပြတ်ဖြစ်စွာ အတည်ဖြစ်လျက်ရှိနေပါတယ်။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာမှာ ဖော်ပြထားတဲ့အတိုင်း ယခုအခါမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်ဥပဒေကြမ်းများကို အတည်ပြုရေးဟာ ရှေ့မတိုးနိုင်ဘဲ ဖြစ်နေရုံမက၊ လက်တွေ့လုပ်ငန်းတာဝန်တွေ ဆောင်ရွက်ရာမှာလည်း ပြည်ထောင်စုအစိုးရရဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို လွှတ်တော် ကော်မတီ၊ ကော်မရှင်များက တည်ဆဲဥပဒေများနှင့်အညီ ပေးအပ်ထားတဲ့တာဝန်များကို ထမ်းဆောင်ခြင်းရှိမရှိ အပြန်အလှန်ထိန်းကျောင်းစစ်ဆေးဖို့ များစွာအခက်အခဲတွေဖြစ်လာနေပါတယ်။ ဒါကြောင့် ဒီအခက်အခဲအကြပ်အတည်းကို မုချကျော်လွှားရမှာဖြစ်ပြီး ကျော်လွှားနိုင်မယ့်နည်းလမ်း ၂ သွယ်ကို ကျွန်တော်စဉ်းစားမိပါတယ်။ အဲ့ဒါတွေကတော့ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သင့်တော်တဲ့ နေရာတစ်နေရာရာမှာ ပြည်ထောင်စုလွှတ်တော် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့က ဖွဲ့စည်းပေးလိုက်သော ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့သည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ ဖြစ်ကြသည်လို့ ရှင်းရှင်းလင်းလင်း ဖြည့်စွက်ဖို့ဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြည့်စွက်၊ ပြင်ဆင်လိုခြင်း မရှိဘူးဆိုရင်တော့ နောက်တစ်နည်းလုပ်နိုင်တာက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး တစ်ဖွဲ့လုံးကို စွပ်စွဲပြစ်တင်ပြီး ရာထူးတာဝန်များမှ ရပ်စဲစေခြင်းနည်းပဲဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးကို စွပ်စွဲပြစ်တင်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၄ ပုဒ်မခွဲ(က) အပိုဒ် ၅ ဥပဒေအရ

ပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်းဆိုတဲ့အချက်နဲ့ စွပ်စွဲပြစ်တင်ခြင်း ပြုသင့်ပါတယ်။ လွှတ်တော်များမှဖွဲ့စည်းသော ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များကို ပြည်ထောင်စု အဆင့်ဟုသတ်မှတ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိလို့ ဆုံးဖြတ်ထားတာဟာ မမှားသင့်တဲ့အမှား၊ မပြုသင့်တဲ့အပြုအမူသာဖြစ်ပြီး အဲဒီအချက်နဲ့ စွပ်စွဲပြစ်တင်လို့ အထမြောက် အောင်မြင်ခဲ့မှသာ ခုံရုံးရဲ့ဆုံးဖြတ်ချက်ဟာ ပျက်ပြယ်သွားမှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ တခြားသော အချက်များနဲ့ စွပ်စွဲပြစ်တင်လို့ ခုံရုံးတစ်ဖွဲ့လုံးနှုတ်ထွက်သွားရရင်တောင် ၎င်းတို့ဆုံးဖြတ်ထားချက်က ပျက်ပြယ်သွားမှာမဟုတ်ဘဲ ဆက်လက်ရပ်တည်နေမှာဖြစ်လို့ ကျွန်တော်တို့ ရည်ရွယ်ချက် အထမြောက်နိုင်မှာမဟုတ်ပါဘူး။

ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့နိုင်ငံက စနစ်သစ်ခေတ်သစ်ကို အားကြိုးမာန်တက်ချီတက်နေခြင်းမှာ ထိခိုက်နာကျင်မှု တွေအနည်းဆုံးနည်းလမ်းကိုပဲ ရွေးစေချင်ပါတယ်။ ခုံရုံးအဖွဲ့ကို စွပ်စွဲပြစ်တင်ပြီး တာဝန်တွေရပ်စဲ လိုက်ခြင်းအားဖြင့် နောင်တက်လာမယ့် ခုံးရုံးအဖွဲ့များဟာ လွှတ်တော်ကို များစွာထိတ်လန့်ကြောက်ရွံ့ သွားပြီး မှန်ကန်တဲ့ဆုံးဖြတ်ချက်များကို ဘက်မလိုက်ပဲ လွတ်လွတ်လပ်လပ် ချမှတ်ရေးမှာ ခက်ခဲလာနိုင် ပါတယ်။ ကျွန်တော့်သဘောထားက မည်သူ့ကိုမှ ကြောက်ကြောက်ရွံ့ရွံ့နဲ့ တာဝန်မထမ်းစေချင်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာလည်း ပညတ်တရားပဲဖြစ်တာမို့ မတို့မထိကောင်းတဲ့အရာ၊ မပြင်အပ် မဖြည့်စွက်အပ်တဲ့ အရာမဟုတ်ပါ။ လိုအပ်ရင် ပြင်သင့်တာက ပြင်ဆင်ရမှာပဲဖြစ်ပါတယ်။ ထိခိုက်နာကျင်မှု နည်းနည်းနဲ့ လိုရာခရီးကို ရောက်နိုင်တယ်ဆိုရင် အဲဒီလမ်းကို ရွေးချယ်သင့်ပါတယ် လို့ အကြံပြုလိုပါတယ်။ ဒါဟာကျွန်တော်တစ်ဦးတည်းရဲ့ စဦးစားချက်တွေသာဖြစ်ပြီး လွှတ်တော် အခွင့် အရေးကော်မတီကတင်ပြထားသလို လွှတ်တော်တစ်ရပ်လုံးကသာ ဆွေးနွေးဆုံးဖြတ်ရမှာဖြစ်လို့ သင့်တော်တဲ့နေ့တစ်နေ့မှာ ဒီအစီအစဉ်ကို ဆောင်ရွက်ပေးပါလို့ တင်ပြရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစာအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့လူကြီးမင်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝ ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်

ခံစာပါ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့ကြောင်း တွေ့ရှိရပါတယ်။ အမျိုးသားလွှတ်တော်ကလည်း ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကလည်း ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ကြောင်းတို့ကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့် ယင်းဥပဒေကြမ်းကို နိုင်ငံတော်သမ္မတထံလက်မှတ်ရေးထိုးရန်ပေးပို့ခဲ့ရာ ပြင်ဆင်ပေးရန် မှတ်ချက်များဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ကြောင်း ဖတ်ရှုလေ့လာတွေ့ရှိရပါတယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက လွှတ်တော်များမှ ဖွဲ့စည်းသော ကော်မတီ၊ ကော်မရှင်များကို ပြည်ထောင်စုအဆင့်ဟု သတ်မှတ်ခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ညီညွတ်ခြင်းမရှိလို့ ဆုံးဖြတ်ထားတာတွေ့ရှိရပါတယ်။ ဒါပေမယ့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(စ)မှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကို အဓိပ္ပာယ်သတ်မှတ်ရာမှာ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ဖွဲ့စည်းသည့်ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့ ပါဝင်နေတာကို တွေ့ရပါတယ်။ ဒီဥပဒေဟာ အတည်ဖြစ် လျက်ရှိနေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ မှာ တည်ဆဲဥပဒေများဟာ ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ ဆုံးဖြတ်ချက်ဟာ အပြီးအပြတ်အတည်ဖြစ်သည်လို့ ပုဒ်မ ၃၂၄ မှာ ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ ယင်းပြဋ္ဌာန်းချက်ကြောင့် ဥပဒေကြမ်းရေးဆွဲအတည်ပြုရေးနဲ့ ပတ်သက်တဲ့ကိစ္စကို လွှတ်တော်ထပ်မံဆွေးနွေးခွင့်မရှိလို့ ဆိုလိုလို့မရပါဘူး။ ဒါဟာ တရားစီရင်ရေးကျင့်စဉ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့အထက်မှာ တစ်ဆင့်မြင့်ခုံရုံးမရှိတဲ့အတွက် ဤကဲ့သို့ သုံးနှုန်းရခြင်းဖြစ်ပါတယ်။ ဤသည်မှာ ဥပဒေရဲ့ မူလရည်ရွယ်ရင်းအနှစ်သာရ ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်တင်ပြရလို့ရှိရင် တရားစီရင်ရေးနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နောက်ဆုံးအပြီးအပြတ် အယူခံဝင်ရာတရားရုံးဖြစ်တယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၅ ပုဒ်မခွဲ(ခ)မှာ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ရွေးကောက်တင်မြှောက်ခြင်းနှင့် စပ်လျဉ်းလို့လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ဟာ အပြီးအပြတ်အတည်ဖြစ်စေရမယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၂ မှာ ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

အချုပ်အခြာအာဏာဟာ ပြည်သူလူထုထံမှဆင်းသက်ရပါတယ်။ Sovereignty of the people ဖြစ်ပါတယ်။ အဲဒီ ဒီမိုကရေစီကျင့်စဉ်မူအရ မဲဆန္ဒရှင်ပြည်သူလူထုက ရွေးကောက်တင်မြှောက်ပြီး ၎င်းတို့ကိုယ်စား လုပ်ပိုင်ခွင့် Mandate ပေးလိုက်တဲ့ လွှတ်တော်များရဲ့ ဥပဒေပြုရေးအာဏာကို ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးရဲ့ဆုံးဖြတ်ချက်က ပိတ်ပင်ပိုင်ခွင့်မရှိပါဘူး။ Parliament is supreme ဖြစ်ရပါ မယ်။ လွှတ်တော်က နိုင်ငံတော်ရဲ့ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်သမ္မတက ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့တဲ့ ဥပဒေကြမ်းတွေနဲ့ စပ်လျဉ်းပြီးတော့ ဆက်လက်ဆောင်ရွက်နိုင်တဲ့လုပ်ငန်းစဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆ (က)၊ (ခ)၊ (ဂ)တို့မှာ အတိအကျပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို ရေးဆွဲတဲ့အခါမှာ နိုင်ငံတော်ရဲ့ အခြေခံမူများကိုအဓိကထားပြီးတော့ အခြေခံရေးဆွဲရပါတယ်။ အဲဒီပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းဟု Separation of power ကို အတည်အလင်းဖွင့်ဆိုထားပါတယ်။ ထို့အတူ ပုဒ်မ ၁၂ ပုဒ်မခွဲ(က) မှာလည်း နိုင်ငံတော်ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်များအား ခွဲဝေ အပ်နှင်းသည်လို့ အတည်အလင်းဖွင့်ဆိုထားပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် တိုင်းပြည်၏အသက်ဖြစ်ပါတယ်။ တိုင်းပြည်၏အခြေခံအကျဆုံးဥပဒေ Fundamental Law ဖြစ်ပါ တယ်၊ အထွတ်အထိပ်ဥပဒေ supreme Law ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးမှာ တွေ့ကြုံနေရတဲ့အကြပ်အတည်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်နဲ့ ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်တို့ရဲ့ တင်ပြဆွေးနွေးမှုများဟာ လွှတ်တော်ကိုယ်စားလှယ်များ အလေးထားစဉ်းစားဆောင်ရွက်သင့်တဲ့ကိစ္စရပ်များ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အလေးထားစဉ်းစားပြီးတော့ ကျွန်တော်တို့လွှတ်တော်၊ လွှတ်တော်ရဲ့ တာဝန်၊ လွှတ်တော်ရဲ့လုပ်ပိုင်ခွင့်တွေကို အသုံးပြုပြီး ပြည်သူလူထုရဲ့အကျိုးစီးပွားဖြစ်နိုင်ရေး ရှေ့ရှုပြီးတော့ဆောင်ရွက်သွားဖို့လိုကြောင်း ထပ်လောင်းပြီးတော့ လွှတ်တော်ကိုတင်ပြအပ်ပါတယ်။

## ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြု ချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ နည်းဥပဒေခွဲ(က)အရ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးပိုက်ထွေး(ကံမမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ကံမမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးပိုက်ထွေးဖြစ်ပြီး လွှတ်တော်အခွင့်အရေးကော်မတီဝင်လည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းခဲ့သော ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကိုသဘောတူလက်ခံပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုအတည်ပြုနိုင်ဖို့အတွက် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာ အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၅-၇-၂၀၁၂ ရက် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းခဲ့တဲ့ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနဲ့

စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ဦးစွာ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၊ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းဟန်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် အစိုးအရ၏ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ၅-၇-၂၀၁၂ ရက်နေ့မှာ ဤလွှတ်တော်သို့ တင်သွင်းခဲ့တဲ့ အစီရင်ခံစာနဲ့ပတ်သက်ပြီး အကြံပြုဆွေးနွေးတင်ပြသွားမှာဖြစ်ပါ တယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ တင်ပြချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ အစီရင်ခံစာမှာ အပိုင်းနှစ်ပိုင်းပါရှိတာကို တွေ့ရပါတယ်။ ပထမပိုင်းကတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ လွှတ်တော်တွင်းမေးမြန်းတဲ့ မေးခွန်းများနဲ့ ပတ်သက်ပြီး ဖော်ပြထားပါတယ်။ မေးခွန်းပေါင်း ၁၂၆ ခုရှိပြီး ကတိတာဝန်ခံချက် ၆၈ ခုကို ဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအဆင့် ၂၁ ခုက ကတိပြုတာဝန်ခံထားကြောင်း ဖော်ပြထားပြီးတော့ နောက်ဆက်တွဲ(က)ဇယားနဲ့ ဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအဆင့်ဌာနများက ၁၅-၇-၂၀၁၂ ရက်နေ့အထိ မည်သို့မည်မျှ အကောင်အထည်ဖော်ပြီးကြောင်း စိစစ်တွေ့ရှိချက်ကို ဖော်ပြထားတာဖြစ်ပါတယ်။ ထို့အတူပဲ အစီရင်ခံစာရဲ့ ဒုတိယပိုင်းမှာ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ တင်သွင်းခဲ့တဲ့ အဆိုများနဲ့ ပတ်သက်ပြီး ဖော်ပြထားတာ ဖြစ်ပါတယ်။ အဆိုပေါင်း၂၇ ခုတင်သွင်းခဲ့ပြီး အဆို ၁၆ ခု အတည်ပြုနိုင်ခဲ့ရာမှာ ဝန်ကြီးဌာန ပြည်ထောင်စုအဆင့် ခြောက်ခုက ၁၅-၇-၂၀၁၂ ရက်နေ့အထိ မည်သို့မည်မျှ ဆောင်ရွက်ပြီးကြောင်းကို နောက်ဆက်တွဲ(ခ)အဖြစ်နဲ့ ဖော်ပြထားတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ယခင်အစည်းအဝေးများက မေးခွန်းနဲ့ အဆိုများကိုတော့ တင်ပြတဲ့အစည်းအဝေးရဲ့ မေးခွန်း အဆို အရည်အတွက်နဲ့ နှိုင်းယှဉ်ဖော်ပြထားတာကိုလည်း တွေ့ရှိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ အဓိကတာဝန်မှာ ဝန်ကြီးဌာနများနဲ့ ပြည်ထောင်စုအဖွဲ့အစည်းဝင်များက ကျင်းပပြီးစီးခဲ့တဲ့ လွှတ်တော်အစည်းအဝေးများမှာ လွှတ်တော်တွင်းအာမခံချက်၊ ကတိနဲ့ တာဝန်ခံချက်များ ပြုခဲ့ကြတဲ့ အချက်များကို နောက်တစ်ကြိမ်ကျင်းပတဲ့ လွှတ်တော်ပုံမှန်အစည်းအဝေး

များသို့ စိစစ်တင်ပြရန် ဖြစ်ပါတယ်။ အစီရင်ခံစာပါ မေးခွန်းများ၊ အဆိုများနှင့် အကောင်အထည်ဖော်နိုင်မှုများကို ကော်မတီရဲ့ အတွေ့အကြုံနဲ့ ဖြတ်သန်းခဲ့ရတဲ့ အချိန်အတိုင်းအတာအရ ကြိုးစားအားထုတ် စိစစ်တင်ပြချက်ကို အသိအမှတ်ပြုရမယ့် ကောင်းမွန်ပြည့်စုံတဲ့ အစီရင်ခံစာတစ်ရပ်အဖြစ်နဲ့ သုံးသပ်ရမိတာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၃ နည်းဥပဒေခွဲ(ဂ)မှာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များ က မိမိတို့ရဲ့ယူဆချက်များ၊ ထင်မြင်ချက်များနဲ့ အကြံဉာဏ်များကို ပေးနိုင်ပြီး သို့ရာတွင် အစီရင်ခံစာနှင့် ပတ်သက်၍ ပြင်ဆင်ချက်များမပြုလုပ်ရဟု သတ်မှတ်ပြဋ္ဌာန်းထားပါသဖြင့် ကျွန်တော့်အနေနဲ့ ယူဆချက်၊ ထင်မြင်ချက်များကို အပြုသဘောနဲ့ အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ယခင် ကျင်းပပြီးစီးခဲ့တဲ့ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများမှာ အာမခံချက်၊ ကတိ၊ တာဝန်ခံချက်များမှာ ကတိ၊ တာဝန်ခံချက်များအဖြစ် ဖြေကြားခဲ့ကြတဲ့ ဖြေကြားချက်များ၊ လွှတ်တော်က အတည်ပြုခဲ့သည့် အဆိုများကို ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးအတွက် အမှန်တကယ်လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်လှပါတယ်။ အချို့မေးခွန်းများကို လွှတ်တော်တွင်းမှာ ကတိပြု၊ အာမခံချက်ပြုသွားပေမယ့် ကတိအတိုင်း မဆောင်ရွက်သေးဘဲ အကောင်အထည်မဖော်သေးတဲ့ လုပ်ငန်းများ ရှိနေသေးကြောင်း၊ အချို့လုပ်ငန်းများကို အမှန်တကယ်ပြီးပြည့်စုံအောင် ဆောင်ရွက်ခြင်း မပြုလုပ်ဘဲ စစ်ဆေးမှု၊ တိုင်းတာမှုလောက်သာ ပြုလုပ်ပြီး ယခုအထိ မူလအတိုင်းသာ ကတိမပြုမီက အခြေအနေ အတိုင်းသာ ရှိနေသေးကြောင်းကို မေးခွန်းရှင်အဆိုရှင်များရဲ့ ပြန်လည်ပြောပြချက်များအရ ကြားသိနေရပါတယ်။ အမှန်မှာ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ကတိကဝတ်ပြုပေမယ့် အောက်ခြေဌာနဆိုင်ရာများက အကောင်အထည်ဖော်မှု အားနည်းနေသေးခြင်း၊ ခွင့်ပြုအသုံးစရိတ်ငွေကြေးများ စောင့်ဆိုင်းနေရဆဲ ရှိနေတာကို တွေ့ရပါတယ်။ အဆင့်ဆင့်အကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲမှု ၊ ကြပ်မတ်ညွှန်ကြားမှုအားနည်း နေသေးတာတွေလည်း ဖြစ်နိုင်ပါတယ်။ ယခုလိုဖြစ်ပေါ်နေတဲ့ ကတိပြုချက်၊ အကောင်အထည်မပေါ်သေးတဲ့ကိစ္စရပ်များကို ကော်မတီအနေနဲ့ ဝန်ကြီးဌာနများရဲ့ ကျိုးကြောင်းဖော်ပြချက်များနဲ့အတူ သီးခြားကဏ္ဍတစ်ခုအနေနဲ့ အစီရင်ခံစာမှာ ဖော်ပြပေးသင့်ကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အစည်းအဝေးများမှာ အတည်ပြုပြီးခဲ့တဲ့ အချို့သော အဆိုများဟာ အလျင်အမြန်အကောင်အထည်ဖော်သင့်ပေမယ့် ယခုအချိန်အထိ ဆောင်ရွက်ပေးနိုင်မှု မရှိသေးတာကိုလည်း ရှိနေပါတယ်။ ဥပမာအားဖြင့် သင့်လျော်တဲ့ ကျေးရွာအုပ်စု

များမှာ ကျေးလက်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများ ဖွင့်လှစ်ပေးသွားမည်ဆိုတဲ့ ကတိပြုချက်များ၊ ကတိပြုချက်နဲ့ ၂၇-၁၁-၂၀၁၁ ရက်နေ့က ဇလွန်မဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွတ် တင်သွင်းတဲ့ သီးနှံများကို ကာလအလိုက်၊ ဒေသအလိုက်၊ သီးနှံအမျိုးအစားအလိုက် အနိမ့်ဆုံးဈေးနှုန်း အာမခံချက်ဖြင့် Minimum Purchase Price ကို ဈေးကွက်စီးပွားရေး မူဘောင် အတွင်းမှ ပြည်ထောင်စုအစိုးရ၏ ကြီးကြပ်မှုနဲ့ ကြိုတင်သတ်မှတ်ဆောင်ရွက်ပေးနိုင်ရေးအဆိုအား လွှတ်တော်က အတည်ပြုခဲ့ပေမယ့် ယခုအချိန်အထိ သက်ဝင်လှုပ်ရှားမှုမရှိသေးခဲ့ပေမယ့် ငြိမ်သက်နေသေးတာ ကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ အချို့ဥပဒေပြုရမယ့်အဆိုများ၊ ဥပဒေပြုပြီးသော်လည်း နည်းဥပဒေပြုမှု၊ ကြံ့ကြာနှေးမှုများကြောင့် Law Enforcement မဖြစ်သေးတာတွေလည်း ရှိနေသေးပါကြောင်း သိရှိရပါတယ်။ အဆိုများမှာ ဥပဒေပြုရမယ့်အဆို တိုက်တွန်းကြောင်းအဆိုနဲ့ အကြံပြုချက်အဆိုများကွဲပြားတဲ့အတွက် ခွဲခြားပြုစုပြီးတော့ အဆိုအလိုက် ဥပဒေပြုပြီးစီးမှုအခြေအနေ တိုက်တွန်းချက်ကို လိုက်နာအကောင်အထည်ဖော်မှုအခြေအနေနဲ့ အကြံပြုချက်ကို လက်ခံ ဆောင်ရွက်မှုအခြေအနေများကို လွှတ်တော်ကိုယ်စားလှယ်များ ထင်သာမြင်သာရှိအောင် ကော်မတီ အနေနဲ့ စိစစ်ဖော်ပြပေးသင့်ပြီး ဝန်ကြီးဌာနနဲ့ စပ်ဆိုင်ဆက်စပ်နေတဲ့ အခြားကော်မတီများကိုလည်း နှိုးဆော်မီးမောင်းထိုးပြနိုင်ရေးအတွက် သီးခြားဇယားနဲ့ ဖော်ပြပေးမယ်ဆိုရင် အခြေအနေကိုလည်း ပြည်သူများသိရှိရှင်းလင်းလာမှာ ဖြစ်သလို ပိုမိုပြည့်စုံတဲ့ အစီရင်ခံစာအဖြစ် ဖြစ်လာမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနဲ့ကိုယ်စားလှယ်တော် ကြီးများခင်ဗျား။ လွှတ်တော်သက်တမ်း တစ်နှစ်ကျော်ကာလ အတွင်းမှာပင် ဤကော်မတီအနေနဲ့ နေ့မအားညမနား လုပ်ငန်းဆောင်ရွက်ခြင်း၊ ဆက်သွယ်ဆက်စပ် ဆောင်ရွက်ခြင်းနဲ့ ထိန်းကျောင်းညှိနှိုင်းခြင်းများ ပြုလုပ်ပြီးတော့ ယခုလို စတုတ္ထပုံမှန်အစည်းအဝေး ကြီးမှာ တင်ပြလာတဲ့ အစီရင်ခံစာဟာ အချိန်ကာလနှင့်ကော်မတီရဲ့ ဖြတ်သန်းရတဲ့အတွေ့အကြုံများနဲ့ တိုင်းတာမယ်ဆိုရင် ပြည့်စုံကောင်းမွန်တဲ့ အစီရင်ခံစာတစ်ရပ်ဖြစ်ကြောင်း ထောက်ခံအကြံပြုဆွေးနွေး ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဇော်ထွန်း၊ လပွတ္တာမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်ခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော်

စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်သွင်းတဲ့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ပါဝင်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော့်ရဲ့ တင်ပြချက်များဟာ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အများစုရဲ့ ဆန္ဒသဘောထားနဲ့ အပြုသဘောဝေဖန်အကြံပြုချက်များလည်း စုပေါင်းပါဝင်နေကြောင်း ကြိုတင် တင်ပြလိုပါတယ်။ ကျွန်တော့်ရဲ့ တင်ပြချက်များကို ဖတ်ကြားတင်ပြခွင့်ပြုရန် တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့ အစီရင်ခံစာမှာ စိစစ်ပေးခဲ့ရတဲ့အပိုင်းနှစ်ပိုင်း ပါဝင်ပြီး အပိုင်းတစ်မှာ ကြယ်ပွင့်ပြမေးခွန်းများအပေါ် ပြန်လည်ကတိပေးခဲ့တဲ့ အပိုင်းနဲ့ အပိုင်းနှစ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စားလှယ်က တက်ရောက်ပါဝင်ဆွေးနွေးကာ လက်ခံအတည်ဖြစ်ခဲ့တဲ့ အဆိုများအပိုင်းဆိုပြီး တွေ့ရှိရပါတယ်။ တတိယအစည်းအဝေးအတွင်းမှာ ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၂၆ ခုရှိတဲ့အနက် အစိုးရအဖွဲ့ရဲ့ကတိအာမခံချက် ၆၈ ခု ရရှိခဲ့တဲ့အနက်မှာ နယ်စပ်ရေးရာဝန်ကြီး ဌာနက ၁၀ ခု၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနက ၁၀ ခုနဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနက ၈ ခု ကတိပြုအများဆုံးပေးခဲ့တာကြောင့် ပြည်သူ့ရဲ့ အသံအရ တောင်းဆိုမှုတွေထဲမှာ Infrastructure အပိုင်းက တတိယအကြိမ်အထိ အများဆုံးဖြစ်ပေါ်နေဆဲဆိုတာ တွေ့ရှိရပါတယ်။ ၎င်းကတိအာမခံချက်များကို ရန်ပုံငွေ မရရှိသေးသဖြင့် ၂၀၁၃-၂၀၁၄ ကျမှာသာ ဆောင်ရွက်နိုင်မယ့် ခေါင်းစဉ်တွေကိုလည်း နောက်ဆက်တွဲ(က)ဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားတာ တွေ့ရှိပါတယ်။ ဒါကြောင့် ပထမနဲ့ ဒုတိယအစည်းအဝေးမှာ ၂၀၁၂-၂၀၁၃ ကြားမှာ ဆောင်ရွက်ပေးနိုင်မယ့်ကတိလက် ကျန်များရှိသလို ယခု အစီရင်ခံစာအရ ၂၀၁၃-၂၀၁၄ ကြားမှာ ဆောင်ရွက်နိုင်မယ့်ကတိလက်ကျန် များကိုလည်း ထပ်တိုးလာဦးမှာ ဖြစ်လို့ ကော်မတီအနေနဲ့ ကတိလက်ကျန်များ စောင့်ကြည့်ရေး အစီအစဉ်တစ်ရပ် ရေးဆွဲထားရှိပေးရင် ပိုမိုသင့်လျော်မယ်လို့ အကြံပြုပါတယ်။ ဒီကိစ္စမှာ သက်ဆိုင်ရာ မေးမြန်းထားတဲ့ ကိုယ်စားလှယ်များ အသီးသီးဖက်ကလည်း သက်ဆိုင်ရာလုပ်ငန်းခွင် စီမံကိန်းနယ်မြေ များကို ဝင်ရောက်စွက်ဖက်ခြင်း မလုပ်ဆောင်နိုင်စေကာ မဲဆန္ဒရှင်သာမန်ပြည်သူတစ်ဦးပင်လျှင် ဖြတ်သွားဖြတ်လာ ကြည့်နိုင်မြင်နိုင် တင်ပြနိုင်ခဲ့တဲ့ကိစ္စကို လွှတ်တော်ကိုယ်စားလှယ်များကလည်း မြင်နိုင်ကြည့်နိုင်တင်ပြနိုင်ရမှာ အကျိုးအကြောင်း ဆီလျော်တဲ့အတွက် ကတိပေးထားတဲ့လုပ်ငန်း တစ်ခုရဲ့ အချိန်မှန်၊ နေရာမှန် အရည်အသွေးမှန် ရောက်မရောက် ပြည့်မပြည့်ဆိုတာကို ဒီကော်မတီကို ကိုယ်စားလှယ်ကြီးများက စာဖြင့်ဆက်သွယ်အကြောင်းကြားပေးမယ်ဆိုလို့ရှိရင် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၁ အရ စိစစ်ပေးရတဲ့ ဒီကော်မတီရဲ့ လုပ်ငန်းကို ထိထိရောက်ရောက် အထောက်အကူပြု

သွားနိုင်မှာဖြစ်သလို ပြည်သူ့ဘဏ္ဍာငွေကို ဂရုစိုက်ကာ ဘတ်ဂျက်ကို ငဲ့ကွက်နေရလို့ နေရာအရောက် စေ့စေ့စပ်စပ် မစစ်ဆေးနိုင်ခဲ့လို့ လွှတ်သွားနိုင်တာတွေကိုလည်းပဲ အစိုးရကထိန်းညှိရုံသာမက ကူညီရာရောက်နိုင်လို့ ကိုယ်စားလှယ်တော်ကြီးများကလည်း ကော်မတီထံ စာဖြင့်များများဆက်သွယ် ပေးနိုင်ကြဖို့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းအပ်ပါတယ်။ အခုအစီရင်ခံစာ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၁ နည်းဥပဒေခွဲ(က)မှာ ပြဋ္ဌာန်းထားတဲ့ အတိုင်း လွှတ်တော်တွင် ပေးထားတဲ့ ကတိကဝတ်များတွင်သာ စိစစ်တင်ပြနိုင်ခြင်းသာ ဖြစ်ပါတယ်။ ဆိုလိုတာက ခန်းမထဲ နှုတ်နဲ့အာမခံခဲ့တာတွေသာ စိစစ်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အချိန်ကန့်သတ်ချက်အရ Agenda မှာ မပါဝင်သော်ငြားလည်း ကြယ်ပွင့်မပြ ရိုးရိုးမေး၊ ရိုးရိုးဖြေသော်ငြားလည်း လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ စေတနာကြောင့် အစည်းအဝေးသက်တမ်းတစ်ခုတစ်ခုအတွင်းမှာ ပြီးပြတ်အောင် ကျွန်တော်တို့ရဲ့ လက်ထဲကို အဖြေစာအိတ်များ အချိန်မီရရှိခဲ့ပါတယ်။ အဲဒီအဖြေစာအိတ်တွေထဲမှာ ကတိအာမခံချက် တွေပါဝင်လာလို့ ဒီကော်မတီကို စိစစ်ပေးရန် အဆိုပြုတဲ့အခါ ကော်မတီမှ ဆောင်ရွက်ပေးလိုသော် လည်းပဲ အထက်က ဥပဒေနည်းဥပဒေအရ ဆောင်ရွက်လို့ မရတာတွေ တွေ့ရှိရပါတယ်။ ဒါကြောင့် မကြာမီပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေအသစ်များ ရေးဆွဲပေးနိုင်တဲ့အခါ ဒီလိုစိစစ်ပေးနိုင်ခွင့် ပြဋ္ဌာန်းချက်များပါဝင်စေလိုကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီလိုအကြံပြုချက်ကြောင့် နည်းဥပဒေမှာ ပါဝင်လာပြီး ဒီကော်မတီက တာဝန်ကို ထမ်းဆောင်ရတော့မယ်ဆိုရင် ကော်မတီကို လက်ရှိဖြည့်တင်းထားတဲ့ ဝန်ထမ်းသုံးဦးနဲ့ လုံလောက် တော့မှာမဟုတ်တော့ကြောင်းကိုလည်း အကြံပြုထောက်ပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူ့ လွှတ်တော်ရှိ ကော်မတီကော်မရှင် ၂၃ ဖွဲ့ ရှိတဲ့အထဲမှာ လွှတ်တော်ခန်းမထဲမှာ နေ့စဉ် on the spot ဆောင်ရွက်ရတာဟာ ဒီကော်မတီတစ်ခုတည်းသာရှိလို့ အစိုးရကို ထိန်းညှိတဲ့အလုပ်ဖြစ်လို့ စကားလုံး စကားရပ်အမှားမခံနိုင်အောင် လုပ်နေရတာဖြစ်လို့ ဒီကော်မတီဖြစ်နေလို့ ဝန်ထမ်း ထပ်မံဖြည့်တင်း ပေးဖို့ အကြံပြုတင်ပြခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းများကို အချို့က အပိုဒ်လိုက်ခွဲပြီး မေးရာမှာ အစိုးရကိုယ်စား လာရောက်ဖြေဆိုတဲ့အပိုင်းက မတော်တစ်ဆလစ်ဟပြီးဖြေခဲ့လို့ ကျန်သွားတာမျိုးကို တတိယအစည်းအဝေးအထိ တွေ့နေရဆဲဖြစ်ပါတယ်။ ဒီအပိုင်းကို ဒီကော်မတီက ဘယ်လိုနည်းလမ်းနဲ့ ကျန်ခဲ့တာကို တိုးမြှင့်ဆောင်ရွက်ဖို့ စီစဉ်နေတယ်ဆိုတာ မသိရပေမယ့် မေးမြန်းတဲ့ လွှတ်တော် ကိုယ်စားလှယ်များကလည်း မေးမြန်းတဲ့အချက်နဲ့မတူ ကွဲလွဲနေရင်နံပါတ်စဉ်တပ်ပြီး တိတိကျကျ မေးမြန်းဖို့နဲ့ ဖြေဖို့ကျန်သွားတာရှိရင်လည်း လွှတ်တော်ဥက္ကဋ္ဌကြီးထံမှာ မိုက်ခရိုဖုန်းထပ်မံ

တောင်းခံကာ အခွင့်အရေးရယူစေဖို့ အကြံပြုလိုပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင်၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့က မြောက်ဒဂုံမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးရဲ့ ပင်စင်စားများဘဏ်ငွေစာစာအုပ်ထဲထည့်ခွင့်ရဖို့ မေးခွန်းမှာ အစိုးရအဖွဲ့ရဲ့အဖြေ ကျန်သွားတဲ့အတွက် ဒေါ်တင်နွယ်ဦးရဲ့ ကောင်တာမေးခွန်း ခွင့်ပြုချက်ရတာကြောင့် ပိုမိုတိကျတဲ့အဖြေ ရရှိကြောင်း သာဓကကောင်းများ ရှိခဲ့ပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနဲ့ပတ်သက်လျှင် တတိယ အစည်းအဝေးမှာ အဆိုပေါင်း ၂၇ ခုတင်သွင်းခဲ့ကြတဲ့အနက် အဆို ၁၆ ခု အတည်ဖြစ်ခဲ့ကြောင်း မှတ်ရပါတယ်။ အတည်ပြုအဆို ၁၆ ခုထဲမှာမှ တောင်သူလယ်သမား အလုပ်သမားရေးရာကဏ္ဍမှာ အဆို ၆ ခု၊ တရားစီရင်ရေးကဏ္ဍမှာ အဆို ၆ ခုရှိခဲ့တဲ့အတွက် ပြည်သူ့အသံအားဖြင့် အဆိုပါကဏ္ဍနှစ်ရပ်ကို လွှတ်တော်မှ အစိုးရသို့ အတိုက်တွန်းရဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်းလည်း တွေ့ရပါတယ်။ ဒီလို မှတ်တမ်းနှိုင်းယှဉ်မှုတွေကို လုပ်ပေးတဲ့ ကော်မတီကို အထူးကျေးဇူးတင်ကြောင်းနဲ့ နောက်လည်း ဆက်လက်လုပ်ဆောင်ပေးသွားဖို့ အားပေးကြရမှာ ဖြစ်ပါတယ်။ အဆိုနဲ့ပတ်သက်လာရင် တစ်နည်းအားဖြင့် လွှတ်တော်ခန်းမအတွင်း ပြောရေးဆိုခွင့်နဲ့ပတ်သက်လာရင် ကမ္ဘာပေါ်ရှိ ဒီမိုကရေစီအုပ်ချုပ်မှု သက်တမ်း ၄၀၊ ၅၀ ရှိပြီးဖြစ်တဲ့ နိုင်ငံအချို့မှာ ပင်လျှင် အနိုင်ရပါတီမှပင်လျှင် တစ်သီးပုဂ္ဂလအထိ ရွေးကောက်ပွဲအနိုင်ရခဲ့သည့် ထိုင်ခုံအချိုးအရသာ မိနစ်အများမှ အနည်းသို့လျှော့ပြီး ပြောခွင့်ရတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ လွှတ်တော်မှာတော့ လွှတ်တော်ကိုယ်စားလှယ်တိုင်းကို မိနစ် ၂၀ တန်းတူရည်တူ ပေးထားတဲ့အပြင် နိုင်ငံသားတို့အတွက် အရေးကြီးတယ်ဆိုရင် မိုက်ကရိုဖုန်းခွက်တောင်းခံပြီးတော့ ပြောခွင့်ရသေးတဲ့အတွက် ဒီမိုကရေစီကျင့်ကျင့်အပြုအမူမှာ ကျွန်တော်တို့ လွှတ်တော်က နောက်တန်းမရောက်ဘူး။ ခေတ်မီနေတယ်ဆိုတာ မြင်ရမှာပဲဖြစ်နေတယ်။ ဒီစေတနာကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်တယ်ဆိုပဲ အကြံပြုတင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ ဖော်ပြထားတဲ့အတိုင်း နိုင်ငံတော်ရဲ့ အာဏာသုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းရေးလုပ်ငန်းစဉ်များမှာ လွှတ်တော်တွင် ရေးပါတဲ့မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းကဏ္ဍကို အဆင့်မြင့်သည်ထက်မြင့်အောင် ကျွန်တော်တို့ ဆက်လက်ကြိုးပမ်းကြဖို့ လိုအပ်ပါကြောင်းနှင့် ဒီကဏ္ဍရှင်သန်ရေးကို နေ့စဉ်နှင့်အမျှ ဆောင်ရွက်ပေးနေရပါသော အစိုးရ၏ အာမခံချက်များ၊ ကတိများ နှင့်

တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ကြိုးပမ်းထမ်းဆောင်မှုများကိုလည်း အစဉ်အမြဲအသိအမှတ် ပြုအားပေးနေရမှာဖြစ်ပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံ ချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၇၃ နည်းဥပဒေခွဲ(ဃ)အရ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနဲ့ အတည်ပြုချက် ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းဖို့ သက်ဆိုင်ရာပုဂ္ဂိုလ်ကို ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တွင် မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနဲ့ ပတ်သက်၍ ယခုစတုတ္ထပုံမှန် အစည်းအဝေးသို့ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့၌ တင်သွင်းခဲ့သည့် အစီရင်ခံစာအား ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ ပုဒ်မခွဲ(င)အရလည်းကောင်း၊ နည်းဥပဒေ ၇၃ နည်းဥပဒေ (ဃ)အရလည်းကောင်း၊ ဤပြည်သူ့လွှတ်တော်က သဘောတူလက်ခံပေးပါရန် စိစစ်ရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းသန်းမှ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကော်မတီသုံးရပ်ရဲ့ အစီရင်ခံစာကို ဆွေးနွေးသွားကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများကို လွှတ်တော်ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့် ၁၀-၇-၂၀၁၂ ရက်နေ့တွင် ပေးပို့စေလိုပါတယ်။ ဆွေးနွေးချက်များကို မိမိတို့ အလေးထားဆောင်ရွက်ရမှာဖြစ်တဲ့အတွက် နက်ဖြန်၁၀း၀၀ နာရီ နောက်ဆုံးထား ပြီး မပျက်မကွက်ပေးပို့ ဖို့ ဖြစ်ပါတယ်။

## ဦးတင်မောင်ဝင်း၊ မ ် ဂလာဒုံမဲဆန္ဒနယ်၏ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် မသန်မစွမ်းသူများ အခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ် ပြုစုနိုင် ရေးအတွက် ဥပဒေရေးဆွဲရန် အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး ခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးဒုတိယနေ့မှာတင်သွင်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာဥပဒေတစ်ရပ်ပြုနိုင်ရေးအတွက် ဥပဒေရေးဆွဲရန်အဆိုနှင့် စပ်လျဉ်း ပြီးဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အမည်စာရင်းပေးထားပါတယ်။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦးအားဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်များအားလုံး မ ် ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန် တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မ ် ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာဥပဒေပြဋ္ဌာန်းပေးရေးအဆိုကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ကျွန်တော့်ရဲ့ဆွေးနွေးတင်ပြချက်ကိုဖတ်ကြားတင်ပြခွင့်ပြုပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူ့ဘဝဆိုတာ အလွန်တရာမှ ရတောင့်ရခဲ့တဲ့အရာဖြစ်ပါတယ်။ ရှေးလူကြီးတွေတင်စားပြောဆိုသလို လူ့ပြည်ကအပ်တစ်စင်းနှင့် နတ်ပြည်ကအပ်တစ်စင်းဆုံချင်ဆုံမယ်။ လူ့ဘဝရဖို့ဆိုတာမလွယ်ပါဘူးခင်ဗျ။ ဒီလိုရခဲ့တဲ့လူ့ဘဝကို

ရောက်လာလို့ အခြေအနေဖန်တီးလာပြီးမှ လူ့ဘဝဖြစ်စဉ်သန္ဓေသားဘဝမှာတင် ကိုယ်ဝန်ဆောင်မိခင်ရဲ့ ကျန်းမာရေးအခြေအနေကြောင့်ဖြစ်စေ၊ မတော်တဆမှုကြောင့်ဖြစ်စေ၊ ဇီဝဖြစ်စဉ်ယိုယွင်းမှုကြောင့် ဖြစ်စေ၊ မွေးကင်းစမှ အရွယ်ကြီးပြင်းလာသောကာလအတွင်း တစ်ခုခုသောအကြောင်းကြောင်းကြောင့် မသန်စွမ်းဖြစ်ရသူတွေ၊ မွေးဖွားလို့အရွယ်ရောက်ပြီးကာမှ သာမန်လူတစ်ယောက်ရဲ့အနေအထားဘဝ ကနေ ပြုန်းကနဲမထင်မှတ်ဘဲနဲ့ မသန်စွမ်းတဲ့ဘဝကိုရောက်သွားလို့ ယူကျုံးမရတုန်လှုပ်ခြောက်ခြားပြီး စိတ်ဓာတ်ကျဆင်းစွာနဲ့ လူဘဝကိုရင်ဆိုင်ကျော်လွှားနေရတဲ့သူတွေလူ့ဘဝမှာအများကြီးဖြစ်ပါတယ်။ လူတွေရဲ့ပစ်ပယ်မှုကြောင့် လူမှုအသိုင်းအဝိုင်းရဲ့ အပြင်ဘက်မှာ သီးခြားရပ်တည်နေရတဲ့သူတွေလည်း အများကြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့သူတို့ကို လူမှုအသိုင်းအဝိုင်းအတွင်း ဘဝကိုပျော်ပျော် ရွှင်ရွှင်နဲ့ ရုန်းကန်ဖြတ်ကျော်နိုင်ဖို့ မပစ်ပယ်ထားဘဲ နားလည်မှုပေးပြီး ဝိုင်းဝန်းကူညီကြရမှာ ဖြစ်ပါတယ်။ လူရယ်လို့ဖြစ်လာမှတော့ မိမိဘဝကို မသန်စွမ်းတဲ့ဘဝနဲ့ ဘယ်သူမှမရပ်တည်လိုကြပါဘူး။ မိဘဆွေမျိုးသားချင်းများကလည်း မိမိသားသမီးဆွေမျိုးသားချင်းများကို မသန်စွမ်းသူအဖြစ်နဲ့ မမြင်ချင်ကြပါဘူး။ လူသားတစ်ဦးရဲ့ မိသားစုဘဝထူထောင်နိုင်ခွင့်၊ ပညာရေးအခွင့်အလမ်းများ ရရှိခံစားနိုင်ခွင့်၊ အလုပ်အကိုင်ရရှိလုပ်ကိုင်နိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိခံစားနိုင်ခွင့်၊ ဂုဏ်သိက္ခာရှိစွာနဲ့ အသက်ရှင်နေထိုင်နိုင်ခွင့်နှင့် လူသားတိုင်းရရှိခံစားနိုင်ခွင့်တွေဆုံးရှုံးရမည့်ဘဝကို ဘယ်သူမှရယူပိုင်ဆိုင်လိုစိတ်မရှိကြပါဘူး။ မိဘတိုင်း မိဘတိုင်းကလည်း သားသမီးတွေမွေးဖွားစဉ်တိုင်း ကျန်းမာရေးနဲ့ပြည့်စုံတဲ့သားသမီးတွေ မွေးဖွားလာဖို့ ဆုတောင်းကြတာပဲဖြစ်ပါတယ်။ သို့ပါသော်လည်း ယနေ့ကမ္ဘာ့လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းဖြစ်တဲ့ လူဦးရေသန်း ၆၅၀၊ အာရှပစိဖိတ်ဒေသမှာ လူဦးရေသန်း ၄၀၀၊ အာဆီယံဒေသအတွင်းမှာ လူဦးရေသန်း ၆၀ နှင့် ကျွန်တော်တို့မြန်မာနိုင်ငံအတွင်း မှာ ၁.၃ သန်းသောလူသားများသည် မသန်စွမ်းဖြစ်နေတာကိုတွေ့ရမှာဖြစ်ပါတယ်။ တစ်ကမ္ဘာလုံး မသန်စွမ်းသူများရဲ့ ၈၀ ရာခိုင်နှုန်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံများမှာဖြစ်ပြီးတော့ အာရှပစိဖိတ်ဒေသမှာလည်း မသန်စွမ်းသူများရဲ့ ၂၀ ရာခိုင်နှုန်းဟာ ဆင်းရဲနွမ်းပါးသူများဖြစ်ကြောင်းတွေ့ရှိရပါတယ်။ မသန်စွမ်းသူများကိုလေ့လာမယ်ဆိုရင် မြန်မာနိုင်ငံရဲ့သတ်မှတ်ချက်အရ (၁) ကိုယ်အင် ဂါမသန်စွမ်းသူတွေ(၂) အမြင်အာရုံနည်းသူတွေ (၃) အပြောနှင့် အကြားအာရုံနည်းသူများနဲ့ (၄) ဉာဏ်ရည်မမီများကို လေးမျိုးထည့်သွင်းထားပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့တော့ တင်ပြပါလေးမျိုးအပြင် (၅) အနာကြီးရောဂါခံစားနေရသူများ (၆) အိပ်ချ်အိုင်ဗွီနဲ့ အေအိုင်ဒီအက်စ်ရောဂါခံစားနေရသူများ (၇)

နာတာရှည်ရောဂါခံစားနေရသူများ (၈) ဝက်ရူးပြန်ရောဂါခံစားနေရသူများဆိုပြီးတော့ ရှစ်မျိုးဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ NGO အဖွဲ့အစည်းအသီးသီးကတော့ ခိုကိုးရာမဲ့သက်ကြီးရွယ်အိုများကို တစ်မျိုးထည့်သွင်းပြီးတော့ ကိုးမျိုးသတ်မှတ်ထားတာကိုတွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၁၉၅၈ ခုနှစ်အက်ဥပဒေအမှတ် ၃၃ နှင့် ၁၉၅၈ ခုနှစ် မသန်စွမ်းဖြစ်လာသူများအလုပ်အကိုင်ရရှိရေး အက်ဥပဒေကိုပြဋ္ဌာန်းခဲ့သလို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၈၂ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့ ဆုံးဖြတ်ချက်အမှတ် ၃၇/၅၂ ဖြင့် မသန်စွမ်းသူများနှင့်ပတ်သက်သည့် ကမ္ဘာ့လုပ်ငန်းစဉ် ဒီလုပ်ငန်းစဉ်ကို နိုင်ငံတိုင်းအကောင်အထည်ဖော်နိုင်ဖို့အတွက် ၁၉၈၃ ခုနှစ်ကနေ ၁၉၉၂ အထိ ကုလသမဂ္ဂမသန်စွမ်းသူများ ၁၀ စုနှစ်သတ်မှတ်ပေးခြင်း၊ ၎င်းနေ့ကိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဒီဇင်ဘာလ၃ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့သတ်မှတ်ပေးခြင်းများအပြင် မသန်စွမ်းသူများအတွက် အခွင့်အရေးညီမျှစေခြင်း ဆိုင်ရာစံပြုအပ်တဲ့စည်းမျဉ်းများကိုလည်း ၁၉၉၃ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂဆုံးဖြတ်ချက် ၄၈/၉၆ နဲ့ထုတ်ပြန်ပေးခဲ့ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့ အာရှပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင်ကလည်း ၁၉၉၃ ခုနှစ်ကနေ ၂၀၀၂ ခုနှစ်အထိ အာရှနှင့် ပစိဖိတ်ဒေသမသန်စွမ်းသူများ ၁၀ စုနှစ်ကိုလည်း ချမှတ်ပေးခဲ့ပါတယ်။ ဒီ့အပြင် အာဆီယံအသိုက်အဝန်းကလည်း အတွင်းမှာရှိတဲ့မသန်စွမ်းသူများပါဝင်မှုနှင့် မသန်စွမ်းသူများရဲ့အခန်းကဏ္ဍမြင့်မားစေဖို့အတွက် ဘာလီကြေညာချက်ဖြစ်တဲ့ အာဆီယံမသန်စွမ်းသူများဆိုင်ရာ ၁၀ စုနှစ်လုပ်ငန်းစဉ် ၂၀၁၁-၂၀၂၀ ကို ထုတ်ပြန်ကြေညာပေးပြီး ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှာ ကမ္ဘာ့ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေးဆိုင်ရာသဘောတူညီချက်ကို အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်လက်မှတ်ရေးထိုးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ သို့ပါသော်လည်း ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ လက်တွေ့ခံစားနေရတဲ့အခြေအနေကိုသိရှိနိုင်ဖို့အတွက် မသန်စွမ်သူများရဲ့ကိုယ်စားရွှေမင်းသားဖောင်ဒေးရှင်းတို့၊ မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့တို့နဲ့ ကျွန်တော်တို့ဆွေးနွေး တဲ့အခါမှာ သူတို့တွေ့ကြုံနေရတဲ့အခက်အခဲအတားအဆီးများစွာရှိနေတယ်လို့သိရပါတယ်။ ဒီထဲက ဖြစ်သင့်ဖြစ်ထိုက်မယ်လို့ မှတ်ယူလို့ရတဲ့အခွင့်အရေးများကို အဆိုပြုတင်ပြပါ့မယ်။ ဒီအချက်တွေကတော့ (၁) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂ ပုဒ်မခွဲ(က)မှာပါတဲ့ မသန်မစွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဆိုတဲ့စကားရပ်အစား မသန်စွမ်းသူများကို အားပေးကူညီရမည်လို့ မိမိကိုယ်မိမိယုံကြည် အားကိုးလိုစိတ်ရှိစေဖို့ အဓိပ္ပာယ်သက်ရောက်စေမယ့်စကားရပ်ကို သင့်တော်တဲ့အချိန်မှာ အစားထိုးပေးနိုင်ဖို့ တစ်ချက်ဖြစ်ပါတယ်။ (၂) ပညာရေးအခန်းကဏ္ဍမှာ

မူကြိုပညာသင်ကြားနိုင်ရေး၊ မူလတန်းပညာအပြည့်အဝနှင့် တန်းတူရရှိလာရေး၊ ၎င်းထက်ပိုမိုပြီးတော့ တက္ကသိုလ်ပညာအထိ ပညာသင်ယူလာနိုင်ရေးနှင့် ဘဝတစ်သက်တာလေ့လာသင်ယူလာစရာများကို မျှော်မှန်းပြီးတော့ ကျောင်းတွေမှာလွယ်ကူအဆင်ပြေတဲ့ သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးပစ္စည်း အထောက်အကူလက်လှမ်းမီအောင် အသုံးပြုခွင့်ရရှိရေးဖြစ်ပါတယ်။ (၃) ကျန်းမာရေးကဏ္ဍမှာ ကြိုတင်ကာကွယ်ရေးအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးခြင်း၊ ဆောလျင်စွာ ရှာဖွေပြီးတော့ အချက်အလက်များကောက်ယူမှုနှင့် မသန်စွမ်းမှုသတ်မှတ်ခြင်းနှင့် လိုအပ်သောဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ (၄) လူမှုရေးကဏ္ဍမှာ ရုပ်မြင်သံကြားထုတ်လွှင့်ပြသရာမှာ လက်ပြဘ ် ကတဘာသာစကားထည့်သွင်းချပြပေးတာတို့၊ လမ်းတွေ၊ အဆောက်အဦတွေမှာ မသန်စွမ်း သူများအထောက်အကူရရှိနိုင်မယ့်ပုံစံနဲ့ ထည့်သွင်း ဆောက်လုပ်ပေးတာတို့၊ မီးပွိုင့်များမှာ အသံပေးစနစ်ဖြင့် ထားရှိပေးတာတို့ အများပြည်သူသုံးတဲ့ ရုံးဌာန၊ ဈေး၊ ဆေးရုံ၊ ဘဏ်၊ အပန်းဖြေနေရာ၊ ပန်းခြံ၊ ရင်ပြင်၊ အားကစားကွင်းတွေမှာ ဆင်ခြေလျှောလမ်းတွေ၊ အိမ်သာများထည့်သွင်းပေးတာတွေ ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ (၅) ၂၀၁၄ ခုနှစ်မှာပြုလုပ်မယ့် သန်းခေါင်စာရင်းကောက်ယူတဲ့အခါမှာ ယနေ့မြန်မာနိုင်ငံမှာ မသန်စွမ်းသူဦးရေ ၁.၃ သန်းဟုဆိုသော်ငြားလည်း စာရင်းမကောက်ယူဘဲနဲ့ ကျန်ရှိနေ တဲ့သူတွေရှိနိုင်တဲ့အတွက်ကြောင့် ဖြစ်နိုင်မယ်ဆိုရင်ဝန်ကြီးဌာနချင်း ဆက်သွယ်ပြီးတော့ စာရင်းအတိ အကျရရှိရေးအတွက် ကောက်ယူ ပေးဖို့ဖြစ်ပါတယ်။ (၆) ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲမှာ မသန်စွမ်းသူများ ကိုယ်တိုင်မဲပေးလိုသူများ မဲပေးနိုင်ဖို့အတွက် လိုအပ်တာတွေကြိုတင်ပြင်ဆင်ပေးဖို့ဖြစ်ပါတယ်။ (၇) မသန်စွမ်းသူများဘဝ တည်ငြိမ်စွာနဲ့ နိုင်ငံရေး၊ စီးပွားရေးလုပ်ကိုင်နိုင်ဖို့အတွက် ငွေထုတ်ချေးပေးဖို့ ဖြစ်ပါတယ်။ (၈) ပြည်ထောင်စုရာထူးဆန်ဘက်ကနေပြီးတော့ အလုပ်အကိုင်ခန့်အပ်တဲ့နေရာမှာ ကိုယ်ခန္ဓာကျန်းမာ သန်စွမ်းရမယ်ဆိုတဲ့ သတ်မှတ်ချက်ကိုဖြေလျှော့ပေးပြီးတော့ မသန်စွမ်းသူများအနေနဲ့သင့်တော်တဲ့ အလုပ်အကိုင်ရရှိဖို့ ဖြစ်ပါတယ်။ (၉) မသန်စွမ်းသူများရဲ့ အခွင့်အရေးဆိုင်ရာဥပဒေ တစ်ရပ်ကို ရေးဆွဲထုတ်ပြန်ပေးဖို့ဖြစ်ပါတယ်။ (၁၀) မသန်စွမ်းသူများအပေါ်မှာ အဆိုးမြင်သဘောလို့ ဆိုရမယ့် မသန်စွမ်းတဲ့သူတွေဟာ မ ် ဂလာမရှိဘူး။ စွမ်းဆောင်နိုင်စွမ်းမရှိဘူးဆိုတဲ့အမြင်နဲ့ရှုမြင်နေတာတွေ၊ ဝိုင်းပယ်လေ့ရှိနေတာတွေ၊ မသန်စွမ်းသူတွေ အပေါ်မှာကြည့်ရှုစောင့်ရှောက်ပေးရမယ့် ဝန်ထုပ်ဝန်ပိုး အနေနဲ့ သနားစရာကောင်းတဲ့သူတွေအနေနဲ့ သတ်မှတ်ပေးတဲ့အမြင်တွေ လူ့အသိုင်းအဝိုင်းမှာ ပျောက်ကွယ်ဖို့အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။ (၁၁) မသန်စွမ်းသူများအကျိုး

အတွက် ရည်ရွယ်ဖွဲ့စည်းပေးထားတဲ့ အသင်းအဖွဲ့တွေများစွာရှိပါတယ်။ အဲ့ဒီအဖွဲ့တွေရဲ့မှတ်ပုံတင်တရားဝင်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးဖို့ဖြစ်ပါတယ်။(၁၂) မြန်မာနိုင်ငံမှာ နားမကြားတဲ့သူဦးရေဟာ မသန်စွမ်းသူဦးရေရဲ့ ၁၀.၄ ရာခိုင်နှုန်းရှိပါတယ်။ သူတို့အတွက် ကျောင်းအနေနဲ့ မန္တလေးမှာရှိတဲ့ နိုင်ငံတော်ပိုင်ကျောင်းတစ်ကျောင်းနှင့် ခရစ်ယာန်ဘာသာ သာသနာအဖွဲ့ကဖွင့်ထားတဲ့ မေရီချက်ကမင်ကျောင်း ၂ ကျောင်းပဲရှိပါတယ်။ အလားတူ ဉာဏ်ရည်မမီတဲ့ ကလေးများအတွက် ကျောင်း ၁ ကျောင်းပဲ ရန်ကုန်မှာရှိပါတယ်။ ဒါတွေကို ဖြစ်နိုင်မယ်ဆိုရင် တိုးချဲ့ဖွင့်လှစ်ဖို့အတွက် အချက် ၁၂ ချက်ကို လက်ရှိခံစားနေရတဲ့ မသန်စွမ်းသူများက တင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ လက်တွေ့နယ်ပယ်မှာ မသန်စွမ်းသူများကို အဖွဲ့အစည်းအချို့က စီးပွားရေးလုပ်ကိုင်ဖို့အတွက် ငွေထုတ်ချေးပေးတာတွေ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ အသေးစားအိမ်တွင်းမှုလုပ်ငန်းအတွက် သင်တန်းပေးနေကြတာတွေ၊ ရွှေတိဂုံစေတီတော်ရဲ့အရှေ့ဘက်မုဒ်နှင့် ရန်ကုန်မြို့တော်ခန်းမရှေ့ အေမာန္ဓေလကျောင်းနားမှာ Wheel Chair နဲ့သွားလို့ရတဲ့တက်လမ်းတွေ ပြုလုပ်ပေးတာတွေ၊ ကွန်ကရစ်မျက်မမြင်လျှောက်လမ်းတွေလုပ်ပေးတာတွေတွေ့ရပါတယ်။ အဖွဲ့အစည်းအသီးသီးက ဘယ်လိုပဲလုပ်လုပ်၊ လူမှုရေးလုပ်ငန်းတွေဆောင်ရွက်ပေးပေမယ်လို့ နိုင်ငံတော်အပိုင်းကနေ ဥပဒေရေးဆွဲပြီး ဆောင်ရွက်ပေးတာလိုတော့ ဘယ်သောအခါမှ ပြည့်စုံကောင်းမွန်မှာ မဟုတ်ပါဘူး။ အလားတူ ပြည်ပနိုင်ငံတွေကို လေ့လာကြည့်ရင်လည်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံအပါအဝင် နိုင်ငံတော်တော်များများမှာ ရုပ်မြင်သံကြားလိုင်းတွေနဲ့ လက်ဟြာငေ် ကတဘာသာစကားနဲ့ ထုတ်လွှင့်ပေးနေတာတွေ၊ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှာ အသံပေးတဲ့မီးပွိုင့်စနစ်နဲ့သုံးစွဲနေတာတွေ၊ မလေးရှားနှင့် စင်္ကာပူနိုင်ငံမှာ Wheel Chair အသုံးပြုသူတွေအဆင်ပြေစေဖို့ရည်ရွယ်ပြီး ယာဉ်လိုင်းပြေးဆွဲပေးနေ တာတွေတွေ့ရမှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ နိုင်ငံတော်ပိုင်းက မသန်စွမ်းသူများရဲ့ဘဝတိုးတက် မြင့်မားစေဖို့အတွက် အားပေးကူညီစောင့်ရှောက်ပေးမှုများကို ကျေးဇူးတင်ဝမ်းသာ ဂုဏ်ယူရမှာဖြစ်သလို မသန်စွမ်းသူများရဲ့မသန်ပေမယ့်စွမ်းတဲ့ဘဝကို ပြသပေးနိုင်ဖို့သူတို့လိုအပ်နေတဲ့အခွင့်အရေးများကို ခေတ်စနစ်နဲ့လျော်ညီစွာ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ တန်းတူဖြစ်အောင် ပြုပြင်ပြောင်းလဲဖန်တီးပေးနိုင်ဖို့ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာဥပဒေတစ်ရပ်မှာ ယခုတင်ပြချက်များပါဝင်တဲ့ဥပဒေတစ်ရပ် ထွက်ပေါ်လာဖို့အတွက် ထည့်သွင်းစဉ်းစားပေးနိုင်ဖို့တင်ပြရင်း ဦးတင်မောင်ဝင်းရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မသန်စွမ်းသူများ

အခွင့်အရေးဆိုင်ရာဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရေးအဆိုနှင့်ပတ်သက်လို့ ထောက်ခံတင်ပြအပ်ပါတယ် ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်လည်ဆွေးနွေးဖို့ဖြစ်ပါ တယ်။

**ဦးဘုန်းဆွေ(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း တင်သွင်းထားတဲ့ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာဥပဒေ ရေးဆွဲရန်အဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကုလသမဂ္ဂမသန်စွမ်းသူများအခွင့် အရေးဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Person with Disabilities — CRPD)ကို ၇-၁၂-၂၀၁၂ ရက်နေ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မသန်စွမ်းသူများဘဝမြှင့်မားတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာ များ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းငါးဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မသန်စွမ်းသူများအတွက် ၁၉၅၈ ခုနှစ် မသန်စွမ်း ဖြစ်လာသူများ အလုပ်အကိုင်ရရှိရေးအက်ဥပဒေတစ်ခု ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ၎င်း ဥပဒေသည် ယနေ့ခေတ် ကာလအသုံးအနှုန်း၊ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှုမရှိတော့ကြောင်း တွေ့ရှိရ ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ပါ နိုင်ငံသား များရရှိအပ်သော အခွင့်အရေးများ၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များ၊ ကုလသမဂ္ဂကလေး သူငယ်များအခွင့်အရေးဆိုင်ရာသဘောတူစာချုပ်များ၊ ကုလသမဂ္ဂအမျိုးသမီး များ အားနည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးသဘောတူစာချုပ်နှင့် ကုလသမဂ္ဂမသန်စွမ်းသူ များအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်တို့ပါ အခွင့်အရေးများနှင့် မသန်စွမ်းသူများအခွင့်အရေး ဆိုင်ရာဥပဒေကို ရေးဆွဲလျက်ရှိပါတယ်။ ဥပဒေရေးသားရာတွင် မသန်စွမ်းမှုနှင့် ဆက်စပ်သောဌာန ဆိုင်ရာများ၊ မသန်စွမ်းသူအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ ဖိတ်ခေါ်ပြီး အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ၂၅-၈-၂၀၁၁ ရက်နေ့မှာ နေပြည်တော်၊ လူမှုဝန်ထမ်း

ဦးစီးဌာနအစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပြီး အကြံဉာဏ်များတောင်းခံရေးဆွဲခဲ့ပါတယ်။ ရရှိလာသောဥပဒေမူကြမ်းအပေါ် လိုအပ်သောအကြံပြုချက်တွေပေးနိုင်ရန် မသန်စွမ်းသူများ အဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ် သောအဖွဲ့အစည်းများနဲ့ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ၇-၇-၂၀၁၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ မသန်စွမ်းသက်ငယ်သင်တန်းကျောင်းမှာကျင်းပခဲ့ပြီး မသန်စွမ်းသူများရဲ့ အကြံပြုဆွေးနွေးချက်များကို ရယူခဲ့ပါတယ်။ ထို့အပြင် မသန်စွမ်းမှုနှင့်ဆက်စပ်တဲ့ဦးစီးဌာန ၁၅ ခုကိုလည်း ဥပဒေမူကြမ်းများကို ဖြန့်ဝေပေးပြီး အကြံပြုချက်များတောင်းခံခဲ့ပါတယ်။ အဆိုပါအကြံပြုချက်တွေကို ဥပဒေမူကြမ်းမှာ ဖြည့်စွက်ရေးသားပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်သွား မည်ဖြစ်ပါကြောင်းနှင့် ရန်ကုန်တိုင်း ဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းရဲ့အဆိုကို လက်ခံနိုင်ပါကြောင်းတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ဦးတင်မောင်ဝင်း၊ မင်္ဂလာဒုံမဲဆန္ဒနယ်၏နှင့်စပ်လျဉ်း၍ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော် ၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း တင်သွင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာဥပဒေ တစ်ရပ်ပြုနိုင်ရေးအတွက် ဥပဒေရေးဆွဲရန်အဆိုနှင့် စပ်လျဉ်းပြီးအတည်ပြု မပြုဆုံးဖြတ်နိုင်ရန် လွှတ်တော်၏ဆန္ဒရယူမှုမှာဖြစ်ပါတယ်။ သို့ရာတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ အဆိုကို လက်ခံနိုင်ကြောင်း တင်ပြဆွေးနွေးသွားတဲ့အတွက် ဆုံးဖြတ်ချက်မှာ တစ်ခါတည်းချလို့ရတဲ့ အနေအထားရှိပါတယ်။ မဲခွဲစရာမလိုပါဘူး။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာဒုံ မဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်းတင်သွင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မသန်စွမ်းသူ များအခွင့်အရေးဆိုင်ရာဥပဒေတစ်ရပ်ပြုနိုင်ရေးအတွက် ဥပဒေရေးဆွဲရန်အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်၊ မှတ်တမ်းတင်စောင့်ကြည့်တယ်ဆိုတာ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးဌာနက ဆောင်ရွက်နေပြီ အဆိုကိုလက်ခံနိုင်ပါတယ်လို့ ပြောပါတယ်။ သို့ရာတွင်အချိန်ကာလ တစ်ခုအတွင်းမှာ ဒီဥပဒေ ပြီးမြောက်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ မှတ်တမ်းတင်စောင့်ကြည့်ပြီး

သတ်မှတ်သည့် အချိန်ကာလအတွင်း ဥပဒေရေးဆွဲ ဆောင်ရွက်နိုင်ရေးအတွက် ဤအဆိုကို အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ဦးဌေးမောင်၊ ဆောမဲဆန္ဒနယ်၏ မြို့နယ်အဆင့်များကို မည်သည့်နှစ်တွင် မြို့ချင်းဆက်လမ်း ကောင်းမွန်စေရမည်၊ မည်သည့်နှစ်တွင် လျှပ်စစ် ဓာတ်အားရရှိစေရမည်စသည်ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီမံချက် ချမှတ်ဆောင်ရွက်ရေးအဆို တင်သွင်း ခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင်အား မြို့နယ်အဆင့်များကို မည်သည့်နှစ်တွင် မြို့ချင်းဆက်လမ်းများ ကောင်းမွန်စေရမည်။ မည်သည့်နှစ်တွင် လျှပ်စစ်ဓာတ်အား ရရှိစေရမည်စသည်ဖြင့် တစ်နိုင်ငံလုံး အတိုင်းအတာစီမံချက် ချမှတ်ဆောင်ရွက်ရေးအဆိုကို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဌေးမောင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမိုကရေစီခေတ်ကာလရဲ့အနှစ်သာရကို နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုများသိသာထင်ရှားစွာ ခံစားသိမြင်လာနိုင်စေရန်အတွက် မြို့နယ်အဆင့်မြို့များကို မည်သည့်နှစ်တွင် မြို့ချင်းဆက်လမ်းများ ကောင်းမွန်စေရမည်။ မည်သည့်နှစ်တွင်လျှပ်စစ်ဓာတ်အားရရှိစေရမည်စသဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် စီမံချက်ချမှတ်ဆောင်ရွက်ရေး အဆိုကိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ဒီအဆိုကို ကျွန်တော့်ဒေသအခြေအနေနဲ့ယှဉ်ထိုးပြီးတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တိုင်းပြည်တစ်ဝန်းကျေးလက်ဒေသများမှာရှိတဲ့ ပြည်သူလူထုကို ဒီမိုဆိုတာဘယ်လို ကရေစီဆိုတာဘယ်လို ဒီမိုကရေစီခေတ်ဆိုတာဘယ်လိုဆိုတာစသည်ဖြင့် ရှင်းပြနေလို့မဖြစ်ပါဘူးခင်ဗျား။ နိုင်ငံတော်မှာ နိုင်ငံတော်သမ္မတကြီး ဦးဆောင်ပြီး ဒီမိုကရေစီခေတ်ကိုပြောင်းလဲလျှောက်လှမ်းဖြတ်သန်းနေသော်လည်း သူတို့ကျေးရွာများမှာသူတို့မကြိုက်တော့တဲ့ ရယကတစ်ဖြစ်လဲ ကျေးရွာခေါင်းဆောင်များကိုမပြောင်းလဲနိုင်သေးလို့

ခေတ် မပြောင်းသေးဘူးလို့ ပြောဆိုနေကြတာကိုလည်း ကျွန်တော့်အဆိုနှင့်ဆက်စပ်ပြီး တင်ပြအပ်ပါတယ်။ ကျွန်တော်မူလတန်းကျောင်းသားအရွယ်တုန်းက ယာခင်းမှအပြန် ဆော့ဆိတ်ဖြူကားလမ်းကို ဖြတ်သန်းနေတဲ့အဖွားကြီးက လမ်းတွေပြင်တော့မယ်ထင်တယ်။ လမ်းမှာအကွက်တွေချနေတာတွေ့တယ်လို့ ပြောလို့ကျွန်တော်တို့ သွားရောက်ကြည့်ရှုခဲ့ရပါတယ်။ အဲ့ဒီတုန်းက ကတ္တရာလမ်းဆိုတာ ဘာမှန်းမသိပါဘူး။ အမှန်ကတော့ မြေထိုးစက်ဖြတ်မောင်းသွားလို့ ခြေရာတွေကျန်ခဲ့တာကိုမြင်ပြီး ပြောတာဖြစ်ဖြစ်တယ်။ အဲ့ဒီလမ်းဟာ အခုထိ မကောင်းသေးပါဘူး။ ပြီးခဲ့တဲ့ခေတ်ကလည်းပဲ ဒေသထွက်ကုန်မရှိလို့ လုပ်မပေးတာလို့ကြားသိရတော့ အထူးစိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်းသစ်တွေထုတ်နေတာကတော့ ကျွန်တော်တို့ ငယ်ကတည်းက ယနေ့အထိဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဆော၊ ယောဒေသဟာ မကွေးတိုင်းဒေသကြီးဆိုသော်လည်း မကွေးတိုင်းဒေသရဲ့ အခြားမြို့များကဲ့သို့ ဖွံ့ဖြိုးရေးကိုလည်းမရ အနောက်ဘက်မှာ ကပ်နေတဲ့ချင်းပြည်နယ်ရဲ့နယ်စပ်ဒေသဖွံ့ဖြိုးရေးကိုလည်း မခံစားရ၊ ကွက်ပြီးမှကျန်ခဲ့တဲ့ဒေသ ဖြစ်နေပါတယ်။ ချင်းပြည်နယ်ဖွံ့ဖြိုးရေးဦးစားပေးဆောင်ရွက်နေသော်လည်း အနောက်ဘက်ချင်းရိုးမနှင့် ပုံတောင်ပုံညာအကြား ကျန်းနေတဲ့ကျွန်တော်တို့ဒေသကြောင့် ထိရောက်မှုလိုအပ်နေသေးတာကိုလည်း တွေ့ရှိနေရပါတယ်။ ယခုကျွန်တော်တို့မြို့နယ်မှာ အရှေ့ဘက်ဆိတ်ဖြူမြို့ရောက်ရင် ကတ္တရာလမ်း၊ အနောက်ဘက်တစ်ဖာလုံ အကွာချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ဘက် ရောက်ရင်ကတ္တရာလမ်းနှင့် ကျွန်တော်တို့ဒေသလမ်းကောင်းရေးမျှော်လင့်ချက်ဟာ ငယ်စဉ်ကနေ ယခုထိအောင် ရင်နင့်စရာပါပဲခင်ဗျား။ လျှပ်စစ်မီးအနေနဲ့လည်း ငယ်စဉ်ကလျှပ်စစ်မီးဆိုတာ မြို့ကလေးများ၊ တောသူတောင်သားများနဲ့ လားလားမျှမဆိုင် ရန်ကုန်၊ မန္တလေးမြို့ကြီးများနဲ့သာဆိုင် တယ်လို့ထင်မှတ်ခဲ့ပါတယ်။ ယခု ကျွန်တော်တို့မြို့မှာ၂၄ နာရီတစ်ရက်မှာ လျှပ်စစ်မီး ၂ နာရီရပါတယ်။ MRTV သတင်းများကို ပြီးဆုံးအောင်ကြည့်လို့မရပါဘူး။ လျှပ်စစ်မီးရရှိရေးကိုလည်း အသိအမြင်ဗဟုသုတဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါပြီခင်ဗျား။ ပြည်သူ့လွှတ်တော် တတိယအကြိမ် ပုံမှန်အစည်းအဝေးမှာ လျှပ်စစ်(၁)မှထုတ်လုပ်နိုင်သောလျှပ်စစ်ဓာတ်အားကို လျှပ်စစ်(၂)မှ ဓာတ်အားလိုင်းဆွဲမပေးနိုင်သောကြောင့် ပြည်သူအများသို့ ဖြန့်ဖြူးရောင်းချပေးနိုင်ခြင်းမရှိလို့ သိရပါတယ်။ ဘဏ္ဍာငွေတိုးချဲ့ခွဲဝေ၍သော်လည်းကောင်း၊နိုင်ငံခြားချေးငွေများဖြင့်သော်လည်းကောင်း ဆောလျင်စွာဆောင်ရွက်ပေးသင့်ပါတယ်။ ပထမဦးစွာ မြို့နယ်အဆင့်မြို့များကို ဆောင်ရွက်ပေးပြီး ထို့မှတစ်ဆင့်ကျေးရွာများကိုဆောင်ရွက်ပေးရပါမယ်။ ပြီးခဲ့တဲ့ဘတ်ဂျက်ခွဲဝေမှုမှာ ပညာရေးနှင့် ကျန်းမာရေး

အသုံးစရိတ်များ တိုးမြှင့်ပေးတာလည်း ဖြစ်သဖြင့်ဝမ်းသာရသလို လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးလင်းရေးအတွက်လည်း တိုးချဲ့ဆောင်ရွက် ပေးရမယ်လို့ ထင်မြင်မိပါတယ်။ လမ်းပန်း ကောင်းမွန်မှ လျှပ်စစ်မီးရရှိမှ ပညာရေးနှင့် ကျန်းမာရေးလည်း မြင့်မားတိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးတူညီစွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်ခွဲဝေချထားရာမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးကို လူဦးရေအချိုးအစားအလိုက် ညီမျှစွာချထားပေးသင့်ပါတယ်။ ပြီးမှ တိုင်းနှင့်ပြည်နယ်အလိုက် မိမိဒေသအတွင်းလမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားရရှိရေးကို ဦးစားပေး ဆောင်ရွက်ရန်လိုအပ်မယ်လို့ တင်ပြလိုပါတယ်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးဟာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာရင် ပြည်ထောင်စုရဲ့ မည်သည့်နေရာမှာနေထိုင်သည်ဖြစ်စေ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဟာ အလိုလိုကိန်းအောင်း သက်ဝင်လာမှာဖြစ်ပါတယ်။ မည်သည့်နေရာမှာ မဆိုပျော်ရွှင်စွာနေထိုင်ကြမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းသူပြည်သားအားလုံးရဲ့ကိုယ်စား ကိုယ်စားလှယ်တော်ကြီးများက လွှတ်တော်မှာ တင်ပြတောင်းဆိုလာကြတဲ့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေးမျှော်လင့်ချက်များကို မြို့နယ်အဆင့်အားလုံးတွင် မည်သည့် နှစ်တွင်ဖြစ်စေရမည်ဟု စီမံချက်ချမှတ်ဆောင်ရွက်ရေးအဆိုကို လေးစားစွာ တင်သွင်းအပ်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု ဦးဌေးမောင် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဖရန်စစ္စကို(ဖယ်ခုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် တင်သွင်းသော မြို့နယ် အဆင့်မြို့များကို မည်သည့်နှစ်တွင် မြို့ချင်းဆက်လမ်းများ ကောင်းမွန်စေရမည်။ မည်သည့် နှစ်တွင်လျှပ်စစ်ဓာတ်အားရရှိစေရမည်စသဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် စီမံချက်ချမှတ် ဆောင်ရွက်ရေးဆိုသောအဆိုကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးဖရန်စစ္စကိုက ပြည်သူ့လွှတ်တော်တွင် လက်ခံဆွေးနွေးရန် ထောက်ခံ တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ်ဦးဌေးမောင် တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးကထောက်ခံသွားပါတယ်။

ဒီအဆိုကို လက်ခံဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒ ရယူပါ့မယ်။ ဦးဌေးမောင် တင်သွင်းတဲ့ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆောမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဦးဌေးမောင် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန်သဘောမတူတဲ့သူမရှိတဲ့အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ဦးဌေးမောင်၊ ဆောမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီနေ့ညနေပိုင်းမှာ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါ့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အခမ်းအနားအစီအစဉ်ကို ၁၅း၀၀ နာရီတိတိမှာ ပြန်လည်ကျင်းပမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အစည်းအဝေးခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ ]

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်းတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(က)အရ ပညာရေးမြှင့်တင်မှုကော်မတီက ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ပညာရေးမြှင့်တင်မှုကော်မတီအား ဥပဒေကြမ်းတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဆွေ(အဖွဲ့ဝင်၊ ပညာရေးမြှင့်တင်မှုကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပညာရေးမြှင့်တင်မှုကော်မတီဝင် ဦးမြင့်ဆွေ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၁၂ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာစာအဖွဲ့ဥပဒေကြမ်းကို ပြဋ္ဌာန်းနိုင်ရန် ပြည်သူ့လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါတယ်။

ရည်ရွယ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး တိုးတက်စေရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခေတ်မီပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာစာသည် ရုံးသုံးဘာသာသာဖြစ်သည့်အတွက် စနစ်တကျမှန်ကန် တိကျစွာ ရေးသားသုံးနှုန်းရန် ဖြစ်ပါသည်။ လက်ရှိမြန်မာစာအဖွဲ့ဥပဒေသည် ၁၉၇၅ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေ ဖြစ်ပြီး ၁၉၈၁ ခုနှစ် ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅ ဖြင့် တစ်ကြိမ်၊ ၁၉၈၉ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၅/၈၉ ဖြင့် တစ်ကြိမ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေပါပြဋ္ဌာန်းချက်များကို နိုင်ငံတော်တိုးတက်ဖြစ်ထွန်းလျက်ရှိသော ခေတ်စနစ်နှင့်အညီ အမျိုးသားပညာရည်မြှင့်မားရေးအတွက်

စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခင်ပြဋ္ဌာန်းခဲ့သော ဥပဒေကိုရုပ်သိမ်းပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာစာအဖွဲ့ဥပဒေကြမ်းကို တင်သွင်းရခြင်း ဖြစ်ပါသည်။

အကြောင်းအကျိုးဖော်ပြချက်

မြန်မာစာအဖွဲ့ဥပဒေကို အောက်ပါအချက်များနှင့်အညီ ပြင်ဆင်လိုကြောင်း စိစစ်တွေ့ရှိရပါသည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ လူမှုရေးကဏ္ဍ ဥပဒေပြဋ္ဌာန်းချက်များနှင့် ပိုမိုထိရောက်စွာဆောင်ရွက်ရန် လက်ရှိပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၏ဖွဲ့စည်းပုံများနှင့်အညီ လိုက်လျောညီထွေမှုရှိစေရန်၊ နိုင်ငံတကာပညာရေးစနစ်နှင့်အညီ အဆင့်မီပညာရေးစနစ်ကို ဖော်ဆောင်နေသည်ကို အထောက်အကူပြုစေနိုင်ရန်၊ မြန်မာစာအရေးအသားမှန်ကန်မှု၊ ရှင်းလင်းမှု၊ ကျစ်လစ်မှု၊ ထိမိမှုတို့ကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ဤဥပဒေကြမ်းကို တင်ပြရခြင်း ဖြစ်ပါသည်။ ဤဥပဒေသစ်တွင် (က) အခန်း (၂) ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက် (ခ) အခန်း(၃) မြန်မာစာအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် ပြင်ဆင်ထားခြင်း(ဂ) အခန်း(၄) မြန်မာစာအဖွဲ့၏ ဘဏ္ဍာရေးစည်းမျဉ်း (ဃ) အခန်း(၅)ပါ အပိုဒ် ၁၁ (ခ)နှင့် (ဂ)သည် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် ပယ်ဖျက်ထားခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီနှင့် ပညာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပြုစုထားသော ၂၀၁၂ ခုနှစ်၊ မြန်မာစာအဖွဲ့ ဥပဒေကြမ်းကို လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းသော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ရှင်းလင်းရန် သက်ဆိုင်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင့်မှုကော်မတီက တင်သွင်းသော ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်ချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာကတော့-

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရန်အတွက် ခေတ်မီပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင့်မှုကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်းကို တင်သွင်းလာပါသည်။ ယင်းဥပဒေကို ၁၉၈၁ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၅ ဖြင့် တစ်ကြိမ်၊ ၁၉၈၉ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၅/၈၉ ဖြင့် တစ်ကြိမ် ပြင်ဆင်ခဲ့သော်လည်း ခေတ်စနစ်နှင့်လျော်ညီစေရန် အသစ်ပြဋ္ဌာန်းနိုင်ရေးအတွက် ရေးဆွဲပြုစုတင်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ မြန်မာစာအဖွဲ့ဥပဒေကို ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ လူမှုရေးကဏ္ဍ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ပိုမိုထိရောက်စွာဆောင်ရွက်ရန် လက်ရှိပြည်ထောင်စုဝန်ကြီးဌာန၏ ဖွဲ့စည်းပုံများနှင့်အညီ လိုက်လျောညီထွေမှုရှိစေရန်၊ နိုင်ငံတကာ ပညာရေးစနစ်နှင့်အညီ အဆင့်မြင့်ပညာရေးစနစ် ဖော်ဆောင်နေခြင်းနှင့်မြန်မာစာအရေးအသား မှန်ကန်မှု၊ ရှင်းလင်းမှု၊ ကျစ်လစ်မှု၊ ထိမိမှုတို့ကို အထောက်အကူပြုစေရန် ရည်ရွယ်ကြောင်း ဖော်ပြထားပါသည်။

၃။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင့်မှုကော်မတီမှ တင်သွင်းလာသည့် ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ ဥပဒေကြမ်းတွင် အခန်း(၄)ခန်းနှင့် ပုဒ်မပေါင်း ၉ ခု ပါရှိပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်းအား စိစစ်ရာတွင် အခြေခံရမည့်မူ(၁၂)ချက်ဖြင့် စိစစ်ခဲ့ကြပါသည်။ ထိုသို့စိစစ် တွေ့ရှိချက်များကို ပညာရေးမြှင့်တင့်မှုကော်မတီ၏ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များ၊ ပြည်ထောင်စုပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တို့နှင့် ၁၄.၆.၂၀၁၂ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။

၅။ ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်းအား လေ့လာစိစစ်ကြရာတွင် တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဥပဒေခေါင်းစီးတွင် ပါရှိသော ၁၃၇၃ ခုနှစ်အစား ၁၃၇၄ ခုနှစ်ဟု ပြင်ဆင်၍ ပြဋ္ဌာန်းပြီးသောဥပဒေများနှင့် ညီညွတ်မှုရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက် စာသားအား ဖြည့်စွက်၍ အောက်ပါဥပဒေကိုဆိုသည့်စကားရပ်အစား ဤဥပဒေဟု ပြင်ဆင်ပါသည်။

(ခ) ဥပဒေရေးထုံးနှင့်ညီညွတ်စေရန်အတွက် အပိုဒ် ၂ အား-
ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) မြန်မာစာအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပုဒ်မ ၄ ပါ ရည်ရွယ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသော မြန်မာစာအဖွဲ့ကို ဆိုသည်။

(ခ) မြန်မာအဘိဓာန်ကျမ်းဆိုသည်မှာ မြန်မာနှင့် မြန်မာ သို့မဟုတ် တိုင်းရင်းသားဘာသာ သို့မဟုတ် နိုင်ငံခြားဘာသာဖြင့် ယှဉ်တွဲအဓိပ္ပာယ်ဖွင့်ဆိုသော အဘိဓာန်ကျမ်းကို ဆိုသည်ဟု ထပ်မံဖြည့်စွက်ပါသည်။

(ဂ) အပိုဒ် ၃ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် ၁ အား ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် မြန်မာစာအဖွဲ့ကို သင့်လျော်သော နိုင်ငံသားများပါဝင်သည့် အချိန်ပြည့် အဖွဲ့ဝင်များ၊ အချိန်ပိုင်းအဖွဲ့ဝင်များဖြင့် လိုအပ်သလို ဖွဲ့စည်းရမည်ဟု ပြင်ဆင်ဖြည့်စွက်ပါသည်။

(ဃ) ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန်နှင့် အရေးအသားကျစ်လစ်စေရန်အတွက် အပိုဒ် ၄ ရှိ မြန်မာစာအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရသည့်စကားရပ်အစား ဤဥပဒေ၏ဟု ပြင်ဆင်ပါသည်။

(င) မြန်မာစာအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် အပိုဒ် ၅ အပိုဒ်ခွဲ (ဂ)နှင့် အပိုဒ်ခွဲ (ဃ)တို့အား အောက်ပါအတိုင်း အသစ်ထပ်မံဖြည့်စွက်ပါသည်-

(ဂ) မြန်မာစာပေ စာစုစာရင်းအား ပြုစုခြင်းနှင့် မြန်မာ့စာပေ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သုံးသပ်ခြင်းနှင့် အကြံပြုခြင်း၊

(ဃ) တိုင်းရင်းသားစာပေများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်ပေးခြင်း။

(စ) ရှေ့နောက်ညီညွတ်မှု ရှိစေရန်နှင့် ဥပဒေရေးထုံးဖွဲ့မှုအညီဖြစ်စေရန်အတွက် အခန်း (၄) အဖြစ် ဘဏ္ဍာရေးခေါင်းစဉ်အား အသစ်ထပ်မံ ဖြည့်စွက်ပြီး အပိုဒ်၈ အဖြစ် အောက်ပါ အတိုင်း အသစ်ဖြည့်စွက်ပါသည်-

(က) မြန်မာစာအဖွဲ့သည် မိမိတို့၏ ဝင်ငွေထွက်ငွေများနှင့် စပ်လျဉ်း၍ အခြား ပြည်ထောင်စုအစိုးရဌာနများနည်းတူ ရသုံးမှန်းခြေငွေစာရင်းကို ပြည်ထောင်စု အစိုးရထံ တင်သွင်းရမည်။

(ခ) မြန်မာစာအဖွဲ့သည် မိမိတို့၏ဝင်ငွေအားလုံးကို ပြည်ထောင်စုအစိုးရငွေစာရင်းသို့ ရငွေအဖြစ် ထည့်သွင်းရမည်။

(ဂ) မြန်မာစာအဖွဲ့သည် မိမိတို့၏ အသုံးစရိတ်များကို ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပြဋ္ဌာန်းထားသည့်လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲရမည်။

(ဃ) မြန်မာစာအဖွဲ့သည် ရရှိလာသော ဝင်ငွေများ၊ နိုင်ငံတကာမှ လှူဒါန်းထောက်ပံ့ ငွေများကို ပြည်ထောင်စုဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သီးခြားရန်ပုံငွေ စာရင်းတည်ထောင်နိုင်သည်။ အဆိုပါရန်ပုံငွေစာရင်းမှ မြန်မာစာအဖွဲ့၏ လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် စီမံခန့်ခွဲရေးအဖွဲ့၏ ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် စနစ်တကျ သုံးစွဲနိုင်သည်ဟု အသစ် ဖြည့်စွက်ပါသည်။

(ဆ) မူလဥပဒေအခန်း(၄)အား အခန်း(၅) အထွေထွေဟု ပြင်ဆင်ပြီး မူလအပိုဒ် ၈ စကားရပ်အစား အပိုဒ် ၉ ပြောင်း၍ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ဖြည့်စွက် ပါသည်။

(ဇ) ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန်အတွက် မူလအပိုဒ် ၉ အား အပိုဒ် ၁၀ အဖြစ် ပြောင်း၍-

အောက်ပါ ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံ မြန်မာစာအဖွဲ့ဥပဒေ [၁၉၇၅ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၁]

(ခ) မြန်မာစာအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ [၁၉၈၁ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၅]

(ဂ) မြန်မာစာ အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ [၁၉၈၉ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၅ ]

၆။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ နှင့်အညီ စိစစ်ခဲ့ပြီး လွှတ်တော်မှ အတည်ပြုဆုံးဖြတ်နိုင်ရန် နည်းဥပဒေ ၄၅ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီက တင်သွင်းသော ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေး စဉ်းစားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၁၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၆ အရ ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၆၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍၁၃-၇-၂၀၁၂ ရက် (သောကြာနေ့) ၀၉း၃၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းသော ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပုဒ်ချင်းစီအလိုက် ဆက်လက်ဆွေးနွေး၍ အတည်ပြုရန်

## ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆွေးနွေးခဲ့တဲ့ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမှတ်စဉ် ၁၂ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဂ)သည် ဆွေးနွေးအတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ယခုကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆက်လက်ဆွေးနွေးပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြီးခဲ့တဲ့ရက်က ကျန်ရှိနေတဲ့ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ မူလပြဋ္ဌာန်းချက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန် တင်ပြချက်ဇယား ကန့်လန့်ဖြတ်ဇယားကို အသုံးပြုဆောင်ရွက်ပါမယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၃ ဖြစ်ပါတယ်။ အမှတ်စဉ် ၁၃ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန် တင်ပြချက် စည်းကမ်းဖောက်ဖျက်မှု၊ ၎င်းကိစ္စနှင့်ပတ်သက်၍ ဒေါက်တာဒေါ်အေးမြင့် ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ အဲဒီအပိုဒ်မှာ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို ဖြည့်စွက်ချက်အနေနဲ့ လက်ခံခဲ့ကြသော်လည်း နောက်ထပ်ပြီးတော့ ပညာရေးမြှင့်တင်မှုကော်မတီနဲ့ ညှိလိုက်တဲ့အခါမှာ စည်းကမ်းဖောက်ဖျက်မှုဆိုတာဟာ ရှေ့မှာလည်း ဆိုလိုချက်တွေပါပြီးသား ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒါကို ပြန်ပြီးရုပ်သိမ်းပါတယ်(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်အေးမြင့်က အဆိုပြုထားတဲ့ စည်းကမ်းဖောက်ဖျက်မှုကို ပြန်လည်ရုပ်သိမ်းကြောင်း အတည်ပြုကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၄ အခန်း(၂)။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလဥပဒေပြဋ္ဌာန်းချက်ရဲ့ အခန်း(၂)

စာမေးပွဲစစ်ဆေးမှုဆိုင်ရာ ကြီးကြပ်မှုဆိုတဲ့ အောက်မှာပါရှိတဲ့အချက်တွေနဲ့ ကိုက်ညီအောင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီအနေနဲ့ အခန်း(၂) စာစစ်အဖွဲ့ဖွဲ့စည်းခြင်းဟူ၍ ပြောင်းလဲပြင်ဆင်အဆိုပြု တင်ပြပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၅။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလဥပဒေရဲ့ အခန်း(၁) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)မှာ ပါရှိတဲ့ ပြည်ထောင်စုအစိုးရသည် စာမေးပွဲများ ကျင်းပစစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ရန်အတွက် မြန်မာနိုင်ငံစာစစ်အဖွဲ့ကို ဖွဲ့စည်းရမည်ဟု ရေးသားဖော်ပြထားပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ အထက်ဖော်ပြပါ အတည်ပြုပြီးသား အပိုဒ်တွေမှာ ပြည်ထောင်စုအစိုးရအဖွဲ့သည်ဆိုသည့် အစား ပြည်ထောင်စုအစိုးရအဖွဲ့သည် ဆိုသည့် စကားလုံးနှင့် ကိုက်ညီအောင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်စေလျက် စာစစ်အဖွဲ့ကို ဖွဲ့စည်းရမည်ဟု ပြင်ဆင်အဆိုပြု တင်ပြအပ်ပါသည်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထားသိလိုပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြင်ဆင်တဲ့စာသားလေး အနည်းငယ်တင်ပြခွင့်ပြုပါ။ ပြည်ထောင်စုအစိုးရအဖွဲ့သည်အောက်ပါပုဂ္ဂိုလ်များပါဝင်စေလျက်အစား အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် စာစစ်အဖွဲ့ကို ဖွဲ့စည်းရမည်ဆိုလျှင် ပိုပြီးသင့်တော်မယ်လို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီကလည်း ပြည်ထောင်စုဝန်ကြီးဌာန တင်ပြသွားတဲ့အတိုင်း ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် စာစစ်အဖွဲ့ကို ဖွဲ့စည်းရမည်ဟု ပြင်ဆင်ထားပါသည်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၆ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက စတင်ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မူလဥပဒေ အခန်း(၃) အပိုဒ်ခွဲ (ခ)ပါ မြန်မာနိုင်ငံစာစစ်အဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များပါဝင်စေရမည်ဟု ရေးသားဖော်ပြထားပါတယ် ခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ အတည်ပြုပြီးသား ဥပဒေများ၏ ရေးထုံးများနှင့်ညီစေရန် ပုဒ်မ ၃ အပိုဒ်ခွဲ (ခ) အား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် စာစစ်အဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတာဝန်ပေးအပ်မည့် အရာထမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်ဟု ပြင်ဆင်အဆိုပြုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးရင်ကိုယ်စား တစ်ဦးက ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် စာစစ်အဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်ဟု ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်မှ ပြင်ဆင်ချက်တင်သွင်း ထားပါတယ်။ အဲဒီပြင်ဆင်ချက်ကို ဥပဒေကြမ်းကော်မတီအနေနဲ့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် စာစစ်အဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တာဝန်ပေးအပ်မည့် အရာထမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်ဟုဆိုပြီးတော့ ပြင်ဆင်ချက်တင်ထားပါတယ်ခင်ဗျား။ ပြည်ထောင်စုဝန်ကြီးဟာ စာစစ်အဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးကို အစိုးရရဲ့ သဘောတူညီချက်နှင့်ဖွဲ့တဲ့အစား ပြည်ထောင်စုဝန်ကြီးဟာ တာဝန်ပေးအပ်မည့် အရာထမ်းကို အစိုးရအဖွဲ့ရဲ့ သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်လို့ ပြင်ဆင်ချက်ဟာ ပိုမိုသင့်လျော်ကြောင်း ပညာရေးဝန်ကြီးဌာန ပညာရေးမြှင့်တင့်မှုကော်မတီနဲ့ ညှိနှိုင်းရရှိပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဒေါက်တာစိုးရင်၏ အကြံပြုချက်အစား ဥပဒေကြမ်းကော်မတီ၏ အချက်ကို ပြင်ဆင်ပေးဖို့ ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို သဘောတူညီကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန် တင်ပြချက်အပေါ် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ထြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ ဖြစ်ပါတယ်။ အစီအစဉ် ၁၇။ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၁၇ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) မူလပြဋ္ဌာန်းချက်ကတော့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥက္ကဋ္ဌဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ကတော့ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁) နှင့်ပတ်သက်ပြီး ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူ ဥက္ကဋ္ဌဟု ပြန်လည်ပြင်ဆင်ပါတယ်။ ဒီလို ပြင်ဆင်ရတာကတော့ အပိုဒ်ခွဲ(ခ)နှင့် ညီညွတ်စေရန်အတွက် ရှေ့နောက်ညီညွတ်ရန် ဒီလိုဥပဒေရေးထုံးနှင့်အညီ ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းရဲ့ ပြင်ဆင်မှုကို လက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးရင် ကိုယ်စား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကမာရွတ်မဲဆန္ဒနယ်မှ ဆရာကြီးဒေါက်တာစိုးရင်အနေဖြင့် ဒီအပိုဒ်ကို စာစစ်အဖွဲ့ဆိုပြီးတော့ ဤအပိုဒ်ကို စာစစ်အဖွဲ့ဆိုပြီးတော့ စာစစ်အဖွဲ့ဥက္ကဋ္ဌကို တိုက်ရိုက်တာဝန်ပေးအပ်တဲ့ အကြောင်း အကြံပြုတင်ပြထားခြင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့တော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူဆိုပြီးတော့ အခြားသောပုဂ္ဂိုလ်တစ်ဦးဦးအား လိုအပ်ချက်အရ တာဝန်ပေးအပ်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစား ပြင်ဆင်ထားခြင်းဟာ ပိုမိုသင့်လျော်ပါတာ ဖြစ်တဲ့အတွက် ဒေါက်တာစိုးရင်ကိုယ်စား ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်ကို၊ ပြင်ဆင်ချက်ကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် တင်ပြချက်ကို သဘောတူညီပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ရန် တင်ပြချက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ကို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၈။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၁၈ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲငယ် (ခ) အပိုဒ်ခွဲငယ် ၁၂ ပြည်ထောင်စုအစိုးရခန့်ပုဂ္ဂိုလ်များ အဖွဲ့ဝင်ဆိုပြီးတော့ မူလပြဋ္ဌာန်းချက်မှာ ပါရှိပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့ အပိုဒ်ခွဲငယ် ၁၂ နှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်များ အဖွဲ့ဝင်ဟု ပြင်ဆင်ထားပါတယ်။ ဒီလို ပြင်ဆင်ခြင်းကတော့ ဌာနဆိုင်ရာ ဝန်ထမ်းများကိုသာ ခန့်အပ်လေ့ရှိပြီး အဖွဲ့ကိုတော့ တာဝန်ပေးသည်ဟု သုံးနှုန်းသည့်အခါ ဥပဒေရေးထုံးနှင့် ပိုမိုဆီလျော်သည့်ဟု မှတ်ယူတဲ့အတွက် ပြောင်းထားခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တဲ့အဆိုကို ထောက်ခံပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြင်ဆင်ချက်အဆို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၉ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီနဲ့ ဒေါက်တာစိုးရင် ကိုယ်စား တစ်ဆက်တည်း တင်ပြဖို့ ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမှတ်စဉ် ၁၉ အပိုဒ်ခွဲငယ် ၁၃ မှာ ဆရာကြီး ဒေါက်တာစိုးရင်က အတွင်းရေးမှူး စာစစ်အဖွဲ့ အတွင်းရေးမှူးအဖြစ် ပြင်ဆင်ချက် အဆိုတင်သွင်းထားပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့တော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူဟာ အတွင်းရေးမှူးလို့ ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သူကို အတွင်းရေးမှူးထားရှိခြင်းအားဖြင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအနေနဲ့သင့်လျော်တဲ့ပုဂ္ဂိုလ်ကို ပြောင်းလဲထားရှိနိုင်သလို၊ တာဝန်ပေးအပ်နိုင်သလို ဥပဒေရေးထုံးနှင့်ညီညွတ်စေရန်လည်းကောင်း၊ အထက်အပိုဒ် အမှတ်စဉ် ၁၇ အထက်အပိုဒ် (က) (၁) နှင့် ညီညွတ်စေရန်လည်းကောင်း ပြင်ဆင်ထားတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် တင်ပြချက်ကို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၂၀ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၂၀ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ (ဂ) မူလပြဋ္ဌာန်းချက်မှာ မြန်မာနိုင်ငံစာစစ်အဖွဲ့လို့ ဖော်ပြထားပါတယ်။ ဥပဒေကြမ်းကော်မတီက စာစစ်အဖွဲ့ဟု ပြင်ဆင်ခဲ့ပါတယ်။ ဒီလိုဖြည့်ဆင်ရခြင်း ကတော့ အမှတ်စဉ် ၆ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)မှာ စာစစ်အဖွဲ့လို့ လွှတ်တော်က အတည်ပြုပြီးဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ စာစစ်အဖွဲ့တွင် ရာထူးအရမဟုတ်သည့်အဖွဲ့ဝင်များ၏ သက်တမ်းမှာ ၃ နှစ် ဖြစ်သည်ဆိုခြင်းကိုသာ အတည်ပြု သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြင်ဆင်ချက်ကို သဘောတူညီပါ ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၁ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၂၁ အခန်း(၂) အပိုဒ် ၄ မူလပြဋ္ဌာန်းချက်မှာ မြန်မာနိုင်ငံစာစစ်အဖွဲ့လို့ဖော်ပြထားပါတယ်။ ဥပဒေကြမ်း ကော်မတီက စာစစ်အဖွဲ့လို့ အရေးအသားကို ကျစ်လစ်ရန်နှင့် အမှတ်စဉ် ၆ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)မှာ စာစစ်အဖွဲ့လို့ လွှတ်တော်က အတည်ပြုပြီး ဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်ပါကြောင်းနှင့် အပိုဒ် ၄ အပိုဒ်ခွဲ (က)မှာလည်းပဲ မူလပြဋ္ဌာန်းချက်မှာ ပြည်ထောင်စုအစိုးရကလို့ ဖော်ပြထားပါတယ်။ ဥပဒေကြမ်း ကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြင်ဆင်ခြင်းဖြစ်တဲ့

အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကို အတည်ပြုသင့်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ပြင်ဆင်ချက်ကို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပြင်ဆင်ချက်ကို ပြန်လည်ဖတ်ကြားပေးပါမယ်။ မူလပြဋ္ဌာန်းချက်ကို ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ဇယားတိုင်မှာ ဖော်ပြထားတာကတော့ စာစစ်အဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။ (က) ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများ ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စာမေးပွဲလုပ်ငန်းများကို စီမံခန့်ခွဲရမည်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်(ထြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၂ ဖြစ်ပါတယ်။ ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ် ကိုယ်စားဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ (ခ)မှာ ဆရာကြီးဒေါက်တာစိုးရင်၊ ကမာရွတ် မဲဆန္ဒနယ်မှ အသစ်ထပ်မံဖြည့်စွက်ထားပါတယ်။ စာမေးပွဲအသီးသီးအတွက် စာမေးပွဲမေးခွန်းပြုစု ခြင်း၊ မေးခွန်းရိုက်နှိပ်ခြင်း၊မေးခွန်းဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာဘာသာရပ်ပညာရှင်များပါဝင်သော အဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်ရမည်လို့ ဒါအသစ်ပြဋ္ဌာန်းဖို့ တင်ပြထားပြီးဖြစ်ပါတယ်။ တင်ပြထားချက်အပေါ်မှာ ပညာရေးဝန်ကြီးဌာန ပညာရေးမြှင့်တင်မှုကော်မတီနဲ့ ဥပဒေကြမ်းကော်မတီတို့ ညှိနှိုင်းဆွေးနွေးတဲ့အချိန်မှာ လက်ရှိအနေအထားအရ စာမေးပွဲမေးခွန်းပြုစုခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ မေးခွန်းဖြန့်ဝေခြင်းတို့ဟာ လျှို့ဝှက်လုပ်ငန်းများဖြစ်ပါတယ်။ သက်ဆိုင်ရာဘာသာရပ် ပညာရှင်များပါဝင်သောအဖွဲ့များကို တရားဝင်ဖွဲ့စည်းပြီး ဆောင်ရွက်မည်ဆိုပါက တကယ်လုပ်ငန်းဆောင်ရွက်ရာမှာ ပြဿနာများစွာ၊ အခက်အခဲများစွာ ပေါ်ထွက်နိုင်ကြောင်း သိရတဲ့အတွက် ဤဖြည့်စွက်ချက်ဟာ မလိုအပ်တော့ကြောင်း သုံးသပ်ရရှိပါတယ်။ သို့ဖြစ်ပါ၍ ဆရာကြီးဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်၏ အသစ်ထပ်မံဖြည့်စွက်ခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်း ဒေါက်တာစိုးရင်ကိုယ်စား တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဖြည့်စွက်ရန် မလိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်တင်သွင်းခဲ့တဲ့ ပြင်ဆင်အဆိုပြုချက်အား ပြန်လည်ရုပ်သိမ်းကြောင်း အတည်ပြုကြေညာပါတယ်(ထြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၅ အမှတ်စဉ် ၂၃ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဆွေးနွေးပေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြင်ဆင်ချက်ဇယား စာမျက်နှာ ၅ အမှတ် ၂၃ အခန်း(၂)အပိုဒ် ၄ အပိုဒ်ခွဲ (င)အပိုဒ်ခွဲငယ် (၃)နှင့်စပ်လျဉ်းပြီး မူလပြဋ္ဌာန်းချက်မှာ ရငွေ၊ သုံးငွေ များကို ပြည်ထောင်စုအစိုးရက သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ပေးသွင်းသုံးစွဲရေးစာရင်းများ ထားရှိရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ မူလပြဋ္ဌာန်းချက်ရဲ့ ပြည်ထောင်စုအစိုးရရဲ့နောက်မှာ အဖွဲ့လို့ စာသားဖြည့်စွက်ထားပါတယ်။ ဖြည့်စွက်ရတဲ့ အကြောင်းရင်းကတော့ ပြည်သူ့လွှတ်တော်မှာ အတည်ပြုပြီးတော့ အထက်ကအပိုဒ် ၁ အပိုဒ်ခွဲ(ခ) ၃(က) နဲ့ညီညွတ်မှုရှိစေရန် ဖြည့်စွက်ထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက် အပိုဒ်ခွဲငယ် ၃ ရငွေ၊ သုံးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း ပေးသွင်းသုံးစွဲ၍ စာရင်းများထားရှိရမယ်လို့ ပြင်ဆင်ချက်ကို အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ပြင်ဆင်ချက်ကို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရက သဘောတူတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်(ထြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၄ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီနဲ့ ဒေါ်တာဒေါ်အေးမြင့်တို့ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြင့်သန်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂၄ အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(စ) အပိုဒ်ခွဲငယ် ၂ မသမာမှုပြုနေသည်ကို လစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့် မသမာမှုကို အားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်ဟု ဥပဒေကြမ်း ကော်မတီမှ ပြင်ဆင်ချက်အဆို ပြင်ဆင်ထားပါတယ်။ ထို ပြင်ဆင်ချက်ကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့ ရွှေတောင်မဲဆန္ဒနယ်မှ ဆရာမကြီး ဒေါက်တာဒေါ်အေးမြင့်က မသမာမှုမပြုဖြစ်အောင် စာမေးပွဲကြီးကြပ်ရေးမှူးက ပါးနပ်ကျွမ်းကျင်စွာ တားဆီးကာကွယ်နိုင်ရမည်။ မသမာမှုပြုနေသည်ကို လစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့် မသမာမှုကို အားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူ အားအရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်ဟု ပြင်ဆင်ချက်အဆို တင်သွင်းထားပါတယ်။ ဆရာမကြီး ဒေါက်တာ ဒေါ်အေးမြင့်ရဲ့တင်ပြချက်၊ ပြင်ဆင်ချက်ဟာ လက်တွေ့ကျပြီး လက်တွေ့ဖြစ်ပျက်နေတဲ့ အခြေအနေ များအပေါ်မှာ တင်ပြထားချက်များဖြစ်ကြပါတယ်။ သို့ရာတွင် ဥပဒေရေးရာ ရေးထုံးနှင့်ကိုက်ညီစေရန် အတွက် အကြောင်းအရာ အဓိပ္ပာယ်ချင်းအတူတူဖြစ်သည့် မသမာမှုပြုနေသည်ကို လစ်လျူရှုသည် သို့မဟုတ် တစ်နည်းနည်းဖြင့် မသမာမှုကို အားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်ဟူသော ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အား သဘောတူပါကြောင်း ဒေါက်တာဒေါ်အေးမြင့်နှင့် ကျွန်တော်တို့ ပညာရေးမြှင့်တင်မှုကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရရှိကြောင်းလေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်အပိုင်းကိုပဲ သက်ဆိုင်သူက တာဝန်ယူပြီးတော့ ဒေါက်တာဒေါ်အေးမြင့်က သီးခြားထပ်မံတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း အမှတ်စဉ် ၂၄ အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ (စ) အပိုဒ်ခွဲငယ် ၂ သည် စာမေးပွဲခန်းအတွင်းမှာ ဆရာဆရာမက မသမာမှုပြုတဲ့အခါမှာ အရေးယူဆောင်ရွက်တဲ့အခါမှာ ဒါကြောင့်မူလပြဋ္ဌာန်းချက်မှာ ကျွန်မက မသာမမှုမပြုဖြစ်အောင် စာမေးပွဲကြီးကြပ်ရေးမှူးက ပါးနပ် ကျွမ်းကျင်စွာတားဆီးကာကွယ်နိုင်ရမည်ဟု ပြင်ဆင်ဖြည့်စွက်ချက်ထည့်ထားပါတယ်။ ဒါဟာ ကျွန်မရဲ့ လုပ်သက်တစ်လျှောက်မှာ ကျွန်မကျင့်သုံးခဲ့တဲ့ ဒီလိုလည်း ကျင့်သုံးအောင်မြင့်ခဲ့တဲ့ အချက်ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဘယ်သူ့ကိုမှ နစ်နာဆုံးရှုံးခြင်းမရှိစေရဘဲနဲ့ အေးအေးဆေးဆေးနဲ့ ပြဿနာ ပြီးပြတ်အောင်ဆိုပြီး ကျွန်မ ဖြည့်စွက်ထားတာပါ။ သို့သော်လည်း ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်

တင်ပြချက်က ခေတ်စနစ်နဲ့အညီ တိကျပြတ်သားမှုကို ရှေးရှုထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်မရဲ့ ပြင်ဆင်ဖြည့်စွက်တင်ပြချက်ကို ရုပ်သိမ်းပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန် တင်ပြချက်အပေါ် သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်တင်ပြချက်ဖြစ်သော မသမာမှု ပြုနေသည်ကို လစ်လျူရှုသည့် သို့မဟုတ် တစ်နည်းနည်းဖြင့် မသမာမှုကို အားပေးကူညီသည့် စာမေးပွဲကြီးကြပ်သူအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်ဆိုသော ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် (၂၅) ဥပဒေကြမ်းကော်မတီက ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ချက် ဇယား စာမျက်နှာ ၅ အမှတ်စဉ် ၂၅ အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ (စ) အပိုဒ်ခွဲငယ် ၃ မှာ မူလ ပြဋ္ဌာန်းချက်မှ စာကြောင်းရေ ၉ မှာ ထိုက်သင့်သလိုဆိုတဲ့ စာသားကိုပယ်ဖျက်ပါတယ်ခင်ဗျား။ ပယ်ဖျက်ရတဲ့အကြောင်းအရင်းကတော့ ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန်နှင့် တိကျသော အရေး အသားကိုသာ ဖော်ပြရမှာဖြစ်တဲ့အတွက် အပေါ်က အတည်ပြုပြီးသော အပိုဒ်၂၄ မှာ ထိုက်သင့်သလို ပယ်ဖျက်ခဲ့တဲ့ဟာကိုလည်း အတည်ပြုပြီးဖြစ်တဲ့အတွက် ရှေ့နောက်ညီညွတ်မှုရှိစေရန် ပြင်ဆင်ချက် ကတော့ အပိုဒ်ခွဲငယ် ၃ အဖြေလွှာများစစ်ဆေးရာတွင် အမှတ်ပေးစည်းမျဉ်းနှင့် မကိုက်ညီဘဲ အမှတ် များပိုပေးထားခြင်း သို့မဟုတ် လျော့နည်းပေးထားခြင်း အဖြေလွှာတွင် ထပ်မံဖြည့်စွက်ပေးခြင်း စသော မသမာမှုပြုသည် သို့မဟုတ် ယင်းမသမာမှုပြုသည်ကို အားပေးကူညီမှု သို့မဟုတ် ယင်း မသမာမှုပြုသည်ကို တွေ့ရှိသော်လည်း လစ်လျူရှုသည့် အဖြေလွှာစစ်ဆေးရန် ကြီးကြပ်သူ သို့မဟုတ် စစ်ဆေးသူအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်လို့ ပြင်ဆင်ချက်ကို အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ ပြင်ဆင်ချက်ကို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်အဆိုပြုတဲ့ အဖြေလွှာများ စစ်ဆေးရာတွင် အမှတ်ပေးစည်းမျဉ်းနှင့် မကိုက်ညီဘဲ အမှတ်များပိုပေးထားခြင်း သို့မဟုတ် လျော့နည်းပေးထားခြင်း၊ အဖြေလွှာတွင် ထပ်မံဖြည့်စွက်ပေးခြင်းစသော မသမာမှုပြုသည့် သို့မဟုတ် ယင်းမသမာမှုပြုသည်ကို အားပေးကူညီသည့် သို့မဟုတ် ယင်းမသမာမှုများ ပြုလုပ်သည်ကို တွေ့ရှိသော်လည်း လစ်လျူရှုသည့် အဖြေလွှာစစ်ဆေးရန် ကြီးကြပ်သူ သို့မဟုတ် စစ်ဆေးသူအား အရေးယူရန် သက်ဆိုင်ရာဌာနသို့ အကြောင်းကြားရမည်သည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ထြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆ အမှတ်စဉ် (၂၆) ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက ဆွေးနွေး ပေးဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ချက် ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၂၆ အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ (စ) အပိုဒ်ခွဲငယ် ၄ မှာ မူလပြဋ္ဌာန်း ချက် စာကြောင်းရေ ၄ မှာ ထိုက်သင့်သလိုဆိုတဲ့ စာကားရပ်ကို ပယ်ဖျက်ပြီးတော့မှ ပြင်ဆင်တင်ပြချက် အပြည့်အစုံကတော့ အပိုဒ်ခွဲငယ် ၄ စာမေးပွဲလုပ်ငန်းများဆောင်ရွက်ရာတွင် တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ထမ်းများ၏ တာဝန်ပေါ့လျော့မှု သို့မဟုတ် မမှန်မကန်လုပ်ဆောင်မှု များ တွေ့ရှိပါက အရေးယူရမည်ဟု ပြင်ဆင်တင်ပြချက်ကို အတည်ပြုပေးပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ထြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၇ ဥပဒေကြမ်းကော်မတီက ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ချက် ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၂၇ အခန်း (၃) အပိုဒ် ၅ ဟာ မူလပြဋ္ဌာန်းချက်ကတော့ အခန်း(၃) အထွေထွေ တစ်ပိုဒ်တည်းပါရှိပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ ပြင်ဆင်ချက် ကတော့ အပိုဒ်ခွဲ ၂ ခုကိုခွဲထုတ်လိုက်ပါတယ်။ ခွဲထုတ်လိုက်တဲ့အကြောင်းအရင်းကတော့

ယခင်ပြဋ္ဌာန်း ပြီးဥပဒေများနှင့် ညီညွတ်မှုရှိစေရန်နဲ့ ဥပဒေရေးထုံးနှင့်အညီဖြစ်စေရန်အတွက် ပြင်ဆင်တင်ပြခြင်း ဖြစ်ပါတယ်။ အပြည့်အစုံမှာ အခန်း(၁) အထွေထွေ ၏ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် အပိုဒ်ခွဲ(က) ပညာရေးဝန်ကြီးဌာန လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။ အပိုဒ်ခွဲ(ခ) စာစစ်အဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်လို့ ပြင်ဆင်ချက်အားအတည်ပြု ပေးပါရန် တင်ပြအပ်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန သဘောထားကို ပြောပါ။

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ ပြင်ဆင်ရန်တင်ပြချက်အပေါ် သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ဖြစ်သော အခန်း(၁) အထွေထွေ ၏ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် အပိုဒ်ခွဲ(က) ပညာရေးဝန်ကြီးဌာန သည် လိုအပ်သောနည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းဥပဒေများကို ထုတ်ပြန်နိုင်သည်။ အပိုဒ်ခွဲ(ခ) စာစစ်အဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်သည် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီကတင်သွင်းသော ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပညာရေး မြှင့်တင်မှုကော်မတီက တင်သွင်းသော ၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးပဉ္စမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ကိုရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ ပဉ္စမနေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်(အင်္ဂါနေ့၀၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ကို ၁၅း၅၀ နာရီ တွင် ရပ်နားပါသည်။]